# မြန်မာ့အလင်း

MYANMA ALINN SUNDAY ISSUE

■ အတွဲ [၅၅]

အမှတ် [၁၅၁]

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

[28-2-2016]


**ထစ်ချုန်းမိုး**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဝီရိယဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒဝတော ကိ နာမ ကမ္မံ န သိဇ္ဈတိ။

# ရာဇဂြိုဟ်ရေလှောင်တမံ ဖွင့်လှစ်မှုကြောင့် ကလေးမြို့အပါအဝင် ဆက်စပ်ဒေသအတွင်း အကျိုးကျေးဇူးများ ဖြစ်ထွန်းရရှိစေနိုင်မည်




## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အထိမ်းအမှတ် ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၇**

"တောင်သူလယ်သမားနေ့" ကို ဂုဏ်ပြုကြိုဆိုသည့် အထိမ်းအမှတ် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❐

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရာဇဂြိုဟ်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)



ရာဇဂြိုဟ်ရေလှောင်တမံကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)




# (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒွိတာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### လက်မှုမှသည် အနုပညာဆီသို့

မြန်မာ့သမိုင်းတစ်လျှောက် ဒေသအသီးသီးရှိ တိုင်းရင်းသားလူမျိုးတို့သည် မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ လူတို့၏အသုံးအဆောင်ပစ္စည်း တစ်နည်းအားဖြင့် လက်မှုပစ္စည်းများကို တီထွင်ထုတ်လုပ်သုံးစွဲခဲ့ကြပေသည်။ သို့သော်လည်း ခေတ်ကာလရွေ့လျားပြောင်းလဲလာခြင်း၊ ပြည်ပစက်မှုထုတ်ကုန်ပစ္စည်းများ၏ လွှမ်းမိုးခံရခြင်း၊ သုံးစွဲမှုနည်းပါးလာခြင်းတို့ကြောင့် မြန်မာ့လက်မှုပစ္စည်းများသည် တိမ်ကောကွယ်ပျောက်ခြင်း၊ တိမ်ကောကွယ်ပျောက်တော့မည့်အခြေအနေနှင့် ရင်ဆိုင်နေရခြင်းတို့ ဖြစ်ပေါ်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် လက်မှုပစ္စည်းထုတ်လုပ်ရာ ဒေသအများအပြားရှိနေဆဲဖြစ်သည်။ ကမ္ဘာကျော်အင်းလေးဒေသတစ်ခုတည်း၌ပင် အိုးလုပ်ငန်း၊ ရိုးရာရက်ကန်းလုပ်ငန်း၊ ယွန်းထည်လုပ်ငန်း၊ ငွေထည်လုပ်ငန်း၊ ဝါးထည်လုပ်ငန်းများရှိသည်။ မြစ်ကြီးနားတွင် ဂျိမ်းဖော၊ စိုင်ဝါး၊ လချိတ်၊ ရဝမ်နှင့် လော်ဖော်တိုင်းရင်းသားတို့၏ ရိုးရာရက်ကန်းလုပ်ငန်းများရှိသည်။ မန္တလေးတွင် ရွှေချည်ထိုးလုပ်ငန်း၊ ပန်းပုလုပ်ငန်း၊ ကျောက်ဆစ်လုပ်ငန်း၊ ရုပ်သေးရုပ်လုပ်ငန်းများ ရှိသည်။ မွန်ပြည်နယ် ဘီလူးကျွန်းရွာလွတ်ရွာတွင် ဆေးတံလုပ်ငန်း၊ မုဒ္ဒုန်းရွာတွင် ကျောက်သင်ပုန်းလုပ်ငန်းတို့သည် လက်မှုပစ္စည်းထုတ်လုပ်ရာ ဒေသများအဖြစ် ထင်ရှားလှပေသည်။

ထို့အတူ ချင်းပြည်နယ်တွင်လည်း ဇိုသုန်ရိုးရာချင်းအမျိုးသမီးငယ်လေးများ၏ ရက်ကန်းလုပ်ငန်းများရှိသည်။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဒေသသည် အိုးလုပ်ငန်းထွန်းကားရာဒေသတစ်ခုဖြစ်သည်။ ဤသို့ မြန်မာနိုင်ငံတစ်ဝန်း ကာလဒေသအလျောက် လက်မှုပစ္စည်းအမျိုးမျိုးထွန်းကားခဲ့သည်။ သို့သော်လည်း ယနေ့အချိန်အခါတွင် သုံးစွဲမှုနည်းပါးလာခြင်းတို့ကြောင့် အချို့ကွယ်ပျောက်ခဲ့ပြီဖြစ်သည်။ အချို့မှာ ကွယ်ပျောက်တော့မည့်အနေအထားဖြစ်သည်။ ယနေ့ခေတ်သည် ကွန်ပျူတာ၊ အီလက်ထရွန်နစ်ခေတ်သို့ ရောက်လာသည့်အချိန်တွင် ဘုန်းတော်ကြီးပညာရေးခေတ်နှင့်အတူ ပေါ်ပေါက်ခဲ့သောကျောက်သင်ပုန်းကို မသုံးကြတော့ပေ။ တစ်ချိန်က အသုံးပြုများခဲ့သော ရွာလွတ်ဆေးတံကိုလည်း အသုံးမပြုကြတော့ပေ။ ရုပ်သေးပွဲများ တိမ်ကောခဲ့ပြီဖြစ်သည့်အတွက် ရုပ်သေးရုပ်လုပ်ငန်းမှာလည်း ကွယ်ပျောက်တော့မည့်အနေအထားဖြစ်သည်။ ပိုမိုကောင်းမွန်သော အဝတ်အထည်များ ပြည်ပမှဝင်ရောက်လာမှုကြောင့် ရိုးရာရက်ကန်းထည် ဝတ်ဆင်မှုမှာလည်း နည်းပါးခဲ့ပြီဖြစ်သည်။ ယွန်းထည်အသုံးပြုမှုမှာလည်း နည်းလာပြီဖြစ်သည်။

သို့အတွက် ရိုးရာလက်မှုပစ္စည်းများကို လူသုံးကုန်ပစ္စည်းအဖြစ်မှ အနုပညာပစ္စည်းအဖြစ်သို့ ပြောင်းလဲထုတ်လုပ်သွားရန် လိုအပ်လာပြီဖြစ်သည်။ ယခုကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများ တိုးပွားလာချိန် လက်မှုနည်းပညာပစ္စည်းများ အနုပညာလက်ရာမြောက်စွာထုတ်လုပ်၍ ဈေးကွက်များရရှိလာစေရေး နိုင်ငံတော်အပိုင်း၊ ပုဂ္ဂလိကအပိုင်း ဝိုင်းဝန်းပူးပေါင်းပံ့ပိုးပေးနိုင်မှသာ ကွယ်ပျောက်တော့မည့် လက်မှုအနုပညာပစ္စည်းများကို ထိန်းသိမ်းရာ ရောက်ပေလိမ့်မည် ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## တပ်မတော်နေ့ ဂုဏ်ပြု စုပေါင်းသွေးလှူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၏ စုပေါင်းသွေးလှူဒါန်းမှုကို ဖေဖော်ဝါရီ ၂၆ ရက်က နေပြည်တော်ခုတင် (၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ပင်လယ်သွားတပ်မတော်ဆေးရုံသင်္ဘော(သံလွင်)မှ ကိုကိုးကျွန်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ပင်လယ်သွားတပ်မတော်ဆေးရုံသင်္ဘော(သံလွင်)သည် ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ ကိုကိုးကျွန်းရှိ ဒေသခံပြည်သူများ၊ တပ်မတော်သားမိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းဆေးရုံသင်္ဘောမှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ကိုကိုးကျွန်းမြို့နယ်ပြည်သူ့ဆေးရုံတွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။**



ထိုသို့ ဆောင်ရွက်မှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(ဓာတ်ပုံ)**

တပ်မတော်ဆေးရုံ သင်္ဘော(သံလွင်)သည် ယနေ့အထိ ကိုကိုးကျွန်းရှိ ဒေသခံပြည်သူ စုစုပေါင်း ၃၆၆ ဦးကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအပြင် ဆေးရုံသင်္ဘော(သံလွင်)ပေါ်တွင်လည်း ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော ဒေသခံပြည်သူများကို ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## မြေသြဇာ စနစ်တကျသုံးစွဲရေး အသိပညာပေး

**ကျောက်ထု ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ဒေသကြီးကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဖေဖော်ဝါရီ ၂၆ ရက်က စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲကျင်းပရာ တောင်သူ ၂၈၄ ဦး တက်ရောက်ကြသည်။

အဆိုပါဟောပြောပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံပင်များအတွက် လိုအပ်သောအာဟာရဓာတ်များနှင့် မြေသြဇာစနစ်တကျသုံးစွဲနည်းတို့ကို ရှင်းလင်းဟောပြောဆွေးနွေးကြကြောင်း သိရသည်။

**(၁၀၁)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၇-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၉.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၀.၁၀ |
| ထိုင်း | တစ်ဘတ် | ၃၄.၅၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၁၅ |
| တရုတ် | တစ်ယွမ် | ၁၈၉.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၈၆ |

ခင်ရတနာ-စုစည်းသည်။

# ဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို မြှင့်တင်နိုင်ရန် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းဖွင့်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ အဆိုပါသင်တန်းကျောင်း ရှေ့မျက်နှာစာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ ပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ သင်တန်းကျောင်းအုပ် ဒေါက်တာဝေဝေလွင်၊ ချင်းတိုင်းရင်းသူလေးတစ်ဦးနှင့် မြန်မာတိုင်းရင်းသူလေး တစ်ဦးတို့က သင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းဖွင့်ပွဲ ဒုတိယပိုင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က သူနာပြုနှင့် သားဖွားသင်တန်းကျောင်း တည်ဆောက်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၁၁ ခုနှစ်မှ စတင်ပြီး ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်(၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ပြည်သူလူထု ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးအတွက် ကုသရေး၊ ကာကွယ်ရေးအမြင်၊ ကျန်းမာရေးအသိပညာပေးရေးကိုပါ ပူးတွဲဆောင်ရွက်ရန်လိုအပ်မှု၊ ကလေးဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သောလမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ လျှပ်စစ်ကဏ္ဍများ ပြည့်စုံအောင်ဆောင်ရွက်ပေးပြီးဖြစ်၍ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူအားလုံး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းကျောင်းအုပ် ဒေါက်တာဝေဝေလွင်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့ထံ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ပြီး မြို့မိမြို့ဖ ဦးပုမ်းဇကမ်းက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသည် ဒေသ၏ သူနာပြုနှင့်သားဖွားများ လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန်၊ ဒေသ၏ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို မြှင့်တင်နိုင်ရန်နှင့် ဒေသခံများ ပညာဆည်းပူးနိုင်မည့် အခွင့်အလမ်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၉၈၄ ဒသမ ၃၃၀ အကုန်အကျခံကာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းများ ပထမအကြိမ် ဘွဲ့လွန်ဒီပလိုမာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာန (Graduate School of Administration and Development-GSAD) တွင် ပြည်သူ့ရေးရာ မူဝါဒနှင့် အုပ်ချုပ်မှု ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Public Policy and Administration - PG Dip PPA)၊ ဖွံ့ဖြိုးမှုစီမံကိန်း ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Development Planning -PG Dip Dev Pln) နှင့် ဖွံ့ဖြိုးမှုလက်တွေ့ ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Development Practice - PG Dip Dev Pract) သင်တန်းများ၏ ပထမအကြိမ် ဘွဲ့လွန်ဒီပလိုမာပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရာဇသင်္ဂဟလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အဆောင်(A)၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ အမြဲတမ်းအတွင်းဝန်များ၊ နိုင်ငံခြားအဖွဲ့အစည်းများဖြစ်သည့် UNDP , USAID, Asia Foundation, JICA, KOICA တို့မှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ပို့ချသူ ဆရာ ဆရာမများ၊ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာနမှ တာဝန်ရှိသူများ၊ ဘွဲ့လွန်ဒီပလိုမာရရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန (Graduate School of Administration and Development -GSAD) ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့ကြောင်း။

ဘွဲ့လွန်ဒီပလိုမာသင်တန်းများတွင် ပို့ချသည့် ဘာသာရပ်များသည် နိုင်ငံတကာတက္ကသိုလ်များ၏ သင်ရိုးများအတိုင်း ရွေးချယ်ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ပြည်တွင်း/ပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် IMF, World Bank, EU, JICA, UNDP, KOICA, USAID, Australia တို့မှ ပညာရှင်များ၊ MDRI မှ အကြီးတန်းသုတေသီများ၊ စီးပွားရေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၏ ပို့ချမှုများ၊ အတွေ့အကြုံဖလှယ်မှုများ၊ ဆွေးနွေးမှုများဖြင့် ဗဟုသုတများကို သင်ရိုးညွှန်းတမ်းများနှင့် ကိုက်ညီအောင် ဖြည့်ဆည်းထောက်ပံ့ပေးခဲ့ကြောင်း။

ယခုနှစ်တွင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာနှင့် စီးပွားရေး၊ သံတမန်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများအရ ပူးပေါင်းဆက်ဆံဆောင်ရွက်ရာတွင် အပြန်အလှန် နားလည်မှုရရှိရေးအတွက် ဥပဒေများ၊ နိုင်ငံတကာ ဆက်ဆံရေးများ၊ သံတမန်ရေးရာ ဆက်သွယ်မှုများကို သိရှိရန် Post Graduate Diploma in International Economic Relations and Development နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအချက်ဖြစ်သည့် စာရင်းအင်း ကိန်းဂဏန်းများ မှန်ကန်ရေး Reliable & Quality of Statistics ရရှိရေးသည် အရေးပါသဖြင့် နိုင်ငံ့ဝန်ထမ်းများ ကျွမ်းကျင်စွာ သိရှိနားလည်နိုင်ရန် Post Graduate Diploma in Statistics တို့ကိုလည်း ဖွင့်လှစ်နိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ရာ ပိုမိုရွေးချယ်ခွင့်ရရှိကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာနမှ ပထမအကြိမ် ဖွင့်လှစ်သင်ကြားခဲ့သော ပြည်သူ့ရေးရာမူဝါဒနှင့် အုပ်ချုပ်မှုပညာ ဘွဲ့လွန်ဒီပလိုမာ အောင်မြင်သူ ၅၇ ဦး၊ ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲခြင်းပညာ ဘွဲ့လွန်ဒီပလိုမာ အောင်မြင်သူ ၂၇ ဦးနှင့် ဖွံ့ဖြိုးမှုလက်တွေ့ပညာ ဘွဲ့လွန်ဒီပလိုမာ အောင်မြင်သူ ၂၄ ဦး၊ စုစုပေါင်း ၁၀၈ ဦးကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ကြည်က ဘွဲ့လွန်ဒီပလိုမာ အောင်လက်မှတ်များကို သင်တန်းသားတစ်ဦးချင်းသို့ အပ်နှင်းခဲ့သည်။

အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာနမှ မတ် ၁၅ ရက်တွင် Post Graduate Diploma in Public Policy and Administration, Post Graduate Diploma in Development Planning & Practice, Post Graduate Diploma in International Economic Relations and Development နှင့် Post Graduate Diploma in Statistics သင်တန်းများကို ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ပျက်ကျလေယာဉ်ကဲ့စ်သာမန်ဒပ်လေကြောင်းလိုင်းမှ 9N-AJB လေယာဉ်ကို နီပေါအနောက်ဘက် ကလိုင်ကော့တ်ဒေသ၌ ဖေဖော်ဝါရီ ၂၆ ရက်က တွေ့ရစဉ်။

# နီပေါတွင်လေယာဉ်ပျက်ကျ၊ လေယာဉ်မှူးနှစ်ဦးသေဆုံး

**ကလိုင်ကော့တ်(နီပေါ) ဖေဖော်ဝါရီ ၂၇**

နိပါဝန်မှ ဂျစ်လာသို့ဦးတည်သွားသော ကဲ့စ်သာမန်ဒပ်လေကြောင်းလိုင်းမှ 9N-AJB လေယာဉ်သည် သောကြာနေ့က နီပေါအနောက်ဘက် ကလိုင်ကော့တ် ဒေသ၌ပျက်ကျခဲ့ရာ လေယာဉ်မှူးများသေဆုံးခဲ့ပြီး လေယာဉ်ပေါ်ပါခရီးသည် ကိုးဦးစလုံး ဒဏ်ရာရခဲ့ကြကြောင်း ခိုင်မာသောသတင်းရင်းမြစ်များကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။

လေယာဉ်မှူး နဲယူပိန်းကလေယာဉ်မပျက်ကျခင် ခရီးသည်များကို သိသိသာသာ သတိပေးမှုများပြုလုပ်ခဲ့သည်ဟု လေယာဉ်ပေါ်တွင်လိုက်ပါစီးနင်းလာသော ဒဏ်ရာရ ခရီးသည်များက ဆိုသည်။ လေယာဉ်တစ်ခုခု ချွတ်ယွင်းနေပုံရှိကြောင်း၊ သို့ရာတွင် အထိတ်တလန့်ဖြစ်စရာမလိုကြောင်း၊ အန္တရာယ်ကင်းသော နေရာတွင်ဆင်းသက်မည်ဖြစ်ကြောင်း၊ အကယ်၍ မိမိတို့၏အသက်ကို စွန့်လွှတ်ခဲ့လျှင်တောင်မှ ခရီးသည်များကို မည်သည့်ထိခိုက်မှုမျှမရှိစေလိုကြောင်း လေယာဉ်ပေါ်ပါဒဏ်ရာရ ခရီးသည်များ၏ ပြောကြားချက်ကို ကိုးကား၍ လက်ထောက်ကျန်းမာရေးလုပ်သား ဂျန်ကာဘဟာဒါရာဝယ်က ပြောခဲ့သည်။

သတိပေးချက်ထုတ်ပြန်ပြီး မိနစ်အနည်းငယ်ကြာပြီးနောက် လေယာဉ်ပျက်ကျခဲ့သည်။ လေယာဉ်မှူး နဲယူပိန်းလည်း လေယာဉ်ပျက်ကျမှုတွင် သေဆုံးခဲ့သည်။ ၄င်းသေဆုံးပြီး တစ်နာရီအကြာတွင် အကူလေယာဉ်မှူးဖြစ်သူ ဆန်တို့စ် ရာနာလည်း သေဆုံးခဲ့သည်။

ယခုလေယာဉ်မတော်တဆဖြစ်ပွားမှုသည် ယခုအပတ်တွင် ဒုတိယအဆိုးရွားဆုံး လေယာဉ်ပျက်ကျမှုဖြစ်သည်။

(ဆင်ဟွာ)

# ဘီလျံနာအများဆုံးနိုင်ငံ တရုတ်နိုင်ငံဖြစ်လာ

**ပေကျင်း ဖေဖော်ဝါရီ ၂၇**

တရုတ်နိုင်ငံတွင် ဘီလျံနာသန်းကြွယ်သူဌေးအရေအတွက် ၅၆၈ ဦး ရှိလာပြီဖြစ်၍ ကမ္ဘာပေါ်တွင် ဘီလျံနာအများဆုံးရှိသည့် အမေရိကန်နိုင်ငံ၏ သန်းကြွယ်သူဌေး ၅၃၅ ဦးထက် ကျော်လွန်သွားပြီဖြစ်ကြောင်း တရုတ်ဟူရန်းမဂ္ဂဇင်းက ရေးသားထားသည်။

အဆိုပါ ဟူရန်းမဂ္ဂဇင်းသည် လစဉ်ထုတ်စာစောင်ဖြစ်ပြီး တရုတ်နိုင်ငံ၏ ချမ်းသာသူများစာရင်းနှင့်အတူ လူပုဂ္ဂိုလ်တစ်ဦးချင်း ချမ်းသာကြွယ်ဝမှုကို ဖော်ပြလျက်ရှိသည်။

တရုတ်နိုင်ငံ၏ ဘီလျံနာအရေအတွက်သည် ဩဂုတ်လအတွင်းက အမေရိကန်အရေအတွက်ကို ကျော်ဖြတ်ခဲ့ကြောင်း၊ ပြီးခဲ့သောနှစ်က ၉၀ ကျော်တိုးတက်ခဲ့ကြောင်း ၄င်းမဂ္ဂဇင်းက ဖော်ပြသည်။

ဒါလီယံဝမ်ဒါအုပ်စု ဥက္ကဋ္ဌ ဝမ်ကျန်လင်းသည် အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံဖြင့် တရုတ်နိုင်ငံတွင် အချမ်းသာဆုံးအမျိုးသားဖြစ်လာသည်။ တရုတ်နိုင်ငံ၏ ချမ်းသာမှုအများဆုံး သူဌေးများသည် အိမ်ရာလုပ်ငန်းရှင်များဖြစ်ပြီး ဘီလျံနာ ၁၁၇ ဦးရှိသည်။ ထုတ်လုပ်မှုမှာ ဘီလျံနာအားလုံး၏ ၉၄ ရာခိုင်နှုန်းရှိကာ နည်းပညာဖြင့်ချမ်းသာသူမှာ ၆၈ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

(ဆင်ဟွာ)



တရုတ်နိုင်ငံ၏အချမ်းသာဆုံးပုဂ္ဂိုလ် ဒါလီယံဝမ်ဒါအုပ်စုဥက္ကဋ္ဌ ဝမ်ကျန်လင်း။

# ဆီးရီးယားအပစ်ရပ်စဲရေး ထိရောက်မှုရှိဟုဆို

**ဘေရွတ် ဖေဖော်ဝါရီ ၂၇**

အမေရိကန်-ရုရှားတို့၏ အစီအစဉ်အောက်တွင် ငါးနှစ်ကြာ ပြည်တွင်းစစ်အဆုံးသတ်ရေး အပစ်အခတ်ရပ်စဲရန် ကြိုးပမ်းခဲ့ပြီးနောက် စနေနေ့တွင် ဆီးရီးယားအနောက်ပိုင်းဒေသအများစု၌ တိုက်ပွဲများ ရပ်နားလျက်ရှိသည်။

အင်အားကြီးနိုင်ငံများ၏ စေ့စပ်ညှိနှိုင်းမှုအရ ပြည်တွင်းစစ်အဆုံးသတ်ရန် ကြိုးပမ်းမှုမှာ မအောင်မြင်ဘဲ ရှိသည်။



ဆီးရီးယားနိုင်ငံ ဟာဆာကာပြည်နယ် အယ်လ်ရှာဒီမြို့ အုတ်ကျိုးအုတ်ပဲ့များကြားတွင် အမျိုးသမီးများ ဖေဖော်ဝါရီ ၂၆ ရက်က လမ်းလျှောက်နေစဉ်။

ဆီးရီးယားအစိုးရနှင့် သူပုန်များ ယာယီ အပစ်အခတ်ရပ်စဲပြီး အရပ်သားများထံ အကူအညီရရှိစေရန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စရန် ကြိုးပမ်းခဲ့ကြသည်။

စနေနေ့ည သန်းခေါင်ယံမှ စတင်သည့် ယာယီအပစ်အခတ်ရပ်စဲရေးကြောင့် ဆီးရီးယားအနောက်ပိုင်း ဒေသအများစု အပစ်အခတ်ရပ်စဲခဲ့ကြောင်း စောင့်ကြည့်လေ့လာရေးနှင့် ကုလသမဂ္ဂက ပြောသည်။ ယာယီအပစ်ရပ်စဲမှုသည် ထိရောက်မှုရှိပြီး တိုက်ခိုက်ရေး လမ်းကြောင်းသစ်များကို ရှောင်ကြဉ်ရန် မျှော်လင့်ထားကြောင်း ကုလသမဂ္ဂက ပြောသည်။

ဒမတ်စကတ်နှင့် မဟာမိတ် ရုရှားတို့ကအဆိုပါ အပစ်ရပ်စဲမှုကို အတိုက်အခံများအား ပါဝင်ကြရန် တိုက်တွန်းလိုက်သည်။

ယာယီ အပစ်ရပ်စဲမှုသည် အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါတို့နှင့် သက်ဆိုင်လိမ့်မည် မဟုတ်ဟု ဆိုသည်။

(ရိုက်တာ)

# အာဖဂန်အရှေ့ဘက်မြို့တော်တွင် အသေခံဗုံးခွဲ ၁၂ ဦးသေဆုံး

**အာဆာဒါဘတ် ဖေဖော်ဝါရီ ၂၇**

အာဖဂန်နစ္စတန်အရှေ့ဘက်ပြည်နယ် ကူနာမြို့တော် အဆာဒါဘတ်ဒေသရှိ နယ်ခံခေါင်းဆောင်တစ်ဦးကို ပစ်မှတ်ထား အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၁၂ ဦး သေဆုံးပြီး ၄၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အရာရှိတစ်ဦးက ပြောခဲ့သည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် ပြည်နယ်အစိုးရရုံးအနီး ဒေသစံတော်ချိန် နံနက် ၉ နာရီကဖြစ်ပွားခဲ့သည်။ လူ ၁၁ ဦးနှင့် အသေခံ ဗုံးခွဲတိုက်ခိုက်သူတို့သည် နေရာ၌ပင် ပွဲချင်းပြီးသေဆုံးခဲ့ပြီး အခြား ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဝါဟီဒူလာကာလီမဇိုင်က သတင်းထောက်များကို ပြောခဲ့သည်။

ပစ်မှတ်ထား တိုက်ခိုက်ခံရသူမှာ ဟာဂျစ်ခန်ဂျန်ဆိုသူဖြစ် ကြောင်း သိရပြီး အစိုးရထောက်ခံနယ်ခံခေါင်းဆောင်တစ်ဦးဖြစ်သည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုတွင် ၄င်းအပါအဝင် ၄င်း၏ညီနောင်သုံးဦးတို့လည်း သေဆုံးခဲ့ကြောင်း ဒေသန္တရသတင်းအရင်းအမြစ်များအရ သိရသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးက သေဆုံးသူအများစုမှာ အရပ်သားများဖြစ်ပြီး ထိခိုက်ဒဏ်ရာရသူများမှာ တပ်ဖွဲ့ဝင်များနှင့် ပြည်နယ် ရဲတပ်ဖွဲ့ဖြစ်ကြောင်း ပြောဆိုပြီး "ခန်" သေဆုံးကြောင်း အတည်ပြုခဲ့သည်။ ဒဏ်ရာရရှိသူများတွင် စိုးရိမ်ရသူအများစု ပါဝင်နေသဖြင့် သေဆုံးသူဦးရေမှာ ထပ်မံမြင့်တက်နိုင်ကြောင်း သိရသည်။

(ဆင်ဟွာ)

# ဂျပန်ရဲများ ပျောက်ဆုံးစာရင်းတွင် လူ ၁၀ ဦး ထပ်မံပေါင်းထည့်

**တိုကျို ဖေဖော်ဝါရီ ၂၇**

ဂျပန်နိုင်ငံရှိ ရဲတပ်ဖွဲ့က ပျောက်ဆုံးစာရင်းတွင် လူ ၁၀ ဦး ထပ်မံပေါင်းထည့်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ၄င်းပျောက်ဆုံးသူများကို မြောက်ကိုရီးယားနိုင်ငံက ပြန်ပေးဆွဲသည်ဟု ယူဆရကြောင်း ဆိုသည်။

အမျိုးသားရဲတပ်ဖွဲ့က ပြန်ပေးဆွဲခံ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးလေးဦးတို့ မည်သို့မည်ပုံဖြစ်နေသည်ကို ရှာဖွေနေကြောင်း သောကြာနေ့က ပြောခဲ့သည်။

ထပ်မံပေါင်းထည့်လိုက်သော လူ၁၀ဦးနှင့်ဆိုလျှင် ယခုပျောက်ဆုံးစာရင်းရှိ အရေအတွက်မှာ ၈၈၆ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ပျောက်ဆုံးသူများ၏ဆွေမျိုးများကို ပျောက်ဆုံးသူများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များပေးရန် ရဲတပ်ဖွဲ့က တောင်းဆိုထားသည်။ သို့မှသာလျှင် ပျောက်ဆုံးသူများနှင့်ပတ်သက်ပြီး ပြည်သူလူထုထံမှ အကူအညီတောင်းခံနိုင်မည်ဖြစ်ကြောင်း သိရသည်။ (အင်န်အိတ်ချ်ကေ)

# နိုင်ငံ၏အဓိကဝင်ငွေရရှိနေသည့် ကမ်းနီး၊ ကမ်းဝေး ရေနံနှင့် သဘာဝဓာတ်ငွေ့များ၊ ငါးနှင့် ရေထွက်ပစ္စည်းများကိုကာကွယ်နိုင်ရန်အတွက် တပ်မတော်(ရေ) အနေဖြင့် စွမ်းအားအပြည့်အဝရှိရန်လိုအပ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်(ရေ) အထူးစစ်ဆင်ရေးတပ်ဖွဲ့ (NAVY SEALs)က ချေမှုန်းရေးစက်တပ်ရော်ဘာလှေလေးစင်းမှတပ်ဖွဲ့ဝင်များ ချီတက်အလေးပြုစဉ်။ (မြဝတီ)

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် အနောက်ဘက်အစွန်ဆုံး၌ရှိပြီး အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံအကြား တည်ရှိနေသဖြင့် မြေအနေအထားအရ မဟာဗျူဟာမြောက် အရေးပါကြောင်း၊ ရေပြင်အနေအထားအရ ကြည့်ပါကလည်း ဘင်္ဂလားပင်လယ်အော်၊ အိန္ဒိယသမုဒ္ဒရာတို့နှင့် ဆက်စပ်နေသည့် ရေပြင်ကို ပိုင်ဆိုင်ထားကြောင်း၊ ယင်းသို့မြေအနေအထား၊ ရေပြင်အနေအထားများကြောင့် အရေးပါသောနိုင်ငံတစ်ခုဖြစ်၍ နိုင်ငံကာကွယ်ရေးအတွက် အမြဲသတိရှိရန်၊ ပြင်ဆင်ထားရန်လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့တွင် လေ့ကျင့်ပြုလုပ်သော မြန်မာ့ရေပိုင်နက် (ကိုကိုးကျွန်းဒေသ)၌ တပ်မတော်(ရေ)မှ စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise-Sea Shield 2016) တွင် ပါဝင်ခဲ့ကြသည့် စစ်ရေယာဉ်မှူးများနှင့် အရာရှိ၊ စစ်သည်များကို အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော်(ရေ)ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရေပိုင်နက်(ကိုကိုးကျွန်းဒေသ)၌ ပြုလုပ်သည့် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်ခန်း (Combined Fleet Exercise-Sea Shield 2016)ကို ညွှန်ကြားရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ အကဲကြည့် စစ်ရေယာဉ်-အောင်ဇေယျပေါ်မှ လိုက်ပါကြည့်ရှုအားပေးသည်။

စစ်ရေယာဉ်-အောင်ဇေယျပေါ်တွင် တာဝန်ကျတပ်ဖွဲ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အလေးပြုပြီး လေ့ကျင့်ခန်းကိုဦးဆောင်မည့် တာဝန်ရေတပ်မမှူးက လေ့ကျင့်ခန်းနှင့်ပတ်သက်၍ ဖြစ်စဉ်အကြောင်းအရာကို ရှင်းလင်းတင်ပြ၍ တိုက်စစ်နှုတ်မိန့်ပေးသည်။

ယင်းနောက် တာဝန်ရေတပ်မမှူးနှင့် စစ်ရေယာဉ်မှူးများသည် သက်ဆိုင်ရာ စစ်ရေယာဉ်များသို့ ပြန်လည်ထွက်ခွာပြီး စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်းကို အစီအစဉ်အတိုင်း လုပ်ဆောင်ကြသည်။

ရှေးဦးစွာ တပ်မတော်(ရေ) အထူးစစ်ဆင်ရေးတပ်ဖွဲ့ (NAVY SEALs)က ချေမှုန်းရေးစက်တပ်ရော်ဘာလှေလေးစင်း၊ ရဟတ်ယာဉ်နှစ်စင်းတို့ဖြင့် ရန်သူ့ရေယာဉ်တစ်စင်းအား ဝင်ရောက်စီးနင်း၍ ဖမ်းဆီးခံ ဓားစာခံနှစ်ဦးကို ကယ်ဆယ်ခြင်း၊ ရန်သူ့စစ်ရေယာဉ်ကို ဖောက်ခွဲနှစ်မြှုပ်ခြင်းတို့အား သရုပ်ပြဆောင်ရွက်ကြသည်။

ယင်းနောက် ရန်သူ့ပစ်ခတ်မှုကြောင့် မီးလောင်နေသော ကုန်သွယ်ရေယာဉ်တစ်စင်းကို ဘက်စုံသုံးတွဲဆွဲ စစ်ရေယာဉ်နှစ်စင်းဖြင့် ပင်လယ်ပြင် မီးငြိမ်းသတ်ခြင်း လေ့ကျင့်ခန်းကို ဆောင်ရွက်သည်။

လေ့ကျင့်ခန်းများ အပြီးတွင် လေ့ကျင့်ခန်း၌ပါဝင်ကြသော ရဟတ်ယာဉ်နှင့် တပ်မတော်(ရေ) အထူးစစ်ဆင်ရေး တပ်ဖွဲ့ဝင်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ချီတက်အလေးပြုကြသည်။

ထို့နောက် လေ့ကျင့်ခန်းအစီအစဉ်အရ စစ်ရေယာဉ်များသည် သတ်မှတ်ပုံပြု Formation 5 ပုံစံဖြင့် မောင်းနှင်ချီတက်ကြသည်။ ချီတက်စဉ် Circular Formation ပုံစံပြောင်းလဲချီတက်ပြီး ရေအောက်ရန်ကာကွယ်ရေး စစ်ဆင်မှုလေ့ကျင့်ခန်းကိုလည်းကောင်း၊ Diamond Formation ပုံစံပြောင်းလဲ၍ ရန်သူ့လေယာဉ်များအား လေကြောင်းရန်ကာကွယ်ရေး လက်နက်များဖြင့် လက်တွေ့လေ့ကျင့်ပစ်ခတ်မှုကို လည်းကောင်း၊ ဆက်လက်ပြီး Arrow Head Formation ပုံစံသို့ပြောင်းလဲ၍ အီလက်ထရွန်နစ် စစ်ဆင်မှုလေ့ကျင့်ခန်းနှင့် လေကြောင်းရန်ကာကွယ်ရေးလက်နက်များ ပစ်ခတ်မှုလေ့ကျင့်ခန်းကိုလည်းကောင်း အသီးသီးဆောင်ရွက်ခဲ့ကြပြီး ရည်မှန်းချက်ဖြစ်သည့် ရန်သူ့ပင်မစစ်ရေယာဉ်အုပ်ကို တိုက်ခိုက်ချေမှုန်းရန်အတွက် Cruising Formation နှင့် Battle Line Formation ပုံစံများသို့ အဆင့်ဆင့်ပြောင်းလဲ၍ မိမိစစ်ရေယာဉ်များရှိ အမြောက်ကြီးများ၊ ဒုံးပျံများဖြင့် ပစ်ခတ်ချေမှုန်းသည့် လေ့ကျင့်ခန်းများကို ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**



လေ့ကျင့်ခန်း ပြီးဆုံးချိန်တွင် စစ်ရေယာဉ်-အောင်ဇေယျပေါ်တွင် စီးနင်းလိုက်ပါလာသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လေ့ကျင့်ခန်းတွင်ပါဝင်ခဲ့ကြသည့် စစ်ရေယာဉ်များက Fleet Review ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့ထံ လေ့ကျင့်ခန်းအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်-အောင်ဇေယျ၏ ဧည့်သည်တော်မှတ်တမ်းတွင် လေ့ကျင့်ခန်းအထိမ်းအမှတ် အမှတ်တရလက်မှတ်ရေးထိုးပြီး စစ်ရေယာဉ်တပ်ပေါင်းစုပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise-Sea Shield 2016) တွင်ပါဝင်ခဲ့ကြသော စစ်ရေယာဉ်မှူးများနှင့် အရာရှိ၊ စစ်သည်များကို လေ့ကျင့်ခန်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ် အမှာစကားပြောကြားသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြောကြားရာတွင် လုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်မှုအတွက် ချီးကျူးဂုဏ်ပြုကြောင်း၊ လေ့ကျင့်ခန်းဆိုသည်မှာ စွမ်းရည်ထက်မြက်စေရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် စစ်ရေးပိုင်းတွင် ချက်ချင်းလက်ငင်း လုပ်ဆောင်၍မရကြောင်း၊ လူ၊ လက်နက်၊ စစ်အတတ်ပညာများ အကျွမ်းတဝင် ဖြစ်နေအောင် လေ့ကျင့်ရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးလုပ်ငန်းများသည် အမြဲတမ်း လေ့ကျင့်နေရန် ပြင်ဆင်နေရန်လိုအပ်ကြောင်း၊ ကြိုတင်စီစဉ်သော တိုက်စစ်လေ့ကျင့်ခန်းများအပြင် အချိန်မရွေးဖြစ်ပေါ်လာနိုင်သည်များကို ရင်ဆိုင်နိုင်စွမ်းရှိစေရန် ရုတ်ခြည်းတိုက်စစ်လေ့ကျင့်ခန်းများကိုလည်း လေ့ကျင့်ကြရမည်ဖြစ်ကြောင်း။

ရေတပ်စွမ်းအားမြှင့်တင်ရေးနှင့်ပတ်သက်၍ မြန်မာ့ကမ်းရိုးတန်းအရှည်သည် ရေမိုင် ၁၂၆၀ နှင့် ကုန်းမိုင် ၁၄၅၀ ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရေမိုင် ၃၀၄ ဒသမ ၂၈ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ရေမိုင် ၅၉၂ ဒသမ ၀၇ မိုင်၊ ထိုင်းနိုင်ငံနှင့် ရေမိုင် ၁၉၅ ဒသမ ၃၂ မိုင် နယ်နိမိတ်ထိစပ်နေကြောင်း၊ ၎င်းအပြင် မြန်မာနိုင်ငံ၏ အဓိကပို့ကုန် သွင်းကုန်များ၏ ၈၇ ရာခိုင်နှုန်းခန့်မှာလည်း ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာဆက်စပ်ရေပြင်ကို အသုံးပြုသွားလာနေရကြောင်း၊ နိုင်ငံ၏အဓိကဝင်ငွေရရှိနေသည့် ကမ်းနီး၊ ကမ်းဝေးရေနံနှင့် သဘာဝဓာတ်ငွေ့များ၊ ရေအောက်သယံဇာတဖြစ်သည့် ငါးနှင့် ရေထွက်ပစ္စည်းများလည်း များစွာထွက်ရှိကြောင်း၊ ယင်းလုပ်ငန်းများကို လုံခြုံစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်(ရေ)အနေဖြင့် စွမ်းအားအပြည့်အဝရှိရန်လိုအပ်သဖြင့် ရေတပ်စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်ပြင်ပနိုင်ငံများမှ ဝယ်ယူရသည်များရှိသကဲ့သို့ ကိုယ်တိုင်ဆောက်လုပ်နိုင်အောင် ကြိုးစားလုပ်ဆောင်ခြင်းဖြင့် တည်ဆောက်ခဲ့သည့် စစ်ရေယာဉ်များစွာရှိကြောင်း၊ ဆက်လက်၍ ယခုထက်ပိုမိုခေတ်မီသည့် အဆင့်မြင့်စစ်ရေယာဉ်များ တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ကာကွယ်ရေးစွမ်းအား မြင့်မားရေးနှင့်ပတ်သက်၍ မိမိနိုင်ငံတွင် သစ္စာမဲ့သည့် လုပ်ရပ်များကြောင့် လွတ်လပ်ရေး ဆုံးရှုံးခဲ့ရကြောင်း၊ လွတ်လပ်ရေးဆိုသည်မှာ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း ဆုံးရှုံးသွားနိုင်သော်လည်း ယင်းကို ပြန်လည်ရရှိရန်အတွက် နှစ်ပေါင်းများစွာ ပေးဆပ်မှုပေါင်းများစွာဖြင့် ကြိုးပမ်းလုပ်ဆောင်ရကြောင်း၊ သို့ဖြစ်၍ ကာကွယ်ရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းပကားမြင့်မားရန် အရေးကြီးကြောင်း၊ နိုင်ငံတစ်ခုရပ်တည်မှုအတွက် နိုင်ငံရေးစွမ်းပကား၊ စီးပွားရေးစွမ်းပကားနှင့် ကာကွယ်ရေးစွမ်းပကားသုံးခု မြင့်မားနေရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ပါတီစုံဒီမိုကရေစီစနစ်၏ ပထမခြေလှမ်းလျှောက်လှမ်းခဲ့ရာ တပ်မတော်အနေဖြင့် ယင်းလမ်းကြောင်းတွင် ခိုင်ခိုင်မာမာဖြင့် မယိမ်းမယိုင် လျှောက်လှမ်းနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း လုပ်ဆောင်ခဲ့ကြောင်း၊ အလားတူ ဒုတိယသက်တမ်းတွင်လည်း ဆက်လက်ထိန်းသိမ်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းမှုရရှိအောင် ကာကွယ် စောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန်လည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ Military Might မြင့်မားရန် လိုအပ်ကြောင်း၊ နောင်တွင်လည်း နှစ်စဉ် လေ့ကျင့်မည်ဖြစ်၍ ယခုထက် ပိုမိုကောင်းမွန်ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း ပြောကြားသည်။

တပ်မတော်(ရေ)မှ နိုင်ငံတော်ပိုင် ပင်လယ်ပြင် ရေထု၊ လေထုအတွင်း အချုပ်အခြာအာဏာခိုင်မာစေရန်နှင့် တပ်မတော်(ရေ)ရှိ စစ်ရေယာဉ်များကို အသင့်ဖြစ်မှုသုံးရပ်ဖြင့် စစ်ဆင်မှုနယ်ပယ်လေးရပ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ တိုက်ပွဲဝင်နိုင်စေရန် ရည်ရွယ်၍ စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင် စစ်ဆင်မှုလေ့ကျင့်ခန်းကို ၂၀၁၄ ခုနှစ်မှစ၍ နှစ်စဉ်ပြုလုပ်ခဲ့သည်။ ယနေ့ပြုလုပ်ခဲ့သည့် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင် စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise-Sea Shield 2016) သည် သုံးကြိမ်မြောက်ဖြစ်ပြီး စစ်ရေယာဉ်မျိုးစုံ ၂၀ ကျော်ပါဝင်၍ ပစ်ခတ်မှုနှင့် လက်တွေ့စစ်ကစားလှုပ်ရှားမှုကို ပေါင်းစပ်လေ့ကျင့်ခဲ့ခြင်းဖြစ်ရာ စစ်ရေယာဉ်များနှင့် စစ်သည်များ၏ စွမ်းရည်တိုးတက်လာစေမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို လုံခြုံစွာ ကာကွယ်စောင့်ရှောက်ရန်အတွက် စွမ်းရည်ထက်မြက် မြင့်မားသော တပ်မတော်ဖြစ်စေရေး တည်ဆောက်လျက်ရှိပြီး ကာကွယ်ရေးစွမ်းအားမြှင့်တင်ရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) လေ့ကျင့်ခန်းများကို အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြဝတီ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ကေဗွီ ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ကလေးဓာတ်အားခွဲရုံ ဖွင့်ပွဲတက်ရောက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ကလေး ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ကလေးဓာတ်အားခွဲရုံ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊တိုင်းဒေသကြီးဝန်ကြီးများ၊ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဓာတ်အားပေးစက်ရုံဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ နိုင်ငံတော်သမ္မတကြီးသည် ၁၉၈၈ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ ကလေးဒေသတွင် တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့ရာ နိုင်ငံတော်သမ္မတကြီးက ကလေးဒေသအတွက် လက်ဆောင်အဖြစ် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ထိုစဉ်ကာလက ကလေးမြို့၏ လျှပ်စစ်မီးရရှိမှုကို ပြန်ကြည့်ပါက တစ်နေ့ နှစ်နာရီ၊ သုံးနာရီလောက်ပဲ ရရှိခဲ့ပါကြောင်း၊ ကလေးမြို့ကို ၁၉၅၅ ခုနှစ်က ကီလိုဝပ် ဒီဇယ်ဓာတ်အားပေးစက်ဖြင့်လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ၁၉၆၇ ခုနှစ်ကဆိုလျှင် တည်ဆောက်ပြီး (ကျောက်အုံ) ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ရုံ ၂ မဂ္ဂါဝပ် တည်ဆောက်ပြီး ကလေးမြို့နှင့် ကလေးဝမြို့များသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးထားခဲ့ပါကြောင်း။

၁၉၈၇ ခုနှစ်တွင် ကျောက်မီးသွေးသုံးရေနွေးငွေ့တာဘိုင်စက် ချွတ်ယွင်းသွားသည့်အတွက် ဒီဇယ်ဓာတ်အားပေးစက်များနှင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ နိုင်ငံတော်က ဇီးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁ ဒသမ ၂၆ မဂ္ဂါဝပ်ကို ၁၉၉၆ ခုနှစ်တွင် တည်ဆောက်ပေးခဲ့ပြီး မီးသုံးစွဲသူ ၂၈၁၂ ဦးသို့ လျှပ်စစ်မီး ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ သို့သော် ကလေးဒေသဖွံ့ဖြိုးတိုးတက်လာသည့်အတွက်ကြောင့် လျှပ်စစ်မီးလုံလောက်မှု မရှိခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် ၂၀၁၂ခုနှစ် မေ ၁၉ ရက်တွင် ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်တစ်လုံးနှင့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ၁၂၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်တစ်လုံးတို့ ထပ်မံတိုးချဲ့ပေးနိုင်ခဲ့ပါကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ လျှပ်စစ်မီးရရှိရေး စီမံချက်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ရန် စီမံခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအားလုံး အပြီးသတ်၍ လျှပ်စစ်မီးရရှိအောင်လျာထားရေးဆွဲဆောင်ရွက်ခဲ့ရပါကြောင်း။

လျှပ်စစ် ဓာတ်အားပေးသည့် လုပ်ငန်းတွင် ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနအနေဖြင့် ခက်ခက်ခဲခဲ ဆောင်ရွက်ရပါကြောင်း၊ ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံမှ မန္တလေးမြို့အနီး ရွှေစာရံသို့ သွယ်တန်းသည့် မဟာဓာတ်အားလိုင်းကို ငါးနှစ်ကျော် တည်ဆောက်ခဲ့ရသကဲ့သို့ တောင်ကုတ်-မအီ-အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းသို့ သွယ်တန်းသည့် မဟာဓာတ်အားလိုင်းကိုလည်း နှစ်နှစ်ခွဲကျော် တည်ဆောက်ခဲ့ရပါကြောင်း၊ သို့သော် ယနေ့ဖွင့်လှစ်သည့် ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်က လုပ်ငန်းများစတင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဓာတ်အားပို့လွှတ်နိုင်ခဲ့သည့်အတွက် တစ်နှစ်အတွင်း ပြီးအောင် မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခု စီမံကိန်းလုပ်ငန်းအတွက် ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃၃၃ သန်းနှင့် တည်ဆောက်ရေးစရိတ် ငွေကျပ် ၃၈၅၀ ဒသမ ၂၆၈ သန်း ကုန်ကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ဓာတ်အားတစ်ယူနစ် ထုတ်လုပ်မှုကုန်ကျစရိတ်သည် ရေအားဆိုလျှင် ၅၃ ကျပ်၊ သဘာဝဓာတ်ငွေ့ဆိုလျှင် ၁၄၂ ကျပ်၊ ကျောက်မီးသွေးဆိုလျှင် ၈၆ ကျပ် ကုန်ကျသဖြင့် ဓာတ်အားတစ်ယူနစ်ထုတ်လုပ်မှု ပျမ်းမျှကုန်ကျစရိတ်သည် ၉၃ ကျပ်ဖြစ်ပါကြောင်း၊ တစ်ယူနစ်ရောင်းဈေးသည် အိမ်သုံး ၃၅ ကျပ်၊ စက်မှုသုံး ၇၅ ကျပ်ဖြစ်၍ ပျမ်းမျှရောင်းဈေး ၇၁ ကျပ်သာ ရရှိသဖြင့် ဓာတ်အားတစ်ယူနစ်ရောင်းတိုင်း နိုင်ငံတော်က ၂၂ ကျပ် စိုက်ထုတ်ကျခံရပါကြောင်း၊ ကလေးမြို့ ပြည်သူများအနေဖြင့် ဓာတ်အားတစ်ယူနစ်သုံးတိုင်း ၃၅ ကျပ် ပေးဆောင်ရသော်လည်း တစ်ယူနစ်တိုင်း နိုင်ငံတော်က ၂၂ ကျပ် စိုက်ထုတ်ကျခံပေးရသည့် စေတနာကို သိရှိနားလည်ပြီး စနစ်တကျ အသုံးပြုကြရန်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ကလေးဓာတ်အားခွဲရုံ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖ ဦးလှဝင်းက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဘက်စုံပညာ ထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်တို့က ကလေးဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတက ကလေးဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသသည် အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ချင်းပြည်နယ်၏ အဓိကဝင်ပေါက်တို့ ဆုံတွေ့သည့်နေရာတွင် တည်ရှိသော်လည်း နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ခြင်း မရှိသဖြင့် အရှိန်အဟုန်ရှိသည့်အတိုင်း ဖွံ့ဖြိုးတိုးတက်ခွင့် မရရှိခဲ့ခြင်းဖြစ်ရာ နိုင်ငံတော်ဓာတ်အားစနစ်မှ ကလေးဒေသသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ကလေး ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီကလေး ဓာတ်အားခွဲရုံတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ စီမံကိန်းများအားလုံး တည်ဆောက်ပြီးစီးခဲ့သဖြင့် ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဓာတ်အားစတင်ပို့လွှတ်နိုင်ခဲ့ပြီး ၂၃၀ ကေဗွီ ဂန့်ဂေါ- ကလေး မဟာဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ကလေး ဓာတ်အားခွဲရုံတို့ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၄၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားကို ကလေးဒေသသို့ ပထမဦးဆုံး ဖြန့်ဖြူးပေးနိုင်ခြင်းဖြစ်ပြီး စတင်အသုံးပြုနိုင်ခြင်းဖြစ်ရာ ကလေးဒေသရှိ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

**(သတင်းစဉ်)**

## မြောက်ဦးရေဘေးသင့် ဒေသ လှူဒါန်းမှုများအတွက် ရေစက်ချအလှူပွဲနှင့် ဂီတဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

CB-KMA Foundation မှ မြောက်ဦးဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် ၂၀၁၅ ခုနှစ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများအဖြစ် ကျေးရွာလေးရွာတွင် အိမ်ရာများတည်ဆောက်ခြင်း၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ တံတားများပြုပြင်တည်ဆောက်ခြင်းများအတွက် သိန်းပေါင်း သုံးသောင်းနီးပါး အကုန်အကျခံ လှူဒါန်းခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ယင်းဒေသသို့ CB-KMA Foundation မှ တာဝန်ရှိသူများသွားရောက်ကာ ဒေသခံပြည်သူများအတွက် လိုအပ်ချက်များနှင့်အညီ ကူညီထောက်ပံ့ လှူဒါန်းမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အဆိုပါလှူဒါန်းမှုများအတွက် ရေစက်ချအလှူပွဲနှင့် ဂီတဖျော်ဖြေပွဲကို မြောက်ဦးမြို့၌ ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ရက်တို့က ကျင်းပခဲ့သည်။

အဆိုပါဂီတဖျော်ဖြေပွဲ အခမ်းအနားကို မြောက်ဦးမြို့ အထက(၁) အနီး အားကစားကွင်းဟောင်း၌ ဖေဖော်ဝါရီ ၂၃ရက် ညပိုင်းကဖျော်ဖြေခဲ့ရာ ရခိုင်တိုင်းရင်းသား အဆိုတော်များဖြစ်သည့် ညီမင်းခိုင်၊ L ကိုလင်း၊ ဒိုးရီ၊ညာစိမ်းခိုင်တို့အပြင် နာမည်ကျော်အဆိုတော်များဖြစ်သည့် ဂျေညီညီ၊ ဖိုးကာ၊ Lလွန်းဝါ၊ လင်းနစ်၊ ဆင်ပေါက်၊ မိုးထက်မြင့်၊ နေနေ၊ ရတနာမိုင်၊ သဇင်၊ ယုဇန၊ စိုးပြည့်သဇင်၊ ယုယသံစဉ်စသည့် အဆိုတော်များက ညနေ ၆ နာရီမှစတင်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ရာ ဒေသခံပရိသတ် တစ်သောင်းကျော် လာရောက်အားပေးခဲ့သည်။ ဖေဖော်ဝါရီ ၂၄ ရက် နံနက်တွင် မြောက်ဦးမြို့ အလိုတော်ပြည့်ကျောင်းတိုက်၌ လှူဒါန်းမှုများအတွက် ရေစက်ချ အလှူပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်က ဒေသအတွင်း ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထူးထောက်ပံ့ကူညီလှူဒါန်းပေးခဲ့သည့် CB-KMA Foundation ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဇနီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

**(မြန်မာ့အလင်း)**

❋ ကျောဖုံးမှ

မီးဘေးအန္တရာယ်အတွက် လုံခြုံစိတ်ချရတဲ့နေရာဖြစ်တယ်။ တစ်ဦးပိုင် လုပ်ခြင်းထက် စနစ်တကျလုပ်ကိုင်နိုင်အောင် အများပိုင်ကုမ္ပဏီအနေနဲ့ လုပ်ကိုင်ခွင့်ပေးခဲ့တယ်။ ဒါကြောင့် အထက်မြန်မာနိုင်ငံ ကိုယ်စားပြု စက်သုံးဆီ တင်ပို့ဖြန့်ဖြူးနိုင်မယ့် ဆိပ်ကမ်းကြီး မကြာမီပေါ်ပေါက်လာပြီး သက်သာသော ဈေးနှုန်းအရည်အသွေးပြည့်မီတဲ့ စက်သုံးဆီတွေကို သုံးစွဲနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ၎င်းကပြောသည်။

နိုင်ငံတော်က စက်သုံးဆီလုပ်ငန်းအား ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးခဲ့ရာ မြန်မာနိုင်ငံသား စက်သုံးဆီလုပ်ငန်းရှင်များအနေဖြင့် စနစ်တကျရှိသော စက်သုံးဆီ တင်သွင်း/ သိုလှောင်/ ဖြန့်ဖြူး/ရောင်းဝယ်ခြင်း ဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် စက်သုံးဆီလုပ်ငန်းရှင် ကုမ္ပဏီ ၅၂ ခု ပါဝင်သည့် မြန်မာ့စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေး အများပိုင်ကုမ္ပဏီလီမိတက်ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

"ဒီလို ဖွဲ့စည်းလုပ်ဆောင်ခဲ့လို့ စက်သုံးဆီဈေးနှုန်းတွေ ကျဆင်းလာပြီး အရည်အသွေးမှန်ကန်စွာ ရောင်းချနိုင်တယ်။ နိုင်ငံတော်အတွက်လည်း အခွန်ငွေတိုးလာတယ်။ အဓိက ပင်လယ်ဝင်ပေါက် မှာ အတင်/အချ လုပ်နိုင်အောင် ရန်ကုန်မှာ သီလဝါ ဆိပ်ကမ်းတည်ဆောက်ပြီး ပြည်တွင်းကို ဖြန့်ဖြူးဖို့ စရိတ်သက်သာတာက ရေကြောင်းက အကောင်းဆုံးပါ။ သယ်ယူပို့ဆောင်ရေးမှာ လိုအပ်တဲ့ ဆိပ်ခံတံတားတွေ၊ ဆီသိုလှောင်ကန်တွေလုပ်ဖို့ မန္တလေးမှာ ပထမဆုံး တည်ဆောက်သွားမှာပါ"ဟု မြန်မာ့စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးအများပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်က ပြောသည်။

အဆိုပါ စက်သုံးဆီ တင်/ချ စီမံကိန်းသည် မြေဧက (၄၁ ဒသမ ၁)တွင် ဂါလန်နှစ်သန်းဆံ့ ဆီသိုလှောင်ကန် ၃၂ လုံး၊ ဆီတွဲများဆိုက်ကပ်ရန် ဆိပ်ခံတံတား လေးစင်းနှင့် ဆီသယ်ယာဉ် ၁၃၆ စီးအား တစ်ပြိုင်တည်း ဆီဖြည့်နိုင်သည့်နေရာများနှင့် မီးဘေးလုံခြုံရေးအတွက် ဂါလန်ငါးသိန်းဆံ့ ရေကန် တည်ဆောက်မည် ဖြစ်ကြောင်း လာမည့် ခြောက်လတွင် လုပ်ငန်းများ စတင်လည်ပတ်မည်ဖြစ်၍ တစ်နှစ်အတွင်း စီမံကိန်းပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

❒ ရှေ့ဖုံးမှ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းသည် နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော မိမိတို့အစိုးရသက်တမ်းငါးနှစ် ကာလအတွင်း (၁၁)ခုမြောက် အောင်မြင်စွာဖွင့်လှစ်နိုင်သည့် စီမံကိန်းလုပ်ငန်းကြီးဖြစ်ပါကြောင်း၊ ဤစီမံကိန်းသည် ရေသိုလှောင်ပမာဏ ငါးသောင်းနှစ်ထောင် ဧကပေခန့်ကို သိုလှောင်နိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ်တပ်ဆင်အင်အား ၂ မဂ္ဂါဝပ် နှစ်လုံး၊ စုစုပေါင်း ၄ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၂၁ ကီလိုဝပ်နာရီ သန်းပေါင်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အပြင် ကလေးခရိုင်အတွင်း လယ်မြေဧက ၈၅၀၀ ကို စိုက်ပျိုးရေလုံလောက်စွာဖြည့်တင်းပေးနိုင်မည် ဖြစ်ခြင်းတို့ကြောင့် မိုးစပါး၊ နွေစပါး သီးထပ်သီးနှံများ ပိုမိုတိုးတက် စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ဒေသနေပြည်သူလူထု၏ လူမှုစီးပွားဘဝကို အထောက်အကူပြုဖွံ့ဖြိုးတိုးတက်လာစေနိုင်မည် ဖြစ်ပါကြောင်း။

ဤစီမံကိန်း၏ တိုက်ရိုက်အကျိုးကျေးဇူးဖြစ်သည့် သဘာဝဘေးအန္တရာယ်ကို ကာကွယ်ပေးနိုင်ခြင်း၊ စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် မကြာမီ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ပြီးစီးသည့်ကာလတွင် ကလေးမြို့ အပါအဝင် ဆက်စပ်ဒေသတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာစေမှုအကျိုးကျေးဇူးများ ဖြစ်ထွန်းရရှိစေနိုင်မည်ဖြစ်ကြောင်း။

အထူးသဖြင့် ဒေသနေတောင်သူလယ်သမားများ၏ ကိုယ်တိုင်စိတ်ဆန္ဒပြင်းပြမှု၊ ကိုယ်တိုင်တိုးတက်ကြီးပွား အောင်မြင်လိုစိတ်ကို အခြေခံပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ကြံဆ၊ ကြံစည်ကြိုးပမ်းနိုင်စွမ်းရှိသလောက် သီးထပ်၊ သီးညှပ်စိုက်ပျိုးစွမ်းအားများ တိုးတက်လာစေနိုင်မည်ဖြစ်သည့်အတွက် မိသားစုတစ်စုချင်းစီ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝများ ကြိုးစားကြလျှင် ကြိုးစားသလောက် တိုးတက်ရရှိတော့မည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသား အားလုံးတို့၏ ရေရှည်"အမျိုးသားရေးအကျိုးစီးပွား အခြေခံလိုအပ်ချက်"အတွက် ရင်းနှီးမြှုပ်နှံတည်ဆောက် အကောင်အထည်ဖော်ပေးနိုင်ခဲ့သော နိုင်ငံတော်၏ ကျေးဇူးတရားတို့ကို တုံ့ပြန်သောအားဖြင့် မိမိတို့ နေထိုင်မှီခိုအားထားကြရာ နယ်မြေဒေသအသီးသီး တိုးတက်ရေးအတွက်လည်းကောင်း၊ နိုင်ငံနှင့်အဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်လာရေးအတွက် လည်းကောင်း အပြန်အလှန် ရိုင်းပင်းကူညီကြပြီး "တစ်လှေတည်းစီး တစ်ခရီးတည်းသွား ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်၊ ခိုင်ခိုင်မြဲမြဲ" အတူလက်တွဲကြလျက် နိုင်ငံသားအားလုံး ကျရာအခန်းကဏ္ဍမှ ဦးထမ်းပွဲထမ်း ကြိုးပမ်းပါဝင် တည်ဆောက်သွားကြရန် လေးစားစွာဖြင့် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ရာဇဂြိုဟ်ရေလှောင်တမံ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖ ဦးခင်မောင်လွင်က ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများနှင့် စက်ယန္တရားများ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရာဇဂြိုဟ်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရာဇဂြိုဟ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က ရာဇဂြိုဟ်ရေလှောင်တမံ ဖွင့်ပွဲမှတ်တိုင်ဦးကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မော်တော်ယာဉ်များဖြင့် ပင်မတမံနှင့် ကုန်းကျောတမံများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကမ္ပည်းကျောက်စာတိုင်နှင့် စက်ရုံဆိုင်းဘုတ်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ ရေအားလျှပ်စစ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မိုးတွင်းကာလတွင် ကလေးဒေသ ရေကြီးရေလျှံမှုမှ ကာကွယ်ရန်နှင့် စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရေးအတွက် မဏိပူရ ဘက်စုံရေလှောင်တမံ တည်ဆောက်ရန်လိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လွိုင်က ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက လျှင်ဒဏ်အပါအဝင် သဘာဝဘေးဒဏ်များ ခံနိုင်ရေးအတွက် ဆည်ကြံ့ခိုင်မှုများကို မပြတ်စစ်ဆေးရန်၊ ၂၀၁၅ ခုနှစ်ကဲ့သို့ ထူးကဲရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအတွက် တွက်ချက်ပြင်ဆင်ထားရန်၊ ရေလှောင်တမံ အထက်ဘက်တွင် နုန်းထိန်းတမံများဆောက်လုပ်နိုင်ရေး လေ့လာဆောင်ရွက်ရန်နှင့် ဆည်ရေဝေရေလဲဒေသများ၌ တရားမဝင်သစ်ခိုးထုတ်မှုများ မရှိအောင် ကာကွယ်တားဆီးရန်တို့ကို လမ်းညွှန်မှာကြားသည်။

**ရာဇဂြိုဟ်ရေလှောင်တမံကို ကလေးလွင်ပြင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်၊ စိုက်ပျိုးမြေဧက ၈၅၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ် ၄ မဂ္ဂါဝပ်ထုတ်လုပ်သုံးစွဲနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခြင်းဖြစ်**

ရာဇဂြိုဟ်ရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီး၌တည်ရှိပြီး ကလေးလွင်ပြင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်၊ စိုက်ပျိုးမြေဧက ၈၅၀၀ကို စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ် ၄ မဂ္ဂါဝပ်ထုတ်လုပ် သုံးစွဲနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ရာဇဂြိုဟ်ရေလှောင်တမံသည် ရေဆင်းဧရိယာ စတုရန်းမိုင် ၁၃၀၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၆၃ လက်မ၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၄၄၇၈၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၈၀၀၀နှင့် ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာဧက ၉၈၀ ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ကလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို ပညာတတ်အောင်၊ စည်းကမ်းကောင်းအောင်၊ ကိုယ်ကျင့်တရား ကောင်းအောင်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှိအောင် သင်ကြားလေ့ကျင့်ပေးရန်နှင့် ကျောင်း၏ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ပြင်သာကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကွန်ကရစ်လမ်းဖောက်လုပ်ထားမှုနှင့်လူနေအိမ်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သာကျေးရွာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းပုံရိပ်များ




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရာဇဂြိုဟ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ကလေးဓာတ်အားခွဲရုံ ဖွင့်ပွဲတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ကလေးဒေသ ရေကြီးရေလျှံမှု ဖြစ်ပွားပြီးနောက် ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲတွင် သစ်လုံးများ၊ အမှိုက်များ ပိတ်ဆို့နေသည်ကို ၁-၈-၂၀၁၅ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)



## တည် ဆောက် ပြု ပြင် မှု ပုံ ရိပ် များ



ကလေး အထက(၁) ကျောင်းအဝင်လမ်း ကွန်ကရစ်မခင်းမီတွေ့ရစဉ်(အပေါ်ပုံ)နှင့် ကျောင်းအဝင်လမ်းအား ကွန်ကရစ်ခင်းပြီးနောက်တွေ့ရစဉ်။ (ယာပုံ) (သတင်းစဉ်)







ကလေး အထက(၁) ကျောင်းဆရာမ နေအိမ်များ မပြုပြင်မီတွေ့ရစဉ်(အပေါ်ပုံ)နှင့် ကျောင်းဆရာမ နေအိမ်များ ပြုပြင်ပြီးနောက်တွေ့ရစဉ်။ (ဝဲပုံ) (သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ မြင်ကွင်း ပုံရိပ်များ




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့ရှိ သူနာပြုနှင့် သားဖွား သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

## တည်ဆောက် ပြုပြင်မှု ပုံရိပ်များ



ကလေး - ပြင်သာ လမ်းပိုင်းအား ကွန်ကရစ်ခင်းအပြီး တွေ့ရစဉ်။ (သတင်းစဉ်)



ကလေးမြို့ ပြင်သာကျေးရွာ အိမ်အမှတ် (၄) တည်ဆောက်ပြီးတွေ့ရစဉ်။ (သတင်းစဉ်)



ကလေးမြို့ ပြင်သာကျေးရွာ အိမ်အမှတ် (၅) တည်ဆောက်ပြီးတွေ့ရစဉ်။ (သတင်းစဉ်)





ကလေး-ပြင်သာ လမ်းအား ကွန်ကရစ်မခင်းမီ တွေ့ရသည့်အနေအထား (အပေါ်ပုံ)နှင့် ကွန်ကရစ်ခင်းပြီးနောက် ညီညာဖြောင့်ဖြူးသည့် လမ်းအနေအထားကို တွေ့ရစဉ်။(ယာပုံ) (သတင်းစဉ်)

# ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်မှုကို ဒေသခံပြည်သူအများစုက လိုလားတယ် သိသာထင်ရှားတဲ့အချက်က ဒေသခံပြည်သူတွေအနေနဲ့ စီမံကိန်းဖော်ဆောင်ပေးဖို့ ဆန္ဒဖော်ထုတ်တာတွေရှိ



ရန်ကုန်တိုင်းဒေသကြီး
သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုး။

## ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးနှင့် တွေ့ဆုံမေးမြန်းခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း လိုအပ်ချက်အရ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်းများတွင် ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ထိုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခဲ့ပြီး လျှို့ဝှက်ဆန္ဒမဲပေးကာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတည်ပြုခဲ့ကြသည်။

ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ တင်ဒါစိစစ်ရေးအဖွဲ့ ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးအား မြန်မာ့သတင်းစဉ်က မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**မေး။ ။ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ ရန်ကုန်မြို့သစ် စီမံကိန်းဖြစ်ပေါ်လာတာက ရန်ကုန်မြို့မှာ လူဦးရေများပြားလာပြီ။ များပြားလာတဲ့ လူဦးရေနဲ့အညီ မြို့ပြဖွံ့ဖြိုးမှုလိုအပ်တဲ့အခြေအနေအရ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ ဆွေးနွေးအတည်ပြုချက်ရယူပြီး ဆောင်ရွက်ခဲ့တဲ့စီမံကိန်း ဖြစ်ပါတယ်။

အခုစီမံကိန်းဟာ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်း ၂၀၄၀ မှာပါဝင်တဲ့ မြို့သစ်စီမံကိန်းလည်း ဖြစ်ပါတယ်။ စီမံကိန်းက ကြည့်မြင်တိုင်မြို့နယ် အနောက်ဘက် တစ်ဖက်ကမ်းမှာရှိပါတယ်။ ပန်းလှိုင်မြစ်နဲ့ ခနောင်တို ချောင်းအကြား၊ လှိုင်မြစ်နဲ့ လှိုင်သာယာ-တွံတေးကားလမ်းကြား ဧရိယာစုစုပေါင်း ဧက သုံးသောင်းခန့် ရှိပါတယ်။

ဒီဧရိယာထဲမှာပါဝင်တဲ့ ကျေးရွာ ၂၅ အုပ်စုရှိပါတယ်။ ကြည့်မြင်တိုင်တစ်ဖက်ကမ်း တွံတေးမြို့နယ်နဲ့ ဆိပ်ကြီးခနောင်တို အပိုင်ထဲမှာရှိပါတယ်။ ကြည့်မြင်တိုင်တစ်ဖက်ကမ်း ဧရိယာလည်းဖြစ်ပါတယ်။

**မေး။ ။ဒီစီမံကိန်းအတွက် ဘယ်လိုတင်ဒါခေါ် ဆောင်ရွက်ခဲ့တယ်ဆိုတာလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ပထမအကြိမ်ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ပဥ္စမနေ့မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရန်ကုန်မြို့သစ်စီမံကိန်းကို အမြန်အကောင်အထည်ဖော်ဖို့ဆိုပြီးတော့ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) မဲဆန္ဒနယ်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်က အဆိုတင်သွင်းတယ်။

ဒီအဆိုတင်သွင်းတာနဲ့ ပတ်သက်ပြီးတော့ ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာပဲ ဆောင်ရွက်ခဲ့တယ်။ အဲဒီမှာ ထောက်ခံမဲက ၁၀၀၊ ကန့်ကွက်မဲ ၁၀ မဲ၊ ပယ်မဲလေးမဲနဲ့ လျှို့ဝှက်ဆန္ဒမဲပေးပြီး ဒီစီမံကိန်းကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရေးအဆိုကို အတည်ပြုခဲ့တာဖြစ်ပါတယ်။ အဲဒီအဆိုနဲ့ပတ်သက်ပြီး လွှတ်တော်မှာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြတယ်။

ဆွေးနွေးပြီးတဲ့အခါ ပြည်သူတွေ ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ ပထမအကြိမ် တိုင်းဒေသကြီး လွှတ်တော်မှာ အကျယ်တဝင့်ဆွေးနွေးဆုံးဖြတ်ခဲ့တယ်။ ဆုံးဖြတ်ခဲ့တဲ့အတိုင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

တင်ဒါလျှောက်လွှာလာဝယ်တဲ့ ကုမ္ပဏီက စုစုပေါင်း ၅၄ ခု ရှိတယ်။ ကုမ္ပဏီသုံးခုပဲလာပြီး တင်ဒါတင်သွင်းခဲ့တယ်။ အဲဒီကုမ္ပဏီတွေက ရန်ကုန်အနောက်တောင် ဒေသဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ Business Capital City Development Ltd ၊ ရွှေပုပ္ပားအပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဒီသုံးဖွဲ့ပဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။

ဒီသုံးဖွဲ့ကို ပဏာမ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှာ စတင်စိစစ်ခဲ့တယ်။ တင်ဒါစိစစ်ရေးကော်မတီကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားတာရှိတယ်။ ရန်ကုန်မြို့သစ်စီမံကိန်း Developer အဆိုပြု တင်ဒါလျှောက်လွှာတွေကို ပဏာမဖွင့်ဖောက်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုပြီးတော့ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၀ ရက်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်စာ ထွက်တာရှိပါတယ်။

တင်သွင်းထားပြီးတဲ့ တင်ဒါအဆိုပြုလွှာတွေကို ပဏာမဖွင့်ဖောက်စိစစ်ဖို့အတွက် စိစစ်ရေးအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၇/၂၀၁၅)၊ ဆုံးဖြတ်ချက်အပိုဒ်(၅၉)အရ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး (ကရင်)ဦးစောထွန်းအောင်မြင့် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဥပဒေအရာရှိ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး စီမံကိန်းဦးစီးမှူး၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မြို့ပြအင်ဂျင်နီယာဌာန၊ ပါမောက္ခ (ဌာနမှူး)၊ အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းများစစ်ဆေးရေးကော်မတီ၊ ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ လက်ထောက်ဌာနမှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဗိသုကာအသင်းမှ ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ကိုယ်စားလှယ်တစ်ဦး စသည်ဖြင့် စုစုပေါင်း လူပုဂ္ဂိုလ် ၁၃ ဦးပါဝင်တဲ့ ရန်ကုန်မြို့သစ်စီမံကိန်း Developer အဆိုပြုလွှာတင်ဒါလျှောက်လွှာများကို ပဏာမ ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့ဆိုပြီး တာဝန်ပေးအပ်ခဲ့တယ်။

ဒီတင်ဒါစိစစ်ရေးအဖွဲ့အနေနဲ့ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှာ စတင်စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ ထပ်မံပြီး ဒုတိယအကြိမ်စိစစ်ခဲ့တယ်။ ဒုတိယအကြိမ် စိစစ်ပြီးတဲ့အခါမှာ သုံးဖွဲ့လုံးရဲ့ တင်ပြချက်တွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးမှာ လာရောက်ရှင်းလင်းတင်ပြဖို့ လိုအပ်တယ်လို့ တင်ဒါစိစစ်ရေးကော်မတီအနေနဲ့ သုံးသပ်ပြီး ဆုံးဖြတ်ခဲ့တယ်။

အဲဒီအတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တွေ အားလုံးပါဝင်တဲ့ အစည်းအဝေးမှာပဲ ကုမ္ပဏီသုံးခုက power point နဲ့ သူတို့ဆောင်ရွက်မယ့် အချက်အလက်တွေကို အသေးစိတ် ရှင်းလင်းတင်ပြတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးတွေနဲ့ တင်ဒါစိစစ်ရေးအဖွဲ့ဝင်တွေကလည်း လိုအပ်တာတွေအားလုံး မေးမြန်းဆွေးနွေးခဲ့ပါတယ်။ ဆက်လက်ပြီး တင်ဒါစိစစ်ရေးအဖွဲ့က အဖွဲ့သုံးဖွဲ့ကို စိစစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ထပ်မံတင်ပြတာတွေရှိတယ်။ ဒီလိုတင်ပြရတဲ့အကြောင်းကလည်း ဒီစီမံကိန်းကြီးက ခန့်မှန်းဧရိယာဧက သုံးသောင်းလောက်ရှိတယ်။

ဒေသခံတွေကို မြေတွေနဲ့ပတ်သက်ပြီး ဘယ်လိုစီမံခန့်ခွဲမလဲ၊ ရွာမြေ၊ ဂရန်မြေ အမည်ပေါက်တွေလည်း ရှိတယ်။ လယ်ယာလုပ်ငန်းတွေလည်း ရှိတယ်။ ဒီဒေသမှာရှိတဲ့ ဒေသခံတွေဖွံ့ဖြိုးဖို့အတွက် ရှေးရှုပြီးလုပ်တဲ့ စီမံကိန်းပါ။ ဒေသခံတွေမနစ်နာစေဖို့ တင်ဒါစိစစ်ရေးအဖွဲ့အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကပါ တစ်ခါတည်း ပိုမိုပြီး ပြည့်ပြည့်စုံစုံဖြစ်ဖို့အတွက် အသေးစိတ်စိစစ်ခဲ့တာဖြစ်တယ်။

**မေး။ ။ အခုလိုမျိုး ဧကများစွာ ကျယ်ပြန့်တဲ့နေရာမှာ စီမံကိန်းစမယ်ဆိုတော့ ဒေသခံတွေနဲ့ပတ်သက်ပြီး ဘယ်လိုရှင်းလင်းဆောင်ရွက်ရတာတွေရှိပါသလဲ။**

ဖြေ။ ။နှစ်ပိုင်းရှိပါတယ်။ ဒေသခံပြည်သူအများစုက ဒီစီမံကိန်းကို လိုလားတယ်လို့ သိရတယ်။ ဒါတွေနဲ့ပတ်သက်ပြီး သိသာထင်ရှားတဲ့အချက်တွေက ဒေသခံပြည်သူတွေအနေနဲ့ ဒီစီမံကိန်းဖော်ဆောင်ပေးပါဆိုပြီး ဆန္ဒဖော်ထုတ်တာတွေ ရှိတယ်။

ဒေသခံတွေက တကယ်လိုလားတဲ့အတွက် ဒေသခံတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးမြင့်လွင်က အမြန်အကောင်အထည်ဖော်ပေးရန် တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းတယ်။ ဒေသခံ ပြည်သူအများစုက အမှန်တကယ်လိုလားကြောင်း တွေ့ရှိရတယ်။

ဒါတွေ ဘာကြောင့် ပြောနိုင်သလဲဆိုတော့ သူတို့ရဲ့ ဆန္ဒဖော်ထုတ်မှုတွေ အများကြီးရှိတယ်။ ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာ ဒေသဖွံ့ဖြိုးရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးပါဆိုပြီး အစိုးရကို တိုက်တွန်းတဲ့ ဆန္ဒဖော်ထုတ်မှုတွေ ဆောင်ရွက်ခဲ့တာတွေ့ရတယ်။ ထိုနည်းတူ တစ်ဆက်တည်း ဒီစီမံကိန်းကို မဖြစ်လိုတဲ့သူနဲ့ ဖြစ်လိုတဲ့သူဆိုပြီး လူ့သဘောသဘာဝအတိုင်း တွေ့ရှိရတယ်။

လူ့သဘာဝအတိုင်းကွဲပြားမှုတွေရှိတယ်လို့ ရှုမြင်ပါတယ်။ ဒီစီမံကိန်းက ဒေသခံပြည်သူအများစု လိုလားတဲ့ စီမံကိန်းဖြစ်တယ်။ လွှတ်တော်မှာလည်း တရားဝင်ကိုယ်စားပြု ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးခဲ့တယ်။ ဆွေးနွေးပြီး လျှို့ဝှက်ဆန္ဒမဲပေးပြီးဆုံးဖြတ်ခဲ့တယ်။ ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ တရားဝင်ဆွေးနွေးဆုံးဖြတ်ခဲ့တာကြောင့် အစိုးရအဖွဲ့မှာလည်း ဖော်ဆောင်ပေးရမယ့် တာဝန်ရှိပါတယ်။

ဒီလိုဖော်ဆောင်ပေးရမယ့် စီမံကိန်းဖြစ်တာကြောင့် အသေးစိတ်ကို တင်ဒါစိစစ်ရေးအဖွဲ့နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တွေ အသေးစိတ်စိစစ်နေတဲ့ အနေအထားဖြစ်ကြောင်း တင်ပြလိုပါတယ်။

**မေး။ ။မြို့သစ်စီမံကိန်းနဲ့ပတ်သက်ပြီး ဘာတွေဆောင်ရွက်သွားဖို့ ရှိပါသလဲရှင့်။**

ဖြေ။ ။ဒီစီမံကိန်းက ကြီးမားတယ်။ ဖြည့်စွက်တင်ပြချင်တာကတော့ ကုမ္ပဏီတွေရဲ့ တင်ပြချက်တွေကို စိစစ်ခဲ့တဲ့အခါမှာ စီမံကိန်းဟာ ခန့်မှန်းခြေ (၁၀)နှစ် ဝန်းကျင်လောက်ရှိမယ့် စီမံကိန်းဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်အတန်းမီဖို့လိုတယ်။ ရေဆိုးစွန့်ပစ်စနစ်ကအစ မော်တော်ယာဉ်သွားဖို့ လမ်းမကြီးတွေ တည်ဆောက်ဖို့လိုတယ်။

အရင်ဆုံး မြစ်ကူးတံတားကြီး ငါးစင်းကတော့ မဖြစ်မနေ တည်ဆောက်ပြီး အစိုးရအဖွဲ့ကိုလွှဲဒါန်းမယ့် အနေအထားဖြစ်ပါတယ်။ ဒီစီမံကိန်းကြီးဖြစ်ထွန်းခဲ့ရင် လက်ရှိရန်ကုန်မြို့ကြီးနဲ့ ကွာဟမှုနည်းသွားမယ့် ဒေသကြီးတစ်ခုအနေနဲ့ ရှုမြင်ပါတယ်။ ဒေသခံပြည်သူတွေလည်း လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမယ်။ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် အားလုံးတိုးတက်လာမယ်လို့မြင်ပါတယ်။

စီမံကိန်းကာလက ၁၀ နှစ်ဆိုတော့ အချိန်ယူပြီး တဖြည်းဖြည်းနဲ့ဖော်ဆောင်သွားရမယ့် စီမံကိန်းလို့ မြင်ပါတယ်။ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်လည်း ကျယ်ပြန့်တယ်။ ပတ်ဝန်းကျင်မထိခိုက်အောင် အစီအမံတွေ လိုအပ်တယ်။ မူလရှိပြီးသားဒေသကို ဒီထက်ဖွံ့ဖြိုးအောင် လုပ်မယ်ဆိုရင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အရင်းအနှီး ကြီးမားတယ်။ အချိန်ကာလကလည်း(၁၀)နှစ်လောက်မှ ရုပ်လုံးပီပီပြင်ပြင်ပေါ်မယ့် အနေအထားဖြစ်ပါတယ်။

**မေး။ ။လက်ရှိမှာ မြို့သစ်တွေအများကြီးဖော်ထုတ်ခဲ့ပြီး ယခုဖော်ဆောင်မယ့် မြို့သစ်နဲ့ ဘယ်လို ကွာခြားမှုရှိပါသလဲ။**

ဖြေ။ ။အရင်မြို့သစ်တွေကလည်း အဲဒီအချိန်မှာရှိတဲ့ တာဝန်ရှိသူတွေ လိုအပ်ချက်အရ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတုန်းက အစိုးရပိုင်းကဦးဆောင်ပြီး ဆောင်ရွက်ရတဲ့ စီမံကိန်းအမျိုးအစားတွေ ဖြစ်တယ်။ ဒါကတော့ ပုဂ္ဂလိကကို Developer အဖြစ် တာဝန်ပေးအပ်ပြီး ဆောင်ရွက်စေတဲ့ လုပ်ငန်းအမျိုးအစားဖြစ်တဲ့အတွက် ကွာခြားမှုတော့ရှိတယ်။

ဒီဘက် ဒီမိုကရေစီနိုင်ငံတော် ထူထောင်တဲ့အချိန်မှာ ပုဂ္ဂလိကကဏ္ဍကို အားပေးရာလည်းရောက်တယ်။ နိုင်ငံတော်ဘက်ကိုလည်း တံတားငါးစင်းဆောက်ပြီး ပြန်လည်လှူဒါန်းမှာဖြစ်တဲ့အတွက် နိုင်ငံတော်နဲ့ ပြည်သူအတွက် အကျိုးအမြတ်ရတယ်လို့ပြောချင်တယ်။ ပြည်သူတွေကို တံတားဖြတ်သန်းခလုံးဝမယူဘဲ ဆောင်ရွက်ပေးမယ်လို့ ကတိကဝတ်ပြုထားပါတယ်။

လမ်းမကြီးတွေကိုလည်း ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွား အစရှိသဖြင့် စံနှုန်းနဲ့အညီ ဆောင်ရွက်သွားမယ်လို့ တင်ပြထားတဲ့အတွက် ဒီစီမံကိန်း အောင်အောင် မြင်မြင်ဖြစ်ထွန်းခဲ့ရင် ပြည်သူတွေအကျိုးအများကြီး ခံစားရမှာပါ။ ဒေသခံတွေသာမက ရန်ကုန်မြို့ထဲက ပြည်သူတွေပါ ခြံနဲ့ဝင်းနဲ့ နေချင်တယ်ဆိုရင် သွားရောက်နေနိုင်မယ်လို့မြင်ပါတယ်။ ဒီစီမံကိန်းက ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းကတည်းက အစီအစဉ်တွေရေးဆွဲပြီး ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်ရှင့်။

> **ဒီမိုကရေစီနိုင်ငံတော် ထူထောင်တဲ့အချိန်မှာ ပုဂ္ဂလိကကဏ္ဍကို အားပေးရာလည်းရောက်တယ်။ နိုင်ငံတော်ဘက်ကိုလည်း တံတားငါးစင်းဆောက်ပြီး ပြန်လည်လှူဒါန်းမှာဖြစ်တဲ့အတွက် နိုင်ငံတော်နဲ့ ပြည်သူအတွက် အကျိုးအမြတ်ရတယ်လို့ ပြောချင်တယ်။ ပြည်သူတွေကို တံတားဖြတ်သန်းခလုံးဝမယူဘဲ ဆောင်ရွက်ပေးမယ်လို့ ကတိကဝတ်ပြုထား**

သတင်း - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ရဲထွဋ်

❖ *ကျောဖုံးမှ*

ကီလိုဝပ် ၁၃၀၀၀ လောက်သုံးနိုင်တဲ့ အခြေအနေရှိတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေကို သုံးသပ်လို့ရပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာတောင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု နည်းပါးနေသေးတာ တွေ့ရပါတယ်။ ဖွံ့ဖြိုးမှုနိမ့်ကျနေတယ်လို့ ပြောလို့ရပါတယ်။

ဒါကိုသိလို့ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးကို အခြေခံအချက်အဖြစ်နဲ့ ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ဦးစားပေးလုပ်ငန်းစဉ်တွေထဲမှာလည်း နံပါတ်တစ်အနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ လျှပ်စစ်က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ပြန့်တာမို့ထုတ်လုပ်မှုနဲ့ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှုပိုင်းဆိုင်ရာ အချက်သုံးချက်ကို ဟန်ချက်ညီဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ အဲဒီမှာ နိုင်ငံတစ်နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားရရှိမှုဟာ ကုန်ကျစရိတ်က အဓိကအချက်ဖြစ်ပါတယ်။

၂၀၁၀-၂၀၁၁ ခုနှစ်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ၁၇၇ ဘီလီယံ သုံးစွဲခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ၅၉၃ ဘီလီယံအထိ တိုးတက်ရင်းနှီးမြှုပ်နှံခဲ့တဲ့အတွက် ဒီငါးနှစ်အတွင်းမှာ နိုင်ငံတော်က သုံးဆကျော် ရင်းနှီးမြှုပ်နှံပေးပါတယ်။

အဲဒီမှာ တပ်ဆင်စက်အင်အားမှာဆိုရင် ၂၀၁၀-၂၀၁၁ ခုနှစ်မှာ မဂ္ဂါဝပ် ၃၄၀၀ ခန့် ရှိရာကနေ ၂၀၁၅-၂၀၁၆ ခုနှစ်ရောက်တဲ့အခါ ၅၀၈၉ မဂ္ဂါဝပ်အထိ တိုးမြင့်လာခဲ့ပါတယ်။ အဲဒါကြောင့် တပ်ဆင်စက်အင်အား တစ်ဆခွဲလောက် တိုးလာတယ်လို့ ပြောလို့ရပါတယ်။

ပြည်သူတွေဆီ လျှပ်စစ်ဓာတ်အားရောက်ရှိမှုမှာ ပြည်သူတွေသုံးတဲ့ လျှပ်စစ်ယူနစ်ဟာ တစ်တိုင်းပြည်လုံးကိုပေးတဲ့ ဓာတ်အားက ၂၀၁၀-၂၀၁၁ ခုနှစ်မှာ သန်းပေါင်း ၈၀၀၀ ကျော်ရှိပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ တွက်ချက်ထားတာကတော့ ၁၀၀၀၀ ကျော်သွားပါပြီ။ ကျန်တဲ့သုံးလပါ ပေါင်းလိုက်ရင် ယူနစ် သန်းပေါင်း ၁၆၀၀၀ ဖြစ်လာမှာပါ။ အဲဒါကြောင့် ဒီကာလမှာ နှစ်ဆလောက် တိုးတက်ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။ ထုတ်တာကနေ ပို့လွှတ်တာရဲ့ကြားမှာ မဟာဓာတ်အားလိုင်းတွေ တည်ဆောက်ရပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ မိုင် ၃၀၀၀၀ လောက်ပဲရှိတာကနေ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ မိုင် ၄၀၇၀၀ အထိ ရှိသွားပါပြီ။ ဒါလည်း တစ်ဆခွဲလောက် တိုးလာခဲ့တယ်။ အခု ဒီကာလအတွင်းမှာ မြို့ပေါင်း ၃၃ မြို့ကို နည်းမျိုးစုံနဲ့ပေးတဲ့ အစီအစဉ်ကနေ နိုင်ငံတော်ဓာတ်အားစနစ်ကနေ မီးပေးနိုင်တဲ့အဆင့် ရောက်လာပါတယ်။

ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိတဲ့အနက် ကျေးရွာပေါင်း ၁၅၀၀၀ လောက် ဒီငါးနှစ်အတွင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ လျှပ်စစ်ကဏ္ဍက ငါးနှစ်စာပဲ လုပ်ရတဲ့အလုပ်မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးအရေးဖြစ်တာမို့ National Electricity Master Plan ကို လုပ်ရပါတယ်။

၂၀၁၂ ခုနှစ်ကတည်းက JICA နဲ့ တွဲလုပ်ခဲ့တာပါ။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ မဂ္ဂါဝပ် ၅၀၀၀ ကျော်ပဲ ရှိပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ ဘယ်လောက်လိုမလဲဆိုရင် တပ်ဆင် စက်အင်အားအနေနဲ့ မဂ္ဂါဝပ် ၂၃၅၀၀ လောက်လိုအပ်မှာ ဖြစ်ပါတယ်။

အဲဒါကြောင့် နောက်ထပ် လေးဆလောက် တွန်းတွန်းတိုက်တိုက်လုပ်ရပါဦးမယ်။ အခြေခံဘယ်လောက်လုပ်သင့်လဲဆိုတာ စဉ်းစားဖို့လိုပါတယ်။ တစ်နှစ်တစ်နှစ်ကို မဂ္ဂါဝပ် ၄၀၀ ကနေ မဂ္ဂါဝပ် ၈၀၀ လောက်အထိ တိုးတိုးပြီး မတပ်ဆင်နိုင်ရင် ကျွန်တော်တို့ရဲ့ Plan ဟာ ပြည့်မီမှာ မဟုတ်ပါဘူး။

၂၀၃၀ ပြည့်နှစ်မှာ ဓာတ်အားဘယ်လောက်လိုမလဲ၊ လိုတဲ့ဓာတ်အားကို ဘယ်လိုပို့မှာလဲဆိုတာက အဓိကပါ။ နောက်ထပ် Plan တစ်ခုကတော့ တစ်နိုင်ငံလုံးဓာတ်အား ဖြန့်ဖြူးရေးစီမံချက် National Electrification Plan ဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်နဲ့ ပူးတွဲဆောင်ရွက်တာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ရောက်နေတဲ့နေရာတွေကနေ အမြန်ဆုံးဓာတ်အားလိုင်းတွေ တိုးချဲ့ပြီး ကျေးရွာတွေအရောက် မီးဖြန့်ဖြူးဖို့ ဖြစ်ပါတယ်။ လက်ရှိမှာ တစ်နိုင်ငံလုံးရဲ့ ၃၃ ရာခိုင်နှုန်းလောက်ပဲ ဓာတ်အားရရှိသေးပါတယ်။ လုပ်ရမယ့်အလုပ်က ၁၀၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံးမီးရမယ်လို့ ဒီ Electrification Plan ကနေပြီးတော့ မျှော်မှန်းပြီး ရေးဆွဲထားတာဖြစ်ပါတယ်။

အိမ်ထောင်စုအရေအတွက်က သန်းခေါင်စာရင်းအရ ၁၀ ဒသမ ၈၉ သန်းရှိပါတယ်။ အခု လောလောဆယ် ၃ ဒသမ ၃၅ သန်းပဲ မီးရသေးပါတယ်။ အဲဒါကြောင့် ဘက်ပေါင်းစုံကနေ တွန်းတွန်းတိုက်တိုက် လုပ်ရပါဦးမယ်။



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးမော်သာထွေး

**မေး။ ။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းမှာ အရင်းအမြစ်မျိုးစုံကို စနစ်တကျ အသုံးပြုပြီး ထုတ်လုပ်ပေးမှ တည်ငြိမ်တဲ့ဓာတ်အား၊ အရည်အသွေးပြည့်ဝတဲ့ ဓာတ်အားရမယ်လို့ ဒုတိယဝန်ကြီး လွှတ်တော်မှာ ရှင်းပြခဲ့တယ်ဆိုတာ သိပါတယ်။ အဲဒီထဲမှာ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတွေလည်း ပါနေပါတယ်။ ဘာကြောင့် ကျောက်မီးသွေးစက်ရုံတွေ တည်ဆောက်ရတယ်ဆိုတာရယ်၊ ဘယ်လိုစီမံဆောင်ရွက်နေသလဲဆိုတာရယ် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ အရင်းအမြစ်မျိုးစုံကိုမသုံးရင် ဓာတ်အားခ ဈေးနှုန်းပြဿနာရှိပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမှာလည်း မညီမျှမှုတွေရှိလာမယ်။ ဓာတ်အားတည်ငြိမ်မှုကိုလည်း အနှောင့်အယှက်ပေးမယ်။ ဒီနေ့ထုတ်နေတဲ့ လျှပ်စစ်ဓာတ်အားရဲ့ ၆၃ ရာခိုင်နှုန်းဟာ ရေအားလျှပ်စစ်က ရရှိနေတာဖြစ်ပါတယ်။ ရေအားလျှပ်စစ်က ရာသီဥတုနဲ့ဆိုင်ပါတယ်။ ရေလှောင်ကန်မှာရေနည်းသွားရင် ချွေတာသုံးရပါတယ်။ ချွေတာသုံးတော့ တချို့နေရာတွေမှာ မီးပြတ်တာတွေရှိတော့ လူတွေက အဲဒါအပေါ်မှာ အားမလိုအားမရ ဖြစ်ကြပါတယ်။

သဘာဝဓာတ်ငွေ့က ၃၂ ရာခိုင်နှုန်း ရရှိပါတယ်။ ကျောက်မီးသွေးစက်ရုံကလည်း တီကျစ်မှာ တစ်ရုံပဲရှိပါတယ်။ ဘက်ပေါင်းစုံပြုပြင်ရေးတွေလုပ်နေရတော့ ရပ်ထားရပါတယ်။ အဲဒီတော့ ရေအားလျှပ်စစ်က နွေရာသီမှာ ဒုက္ခရောက်ပါတယ်။ မြန်မာနိုင်ငံကို ၂၀၃၀-၂၀၃၁ ခုနှစ်လောက်မှာ ဘယ်လိုအရင်းအမြစ်တွေနဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးမယ်ဆိုတာ အစီအစဉ် ရေးဆွဲခဲ့ပါတယ်။

ဈေးနှုန်းသက်သာရမယ်၊ အရင်းအမြစ်ရှိရမယ်၊ တည်ငြိမ်ရမယ်၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရ၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်ရမယ်။ ဒါတွေကို အခြေခံလိုက်တော့ ရေအားလျှပ်စစ်ကို ၃၈ ရာခိုင်နှုန်းလောက် ပါဝင်ပတ်သက်ခိုင်းမယ်။ ကျောက်မီးသွေးကိုလည်း ၃၀ ရာခိုင်နှုန်းကျော်လောက်ဝင်ပါပေးမှ တည်ငြိမ်တဲ့ဓာတ်အားရရှိပါမယ်။ ဓာတ်ငွေ့ကလည်း ၂၀ ရာခိုင်နှုန်းလောက်ပါမယ်။ ကျန်တဲ့လေအား၊ နေအား၊ စွန့်ပစ်အမှိုက်တွေက ၁၂ ရာခိုင်နှုန်းလောက်ရအောင် ထုတ်လုပ်ပေးရပါမယ်။

အဲဒါတွေပေါင်းလိုက်တာတောင်မှ မဂ္ဂါဝပ် ၂၃၀၀၀ ရအောင် ထုတ်လုပ်ရမှာပါ။ အဲဒီလောက်တပ်ဆင်စက်အင်အားရှိဖို့လိုအပ်တဲ့အတွက် ဒီအချိုးနဲ့ မလုပ်ဘဲ အရင်းအမြစ်တစ်ခုကို သွားအားပေးပြီး သက်သာရင်ပြီးရော၊ ဈေးနှုန်းသက်သာရင်ပြီးရော မတည်ငြိမ်ရင်နေပါစေဆိုပြီး မရပါဘူး။

မဂ္ဂါဝပ် ၂၃၀၀၀ ကျော်ရှိရမယ့် တပ်ဆင်စက်အင်အားမှာ ကျောက်မီးသွေးကို ၇၀၀၀ ကျော် ၈၀၀၀ လောက်ထိန်းထားဖို့လိုပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ထုတ်နေတဲ့ ဓာတ်ငွေ့တွင်းတွေဟာ လျော့လာပါပြီ။ နောက်ထပ်တွင်းအသစ်တွေ့မှ ကျွန်တော်တို့နိုင်ငံ အခြေအနေကောင်းပါမယ်။ နောက်ထပ်တွင်းအသစ်လည်း တူးနေပါတယ်။

အရင်က ဓာတ်အားပေးစက်ရုံတွေက အိုဟောင်းလာတာလည်းရှိပါတယ်။ အသစ်တွေပြန်လဲဖို့လည်း ရှိပါတယ်။ ဒါနဲ့အပြိုင် ကျောက်မီးသွေးစက်ရုံကို နှစ် ၂၀၊ ၂၅ နှစ်လောက် လုပ်ကိုင်ခွင့်ပေးပြီးတော့ နည်းပညာအမြင့်နဲ့ သင့်တော်တဲ့နေရာတွေမှာ ဓာတ်အားကို တည်ငြိမ်အောင် ထိန်းချင်တယ်။ ဈေးနှုန်းကိုလည်း တည်ငြိမ်အောင် ထိန်းချင်တယ်။

သူများနိုင်ငံတွေမှာ ကျောက်မီးသွေးစက်ရုံတွေ ဖျက်နေပြီဆိုတာလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့က ကျောက်မီးသွေးကနေထုတ်တာ မဂ္ဂါဝပ် ၁၂၀ ဆိုတော့ သုံးရာခိုင်နှုန်းပဲ ရှိပါသေးတယ်။ ၃၀ ရာခိုင်နှုန်းလောက် တိုးချင်တာ။ တချို့နိုင်ငံတွေဆို ကျောက်မီးသွေးကနေ ထုတ်လုပ်တဲ့လျှပ်စစ်ဓာတ်အားကို လျှော့ချင်ပေမယ့် ၅၀ ရာခိုင်နှုန်းအောက်လျှော့ဖို့ကို သူတို့တွေ မလွယ်ကူပါဘူး။

တစ်နိုင်ငံလုံး ဓာတ်အားကို အကြီးကြီးထမ်းထားရတာဆိုတော့ ပျမ်းမျှပြောရရင် ကမ္ဘာပေါ်မှာ ကျောက်မီးသွေးက တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ တစ်ကမ္ဘာလုံးထုတ်နေတဲ့ ဓာတ်အားရဲ့ ၄၀ ရာခိုင်နှုန်းလောက်အထိ ရှိပါတယ်။

တစ်နိုင်ငံလုံးမှာ ရေအားလျှပ်စစ်က အရှေ့ခြမ်းနဲ့ အရှေ့မြောက်ခြမ်းကပဲ ဆင်းလာနေတာပါ။ တစ်နိုင်ငံလုံးကို အဲဒီနေရာတွေကပဲ ပို့ရရင် ဧရာမဓာတ်အားလိုင်းတွေ တည်ဆောက်မှ ပို့လို့ရပါမယ်။

LOAD ကို Distribution လုပ်တဲ့အနေနဲ့ အောက်ဘက်မှာလည်း ရှိရပါမယ်။ ကလေးဝဘက်မှာလည်း ရှိရပါမယ်။ ကျိုင်းတုံဘက်မှာလည်း ရှိသင့်ပါတယ်။ အဲဒါကြောင့် စက်ရုံတွေတည်ဆောက်တာ ဖြစ်ပါတယ်။ ရေးမှာလုပ်ဖို့ရှိပါတယ်။ လောင်းလုံးနဲ့ ကလေးဝမှာရှိပါတယ်။ ငရုပ်ကောင်း၊ ကျောက်တန်းမှာ ရှိပါတယ်။ နောက်ဆုံးတစ်ခုကတော့ သီလဝါပါ။ သီလဝါကိုထိန်းဖို့ ပုံမှန် ၂၄ နာရီ အလုပ်ရုံတွေနဲ့လုပ်ရမှာဖြစ်လို့ သီလဝါမှာလည်း ထိုက်သင့်တဲ့မဂ္ဂါဝပ်နဲ့ သူ့ကို မောင်းပေးဖို့ လိုပါတယ်။

ဘယ်အဆင့်ရောက်နေပြီလဲဆိုရင်တော့ နားလည်မှုစာချွန်လွှာအဆင့်ပဲရှိသေးတယ်။ နောက်တက်လာမယ့် အစိုးရက လုပ်သင့်ရင်လုပ်ပါ။ မလုပ်သင့်ဘူးဆိုရင်လည်း သဘောပါပဲ။ နိုင်ငံခြားက ဝယ်တဲ့ဓာတ်အားဆိုတာ နိုင်ငံခြားကို အမြတ်ပေးပြီး သုံးရတာပါ။

ကိုယ့်ဆီကအလုပ်သမားတွေလည်း အလုပ်အကိုင်အခွင့်အလမ်းမရဘူး။ နည်းပညာလည်းမရဘူး။ ဒေသဖွံ့ဖြိုးရေးလည်း မရဘူး။ ဘာရမလဲဆိုတော့ မီးရတာနဲ့ မီးပေါ်မှာအခြေခံပြီး စီးပွားရေးလုပ်လို့ပဲရပါမယ်။ ကိုယ့်နိုင်ငံအတွင်းမှာ ရေအားလျှပ်စစ်စက်ရုံတွေနဲ့ ကျောက်မီးသွေးစက်ရုံတွေ တည်ဆောက်ရင် နည်းပညာ၊ အလုပ်အကိုင်အခွင့်အလမ်းတွေရပါမယ်။

ကိုယ့်နိုင်ငံထဲမှာရှိလို့ ကိုယ့်စီမံခန့်ခွဲမှုနဲ့ ဆုံးဖြတ်နိုင်ပါတယ်။ တရုတ်ပြည်ဆို နှစ်ပေါင်း ၄၀၊ ၅၀ လောက်က ကျောက်မီးသွေးစက်ရုံတွေတည်ထားပါတယ်။ ၇၉ ရာခိုင်နှုန်းလောက်ထိ တည်ရှိခဲ့ပါတယ်။ ရုတ်တရက်တော့ သဘာဝပတ်ဝန်းကျင်ထိခိုက်တယ်။ ဒါပေမယ့် တရုတ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေဟာ ကောင်းလာပြီဖြစ်လို့ လျှော့ချတာဖြစ်ပါတယ်။

အဲဒါကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံတွေကို သွားပြီးတော့ သူတို့လုပ်သလို ကျွန်တော်တို့ နိုင်ငံအနေနဲ့ လုပ်ဖို့မလိုပါဘူး။ သူတို့ဘယ်တုန်းက ဘာလုပ်ခဲ့တယ်ဆိုတာ ပြန်ကြည့်ပြီးတော့မှ လုပ်သင့်ပါတယ်။ သူ့နိုင်ငံဘာလုပ်နေတယ်ဆိုတာကြည့်ပြီး ငါဘာလုပ်ချင်တယ်ဆိုလို့မရပါဘူး။ ဘက်စုံအခြေအနေကို ကြည့်ပြီးမှ သုံးသပ်ပြီး လုပ်ဖို့ပဲ တင်ပြလိုပါတယ်။

**မေး။ ။ ရေအားလျှပ်စစ်အရင်းအမြစ်တွေလည်း နိုင်ငံထဲမှာ ပေါကြွယ်ဝတယ်လို့ ဒုတိယဝန်ကြီး လွှတ်တော်ထဲမှာ ရှင်းတာတွေ့ရပါတယ်။ ရေအားလျှပ်စစ်တွေလုပ်ဖို့ ရည်ရွယ်ထားတဲ့အထဲက သံလွင်မြစ်ပေါ်မှာ ဆောင်ရွက်မယ့်စီမံကိန်းတွေကို ပြည်သူတွေ စိတ်ဝင်စားကြတော့ ဘယ်လိုစီမံဆောင်ရွက်နေတယ်ဆိုတာ နည်းနည်းလောက် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ သံလွင်မြစ်ပေါ်မှာ ရေအားလျှပ်စစ်စီမံကိန်းတွေလုပ်တယ်လို့ပြောကြပါတယ်။ တစ်ခုမှ မလုပ်ရသေးပါဘူး။ ကွမ်းလုံစီမံကိန်းပဲ မဂ္ဂါဝပ် ၁၄၀၀ ကို တမံကလည်း ပြည်တွင်းမှာရှိတဲ့ တမံတွေရဲ့ပျမ်းမျှအမြင့်လောက်ပဲ ရှိတဲ့ တမံအမြင့်လေးပါ။

သံလွင်မြစ်ကြီးကို နှစ်စဉ် စီးဝင်ရေအကုန်လုံးရဲ့ တစ်ရာခိုင်နှုန်းတောင်မှ မရှိတဲ့ရေကို Operate လုပ်ပြီး လှောင်ထားပြီးတော့လုပ်တဲ့ စီမံကိန်းပါ။ ရေလှောင်ကန် ပမာဏအများကြီးလည်းမရှိပါဘူး။ ဒီကွမ်းလုံစီမံကိန်း တစ်ခုပဲ JV လုပ်ဖို့ လက်မှတ်ရေးထိုးထားတာရှိပါတယ်။ နောက်ထပ်သံလွင်မြစ်ပေါ်မှာ လေးခုရှိပါတယ်။ သူ့ရဲ့ လက်တက်ပေါ်မှာ တစ်ခုရှိပါတယ်။ သံလွင်မြစ်ပေါ်မှာ ခြောက်ခုရှိတယ်ဆိုတာမဟုတ်ပါဘူး။ တစ်ခုပဲ JV ဖြစ်ပြီးတော့ ကျန်တာတွေက MoU၊ MoA အဆင့်ပဲရှိပါသေးတယ်။

**မေး။ ။ ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်တဲ့ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းမှာ တင်ဒါမခေါ်ဘဲ လုပ်ငန်းအပ်နှံလိုက်တယ်လို့ မကြာမီက ကြားသိရတဲ့အပေါ်မှာရော ဒုတိယဝန်ကြီးအနေနဲ့ ရှင်းပြပေးနိုင်မလားခင်ဗျာ။**

ဖြေ။ ။ ရေအားလျှပ်စစ်ရဲ့ လုပ်ငန်းသဘာဝက ဝေးလံတဲ့တောတောင်တွေမှာ သွားဆောင်ရွက်ရပါတယ်။ မြစ်ထဲ ချောင်းထဲမှာ လုပ်ရပါတယ်။ ဥမင်လိုဏ်တွေ တူးရပါတယ်။ ဧရာမပိုက်လုံးကြီးတွေ တပ်ဆင်ရပါတယ်။ တမံလုပ်ငန်းတွေဆိုရင်လည်း ရေထဲချောင်းထဲမှာ ဆင်းပြီး လုပ်ရပါတယ်။ စက်ရုံတွေတည်တော့လည်း မြေပေါ်မြေအောက် လုပ်ရပါတယ်။

ရေပိုလွှဲဆိုလည်း အကြီးကြီးတွေလုပ်ရပါတယ်။ အဲဒီမှာ လူတော်တော်များများလုပ်နိုင်တဲ့ အနေအထား မရှိပါဘူး။ အဲဒါကြောင့် အထက်ကျိုင်းတောင်းမှာ နိုင်ငံတော်က လုပ်နေတဲ့အလုပ်ရှိပါတယ်။ အဲဒီအလုပ်ကို နိုင်ငံတော်ကလည်း ကြီးကြပ်ပေး၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှာ ကိုယ်ပိုင်စက်တွေ၊ ဒီဇိုင်နာတွေ စသဖြင့် အများကြီးရှိပါတယ်။

ဒါပေမယ့် အင်နဲ့အားနဲ့ လုပ်ဖို့လိုအပ်နေတဲ့ အထက်ကျိုင်းတောင်းစီမံကိန်းမှာ စနစ်တကျ သေချာကန်ထရိုက်ပေးချင်တယ်။ လုပ်ငန်းအတွေ့အကြုံရှိတဲ့သူကို ပေးချင်တယ်။ ဈေးနှုန်းကိုလည်းစိစစ်ပြီး ကန်ထရိုက်ပေးချင်တယ်။ ဒီလို အခြေအနေအပေါ်မှာမူတည်ပြီး စဉ်းစားတဲ့အခါ တင်ဒါခေါ်တဲ့နည်းစနစ်က နှစ်မျိုးရှိပါတယ်။ ကမ္ဘာပေါ်မှာ လုပ်နေတာ ဖြစ်ပါတယ်။

ကျွန်တော်တို့တစ်နိုင်ငံထဲမှာ လုပ်နေတာမဟုတ်ပါဘူး။ Open Tender နဲ့ Limited Tender ဆိုပြီး နှစ်ခုရှိပါတယ်။ အဲဒီနှစ်မျိုးမှာ အခြေအနေနဲ့ အချိန်အခါအပေါ်မူတည်ပြီး ဆုံးဖြတ်ပါတယ်။ လုပ်ငန်းကျွမ်းကျင်သူလည်း သိပ်မရှိတော့ Limited Tender ပဲခေါ်လိုက်တာပါ။

လူတွေက ပြောချင်တာက လက်သိပ်ထိုးကန်ထရိုက်ပေးတယ်လို့ပြောချင်တာ။ Limited Tender ကို ကမ္ဘာက အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် ကုမ္ပဏီတစ်ခုတည်းပေးချင်တာကို အဲဒီကုမ္ပဏီပဲခေါ်လိုက်တယ်ဆိုရင်တော့ ဘယ်တရားမလဲ။ အဲဒါကြောင့် စိစစ်ဖို့လုပ်တဲ့အခါမှာ ကုမ္ပဏီခြောက်ခုထဲက လုပ်ငန်းအတွေ့အကြုံရှိတဲ့ ကုမ္ပဏီတွေကို Limited Tender ခေါ်လိုက်ပါတယ်။

ရွေးတဲ့အခါမှာလည်း အခြေခံနှစ်ခုရှိပါတယ်။ Limited ခေါ်လိုက်ခြင်းအားဖြင့် အချိန်တိုသွားတယ်။ အချိန်သက်သာပေမယ့် ကျွမ်းကျင်မှုကိုလည်းစိစစ်ဖို့လိုလာပြီ။ ဒီကုမ္ပဏီတွေထဲမှာ ဘယ်သူကအကောင်းဆုံးလဲဆိုတာ။ အဲဒီလိုစိစစ်တော့ အမှတ်ပေးစည်းမျဉ်း လိုလာတယ်။ ကျွမ်းကျင်မှုဆိုင်ရာကို ၇၀၊ ဈေးနှုန်းစိစစ်တာကို ၃၀ စသဖြင့် ဈေးနှုန်းက တအားအရေးမကြီးဘူး။ လုပ်ငန်းမကျွမ်းကျင်ရင် နောင်ပြဿနာပေါ်မှာဖြစ်လို့ အပြည်ပြည်ဆိုင်ရာမှာလည်း ဒီစနစ်ကို ကျင့်သုံးပါတယ်။ တကယ်လို့ ကျွမ်းကျင်မှုဆိုင်ရာသိပ်အရေးမကြီးဘူးဆိုရင်တော့ ၅၀ ဖြစ်ရင်ဖြစ်မှာပေါ့။ ဒါပေမယ့် ဒီနေရာမှာတော့ ရေအားလျှပ်စစ်သဘာဝအရ ဘေးကင်းဖို့နဲ့ ကျွမ်းကျင်ဖို့ကို အဓိကထားတာပါ။

နောက်ဆုံးတစ်ခုက Quality Control ပါ။ လုပ်ငန်းအတွေ့အကြုံနဲ့ ခန့်ထားတဲ့သူတွေရဲ့ အရည်အချင်းပါ။ ကျွမ်းကျင်မှုအချက် ၁၀ ချက်ပေါ်မှာပဲ အမှတ်ပေးတာပါ။ ကျွမ်းကျင်မှုကို ၁၀၀ ပေးထားပေမယ့် ၆၀ တောင် မပြည့်တဲ့သူဆိုရင် ပယ်ပစ်လိုက်ပါတယ်။ Limited ပေးလိုက်တဲ့အတွက် ကျွမ်းကျင်မှုဆိုင်ရာမှာ အခြေအနေကောင်းကြပါတယ်။

အဲဒါကြောင့် ဈေးနှုန်းဖွင့်ဖောက်ခြင်းကို ဆက်သွားပါတယ်။ ပြီးမှ သူတို့ကို ဖိတ်ခေါ်လိုက်တာပါ။ ဈေးနှုန်းကိုလည်း သူတို့ရှေ့မှာဖွင့်ဖောက်ပြီး တစ်ခါတည်း ကွန်ပျူတာကနေ ရိုက်တင်တာဖြစ်ပါတယ်။ အဲဒီမှာ သူတို့ရဲ့ရမှတ်တစ်ခါတည်းပေါ်လာတယ်။ ရမှတ်အများဆုံးလူကိုပဲ ရွေးချယ်လိုက်တာဖြစ်ပါတယ်။

အထက်ကျိုင်းတောင်းစီမံကိန်းမှာ လုပ်နေတဲ့ ကုမ္ပဏီခြောက်ခုကို Limited ခေါ်တာဖြစ်ပြီး တစ်ခုတည်း လက်သိပ်ထိုးတာမရှိပါဘူး။ အဲဒီ ခြောက်ခုကလည်း လုပ်ငန်းကျွမ်းကျင်မှုရှိပါတယ်။ ရေအားလျှပ်စစ်တည်ဆောက်မှုအတွေ့အကြုံက ထူးခြားတဲ့အတွေ့အကြုံရှိတဲ့ ကုမ္ပဏီနှစ်ခုကိုရွေးပြီး တာဝန်ပေးခဲ့တာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ဩဂုတ်လကတည်းက တင်ဒါခေါ်ခြင်းလုပ်ငန်းကို စတင်ခဲ့တာပါ။ အစိုးရအဖွဲ့ရုံးကို တင်ပြရပါတယ်။ စီးပွားရေးကော်မတီရေးရာကိုလည်း တင်ပြပါတယ်။ ဒီဇင်ဘာလမှာ ရွေးတဲ့အဆင့်ရောက်ပါတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ မတ်လကျမှဇွတ်လုပ်ကိုင်နေတာ မဟုတ်ပါဘူး။ ဒီတစ်ခုတည်း မဟုတ်ပါဘူး။ တခြားကိစ္စတွေမှာလည်း ဒီလိုပဲ ဆောင်ရွက်ခဲ့တယ်ဆိုတာ တင်ပြလိုပါတယ်။

ဟုတ်ကဲ့ အခုလို ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ရေအားလျှပ်စစ်မှ ၆၆ ရာခိုင်နှုန်းကျော်၊ သဘာဝဓာတ်ငွေ့မှ ၂၉ ရာခိုင်နှုန်းခန့်နှင့် ကျောက်မီးသွေးမှ သုံးရာခိုင်နှုန်းဝန်းကျင် ပါဝင်နေခြင်းဖြစ်ပြီး လက်ရှိအစိုးရ သက်တမ်းအတွင်း မဂ္ဂါဝပ် ၁၈၀၀ ကျော် တိုးချဲ့ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ-နိုင်လင်းကြည်**

# ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် ( ၅ / ၂၀၁၆ )**
**၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )**

**ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း**

*ယမန်နေ့မှအဆက်*

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော်မဲဆန္ဒနယ် |
|---|---|---|---|
| ၇၈ | ဦးခင်မောင်ကြည် | မရှိ | မဟာအောင်မြေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၉ | ဦးသွယ် | ဦးသွယ်မောင်မောင် | အောင်မြေသာစံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၀ | ဦးအေးကျော် | မရှိ | မဟာအောင်မြေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၁ | ဦးဇော်ရှိန်း | မရှိ | ချမ်းအေးသာစံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၂ | ဦးမင်းစိုး | မရှိ | ပုသိမ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၃ | ဒေါ်တိုးတိုးကျော် | မရှိ | မိတ္ထီလာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၄ | ဒေါ်ယဉ်ယဉ်ဝင်း | မရှိ | မလှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၅ | ဒေါ်မေဝင်းနိုင်ဦး | မရှိ | ကျိုက်မရောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မွန်ပြည်နယ် |
| ၈၆ | ဦးသိန်းလွင် | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)၊ မွန်ပြည်နယ် |
| ၈၇ | ဦးမျိုးဝေ | ဦးကျော်စိုးမင်း | သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ် |
| ၈၈ | ဦးအောင်ငွေ | ဦးအောင်ထူးလင်း | သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ် |
| ၈၉ | ဦးထွန်းရွှေ | မရှိ | မာန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရခိုင်ပြည်နယ် |
| ၉၀ | ဦးမောင်ကျော်ဇံ | မရှိ | မင်းပြားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရခိုင်ပြည်နယ် |
| ၉၁ | ဦးကြာအောင် | မရှိ | မင်းပြားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရခိုင်ပြည်နယ် |
| ၉၂ | ဦးခင်စိုး | မရှိ | လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၃ | ဦးထွန်းထွန်းဦး | မရှိ | မှော်ဘီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၄ | ဒေါက်တာစောအောင်ထွန်းကြည် | မရှိ | ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၅ | ဦးသက်ထွန်း | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၉)၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၆ | ဦးမန်းဖိုးစော | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၀)၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၇ | ဦးကျော်မိုးသူ | မရှိ | အင်းစိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၈ | ဒေါ်တိုးတိုး | မရှိ | ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၉ | ဦးပြည့်စုံ | မရှိ | ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၀ | ဒေါ်အေးစန္ဒာလင်း | မရှိ | လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၁ | ဒေါ်ကြည်ကြည်ဆွေ | မရှိ | လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၂ | ဒေါ်စန်းစန်းဝေ | မရှိ | မှော်ဘီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၃ | ဦးနိုင်လင်းထက် | မရှိ | ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၄ | ဒေါ်ထွေးထွေးမြင့် | မရှိ | ဒေါပုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၅ | ဒေါက်တာအောင်ကျော်ရှိန် | မရှိ | မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၆ | ဦးညီညီဖုန်းကျော် | မရှိ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၇ | ဦးခင်မောင်ကျော် | ဦးအောင်ဇော်ဦး | သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၈ | ဒေါက်တာအမောင် | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၄)၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၉ | ဦးဝင်းထွန်းနိုင် | မရှိ | တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၀ | ဦးစိုးမြင့် | မရှိ | မြောက်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၁ | ဦးထူးဝေလင်း | မရှိ | တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၂ | ဒေါ်အေးသီတာ | မရှိ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၃ | ဦးမင်းမင်းသန်း | မရှိ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၄ | ဦးခင်မောင်ရွှေ | မရှိ | မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၅ | ဦးကျော်စွာငြိမ်း | ဦးကြိုင်ဝင်း | သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၆ | ဦးစိုးသိန်း(ခ)ရဲသီဟ | မရှိ | ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၇ | ဒေါ်စိုးစန္ဒာနိုင် | ဒေါ်လှလှဝင်း | ကော့မှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၈ | ဦးသောင်းကြည် | မရှိ | လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၉ | ဒေါ်အီးအမ်း | မရှိ | မိုင်းပျဉ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၂၀ | ဦးဆန်နီ | မရှိ | မိုင်းခတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၂၁ | ဦးစိုင်းဆမ်တစ် | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၆)၊ ရှမ်းပြည်နယ် |
| ၁၂၂ | ဦးစိုင်းခမ်းခေါင် | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၆)၊ ရှမ်းပြည်နယ် |
| ၁၂၃ | ဦးစောဖေ | မရှိ | ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၄ | ဦးဘော်နီ | မရှိ | မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၅ | ဦးကျာလား | မရှိ | မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၆ | ဦးအိုက်ဆိုက် | မရှိ | မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၇ | ဦးစိုင်းထွန်းရွှေ(ခ) စိုင်းဆိုင်လျန်း | မရှိ | မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၈ | ဒေါ်နန်းခမ်းအောင် | မရှိ | မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၉ | ဦးကျော်ကျော်မိုး | မရှိ | မိုင်းဖြတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၃၀ | ဦးအိုက်အောင် | မရှိ | မိုင်းယောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၃၁ | ဦးစိုင်းလုံ | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၇)၊ ရှမ်းပြည်နယ် |
| ၁၃၂ | ဦးစိုင်းနွံ | မရှိ | တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၃ | ဒေါ်သိန်းမေ | မရှိ | တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၄ | ဦးစည်သူ(ခ)အားတီ | မရှိ | မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၅ | ဦးအိုက်နွန်း | မရှိ | မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၆ | ဦးခွန်သီဟ | ဦးစိန်မောင် | မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၇ | ဦးလျှုတယ်ချောင်(ခ)အောင်ခိုင် | မရှိ | ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၈ | ဦးဖေသိန်း | မရှိ | တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၉ | (ကွယ်လွန်) | ဦးအိုက်လှမောင် | ကယန်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၄၀ | ဦးဂျွန်လီ | မရှိ | လားဟူတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၄၁ | ဦးသန့်ဇင်ဦး | မရှိ | မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၂ | ဦးယဉ်ကျေးကို | မရှိ | ဒေးဒရဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၃ | မန်းအောင်ကျော်ဝင်း | မရှိ | ဘိုကလေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၄ | ဒေါ်မင်းမင်းအိ | မရှိ | ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၅ | ဦးစောစံအေး | မရှိ | မြန်အောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၆ | ဦးမြဟံ | မရှိ | ပုသိမ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၇ | ဦးသိန်းဝင်း | ဦးတင်စိန် | ပုသိမ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၈ | ဦးမြင့်ဇော်ဦး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၉ | ဦးဝေလင်းဦး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၀ | ဦးမောင်ညို | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃)၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၁ | ဦးညိုထွန်း | မရှိ | ပုသိမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၂ | ဦးအောင်နိုင် | မရှိ | ပုသိမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၃ | ဦးအေးဝင်း(ခ) ဦးဝင်းကြည် | မရှိ | ပုသိမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၄ | ဦးအောင်မြတ်သူ | ဦးတိုးမြင့် | သာပေါင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရာဝတီတိုင်းဒေသကြီး |
| ၁၅၅ | မန်းဆုဆိုင် | မရှိ | ကျုံပျော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၆ | ဦးတင်ရီ | ဦးတင်မြင့် | ရေကြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |

စာမျက်နှာ ၁၃ သို့

*စာမျက်နှာ ၁၂ မှ*

| | | | |
|---|---|---|---|
| ၁၅၇ | ဦးထွန်းမြင့် | ဦးမြင့်စိုး | ရေကြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၈ | မန်းခိုင်ဒေ | မရှိ | ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၉ | ဦးသန်းငွေး | ဦးချမ်းငြိမ်းကို | ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၆၀ | ဦးအေးကို | မရှိ | ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်နှင့် အစီရင်ခံစာများကိုစိစစ်၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၄ အရ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာလိုက်သည်။

၅။ ယင်းသို့ အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈(ဂ)အရ ယခုကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းကိုလည်း အသိပေးကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဒဂုံ-ဧရာ အဝေးပြေးဝင်း အရှေ့ဘက်ရှိ ကျူးကျော်တဲ၌ နေထိုင်သူများအား လူတစ်စုက ဝင်ရောက်တိုက်ခိုက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီးတွင် မြေယာပြဿနာ အများဆုံးဖြစ်ပွားသော လှိုင်သာယာမြို့နယ်၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၄ နာရီခွဲက ဒဂုံ-ဧရာအဝေးပြေးဝင်း အရှေ့ဘက် ဝါဝါဝင်းကုမ္ပဏီဝင်း အပြင်ဘက်တွင်ရှိသည့် ကျူးကျော်တဲ၌ နေထိုင်သူများကို လူတစ်စုက အော်ဟစ်ကာ ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အတွက် သုံးဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သဖြင့် အင်းစိန် ပြည်သူ့ဆေးရုံကြီး၌ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

"နံနက် ၄ နာရီခွဲမှာ တုတ်၊ ဓားကိုင်ထားတဲ့လူ ၁၅ ဦး ရောက်လာပြီး အော်ဟစ်ကြိမ်းမောင်းကာ တဲတွေကို လေးခွနဲ့ပစ်တယ်။ ထွက်ကြည့်တဲ့လူ၊ လမ်းပေါ်ရှိတဲ့လူတွေကို တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ်တယ်။ အမျိုးသားက မနက်ဈေးရောင်းဖို့ မုန့်ဟင်းခါးချက်နေတုန်းမှာ လူသုံးဦး ဝင်လာပြီး ဆွဲထုတ်သွားတယ်။ ကန်ကျောက်ကာ ဓားနဲ့ခုတ်လို့ လက်နှစ်ဖက်စလုံးထိခိုက်ပြီးတော့ ဘယ်လက်ပြတ်လုနီးနီး ဖြစ်ခဲ့တယ်။ ဘယ်လိုမှတောင်းပန်လို့ မရဘူး။ ကလေးငါးယောက်ကို ထိမှာစိုးလို့ အိမ်ခန်းထဲမှာ ပုန်းခိုင်းထားရတယ်။ လူမိုက်အဖွဲ့တွေ ပြန်သွားမှ အမျိုးသားကို ဆေးရုံပို့ရတယ်။ လမ်းမှာသွေးလွန်ပြီး မေ့သွားသေးတယ်။ တစ်ခါမှ ဒီလိုမကြုံဖူးတော့ အားလုံးတုန်လှုပ်နေကြတယ်။ ကလေးတွေစာမေးပွဲပြီးရင်ပြောင်းရွှေ့ပေးမယ်လို့ ပြောပေမယ့် အတင်းဝင်ပြီး အော်ဟစ်တိုက်ခိုက်ကြတာပါ" ဟု ဒေါ်ဝင်းမြင့်က ပြောသည်။

ဖေဖော်ဝါရီ ၂၄ ရက်က အဆိုပါကျူးကျော်တဲများသို့ လူတစ်စုလာရောက်ကာ တဲတစ်လုံးလျှင် ငွေကျပ် နှစ်သိန်းနှစ်သောင်းပေးမည်ဖြစ်ပြီး အမြန်ပြောင်းရွှေ့ပေးရန် နှစ်ကြိမ်လာရောက်ပြောဆိုရာ တဲများ၌ နေထိုင်သူ မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသားများရှိကာ စာမေးပွဲဖြေဆိုချိန်ဖြစ်နေ၍ စာမေးပွဲပြီးမှသာ ပြောင်းရွှေ့မှုကို လုပ်ဆောင်ရန်ပြောခဲ့သည့်အတွက် ဖေဖော်ဝါရီ ၂၆ ရက် နံနက်အရုဏ်တက်ချိန်တွင် လာရောက်နှောင့်ယှက် တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ယခုနေထိုင်သော တဲနေရာများမှာ တစ်နေရာလျှင် ငွေကျပ်သုံးသောင်းပေး၍ တဲထိုးနေထိုင်ခြင်းဖြစ်ပြီး ဝါဝါဝင်းကုမ္ပဏီဝင်းအတွင်းရှိ လက်ရှိနေထိုင်သော ကျူးကျော်တဲများ နေရာမှာလည်း ၎င်းလူအုပ်စုကပင် ပေ (၂၀×၄၀) မြေနေရာတစ်ကွက်လျှင် ငွေကျပ် နှစ်သိန်း၊ တစ်သိန်း၊ ရှစ်သောင်းဖြင့် ၂၀၁၄ ခုနှစ်တွင် ရောင်းချခဲ့ပြီး ၎င်းတို့ကိုယ်တိုင် ပြန်လည်ဖျက်ဆီးခဲ့သည့်အတွက် ယခုကဲ့သို့ ကုမ္ပဏီဝင်းအပြင်ဘက်၌ တဲ ၂၀၀ ကျော် နေထိုင်နေကြခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမှ လာရောက်နေထိုင်သည့် ဦးမင်းမောင်ကပြောသည်။

"သားက တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေနေတာဆိုတော့ စာကျက်နေတာပါ၊ အပြင်လမ်းပေါ်မှာ အော်ဟစ်ကာ အိမ်ထဲကိုဝင်ပြီး လေးခွနဲ့ပစ်တယ်။ အိမ်ထဲမှာ စာကျက်နေတဲ့သားကို လေးခွနဲ့ပစ်လို့ တားပေမယ့် မရလို့ ကလေးဒဏ်ရာရမှာစိုးလို့ ဝင်ပြီးခံလိုက်တာ ညာဘက်ရင်သားကို မှန်သွားတယ်။ သားကကြောက်နေလို့ ဒီနေ့ စာမေးပွဲကို စိတ်အေးလက်အေးဖြေဖို့ မနည်းဖျောင်းဖျထားရတယ်။ အိမ်ငှားမတတ်နိုင်လို့ သုံးသောင်းပေးပြီး တဲဆောက်နေတာပါ။ မင်းမဲ့စရိုက်ဆန်ဆန် အခုလို ပြုမူတာ ဥပဒေမဲ့သလိုဖြစ်နေတယ်။ ဒီညလည်း ပြန်လာမယ်လို့ ကြိမ်းဝါးသွားတော့ အားလုံးစိုးရိမ်နေရပါတယ်"ဟု လေးခွဖြင့် အပစ်ခံရသောဆိုင်ကယ်မူလီကို ပြသရင်း ဒေါ်ဆန်းက ပြောသည်။

အဆိုပါ ကျူးကျော်တဲများသို့ ရုတ်တရက်ဝင်ရောက်၍ တိုက်ခိုက်သည့်အတွက် ဦးတင်မြင့်၊ ဦးနေမျိုးအောင်၊ ကိုညိုမောင်တို့ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လှိုင်သာယာ ပြည်သူ့ဆေးရုံမှတစ်ဆင့် အင်းစိန် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကာ လူမိုက်အဖွဲ့ ကျကျန်ခဲ့သည့် ၄ က်ကြီးတောင်ဓားကို သောင်ကြီးရဲစခန်းက သက်သေခံအဖြစ် သိမ်းဆည်းသွားကြောင်း သိရသည်။

လှိုင်သာယာ သောင်ကြီးရဲစခန်းမှ စခန်းမှူးချစ်ကိုကိုက ယင်းဖြစ်စဉ်ကို အမှုဖွင့်ထားကြောင်း၊ ပြစ်မှုကျူးလွန်သူများ ရှောင်တိမ်းနေ



ဒဂုံ-ဧရာ အဝေးပြေးဝင်းအရှေ့ဘက်ရှိ ကျူးကျော်တဲများကို တွေ့ရစဉ်။

ကြောင်းနှင့် ဆက်လက်စုံစမ်းနေကြောင်း ပြောကြားသည်။

"ငွေပေးတဲ့သူက တဲကို ဖျက်ခိုင်းတယ်။ ယူတဲ့သူကယူပြီး တိုက်ခိုက်တယ်။ ကုမ္ပဏီဝင်းအပြင်ဘက်က ကျူးကျော်တဲတွေကို လှမ်းအကြောင်းကြားချင်ပေမယ့် ဒီတစ်ဝိုက်မှာ သူတို့လူတွေချည်းပဲဆိုတော့ အကြောင်းကြားဖို့ အခွင့်အရေးမရခဲ့ဘူး" ဟု ကုမ္ပဏီဝင်းအတွင်းရှိ ကျူးကျော်တဲ၌ နေထိုင်သော အမျိုးသားတစ်ဦးက ပြောသည်။

မြေယာပြဿနာ၌ ကုမ္ပဏီပိုင်မြေ၊ စည်ပင်ပိုင်မြေနှင့် အိုးအိမ်ပိုင်မြေများ၌ အုပ်စုဖွဲ့၍ မြေယာကျူးကျော်ကာ တဲများထိုးခြင်း၊ မြေနေရာသတ်မှတ်ခြင်းတို့ဖြင့် မြေယာများကျူးကျော်လျက် တစ်ဆင့်ပြန်လည်ရောင်းချခဲ့မှုတို့ကြောင့် ငွေအလုံးအရင်းရလွယ်သော မြေယာကျူးကျော်မှု လှိုင်သာယာ၌ မြန်ဆန်စွာ ကြီးထွားခဲ့ပြီး ငြိမ်းချမ်းရေးကို အသုံးချသူများနှင့် လူဆိုးလူမိုက်များက မြေယာပြဿနာများတွင် ပါဝင်လာသည့်အတွက် တာဝန်ရှိသူများက နိုင်ငံပိုင်မြေယာများ၌ အကွက်ချ၍ ကျူးကျော်နေထိုင်မှုတို့ကို အဖွဲ့အစည်းပေါင်းစုံဖြင့် ရှင်းလင်း ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

ယနေ့စက်မှုဇုန်အားလုံးတွင် ကျူးကျော်နေထိုင်သူ လူဦးရေမှာ နှစ်စဉ် တိုးလာနေသည့်အတွက် အဆိုပါ ပြဿနာများကို အချိန်မီဖြေရှင်း ဆောင်ရွက်ခြင်းဖြင့် မလိုလားအပ်သည့် အုပ်ချုပ်မှုဆိုင်ရာနှင့် လူမှုကိစ္စရပ်များကို ကာကွယ်နိုင်မည်ဖြစ်ပြီး မြို့တော်၏ အင်္ဂါရပ်ပြယုဂ်ကိုလည်း သိသာပေါ်လွင်ထင်ရှားလာစေမည်ဖြစ်ကြောင်း ပြည်သူများက သုံးသပ်လျက်ရှိသည်။ (၁၆၄)


## လေလံကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တရားရုံးတွင် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော မှန်လုံမော်တော်ယာဉ် သုံးစီးအား ၂၀၁၆ခုနှစ် မတ် ၁၈ရက် နံနက် ၁၀နာရီတွင် မုံရွာမြို့နယ်တရားရုံးဝင်းအတွင်း၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက တရားရုံး ဘီလစ် ဖုန်း-၀၉-၇၉၇၈၂၂၅၈၅ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံရောင်းချရေးအဖွဲ့**

## အောင်ဇမ္ဗူရွှေဆိုင်မှ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၇) ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း (မီးခွက်ဈေး)၊ အမှတ် ၅/က၊ ၉/က၊ ၉/ခ၊ ၁၀/ကတို့တွင် ဖွင့်လှစ်ရောင်းချနေသော အောင်ဇမ္ဗူရွှေဆိုင် ၁၊ ၂၊ ၃၊ ၇တို့ကို ရွှေဆိုင်ပိတ်မည်ဟု သတင်းအမှားများထွက်ပေါ်နေပါသည်။ အထက်ဖော်ပြပါ ရွှေဆိုင်များအား လုံး၀ (လုံး၀)ပိတ်သိမ်းခြင်းမရှိဘဲ ဆက်လက်ဖွင့်လှစ်ရောင်းချနေဆဲ၊ ရောင်းချနေမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ**
**၁။ ဒေါ်အေးအေးခိုင်** | **ဒေါ်မြလှဲဝင်း**
**၂။ ဒေါ်တင်တင်ဝင်း** | **အထက်တန်းရှေ့နေ**

## အငှမအကြိမ် ဒုလ္လဘသီလရှင်အပါး (၅၀၀)ဝတ်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြိုင်ပရဟိတ ကျောင်းတိုက်တွင် နှစ်စဉ် ဒုလ္လဘသီလရှင်ဝတ်ပွဲ မတည်အလှူရှင် GL ခရီးသွားလုပ်ငန်း၊ ရွှေပဒုမ္မာမြေဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးနှင့် အလှူရှင်များ စုပေါင်းပြီး ၂-၃-၂၀၁၆ရက်တွင် သီလရှင်ဝတ်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုပါက အရုဏ်ဆွမ်း ကျပ် ၁၅၀၀၀၀၊ နေ့ဆွမ်း ကျပ် ၃၀၀၀၀၀၊ သီလရှင်ဝတ်စုံတစ်စုံ ကျပ် ၅၀၀၀တို့ဖြင့် ပါဝင်လှူဒါန်းနိုင်ပါသည်။

**ဖုန်း- ၀၁-၆၁၁၉၇၅၊ ၀၉-၂၆၄၁၆၃၇၄၃၊**
**၀၉-၃၁၉၂၉၈၉၂**

## လူနေဆိုင်ခန်းငှားရန်

စမ်းချောင်းမြို့နယ်၊မြေနီကုန်းပဒုမ္မာ ပန်းခြံလမ်းရှိ ပေ(၁၀×၂၀)ထပ်ခိုးပါ ရေချိုးသန့်စင်ခန်းပါလူနေဆိုင်ခန်း(၁)ခန်းအမြန်ငှားမည်။ ပွဲစားမလို။ ဖုန်း-၀၉ ၇၃၀၀၈၆၁၉

## အကယ်ဒမီရွှေကြို (အကယ်ဒမီဇန်းကိုင်)များအတွက် အဝတ်အစား၊ မိတ်ကပ်၊ လက်ဝတ်ရတနာ၊ ဖိနပ် ပံ့ပိုးလိုသူများနှင့် အကယ်ဒမီရွှေကြို (အကယ်ဒမီဇန်းကိုင်များ)

၁။ ၂၀၁၄-၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် အကယ်ဒမီရွှေကြို (အကယ်ဒမီဇန်းကိုင်)များအား အဝတ်အစား၊ မိတ်ကပ်၊ လက်ဝတ်ရတနာ၊ ဖိနပ်တို့ ပံ့ပိုးကူညီလိုသူများသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ပုံစံတောင်းယူ၍ ၁၁-၃-၂၀၁၆ ရက် နောက်ဆုံးထား အိတ်ပိတ်၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၂။ အကယ်ဒမီရွှေကြို (အကယ်ဒမီဇန်းကိုင်)လျှောက်လွှာများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် လာရောက် ထုတ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## ငွေရတုမင်္ဂလာဆုတောင်း

ကိုညီနှင့် မမအေးတို့၏ ၂၈-၂-၂၀၁၆ရက်တွင် ကျရောက်သော ငွေရတုရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သောသမီးနှစ်ယောက်နှင့်အတူ အေးချမ်းသာယာသော မိသားစုဘဝကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ။

**ချစ်သောမောင်နှမများ**
**သန်းသီဟ၊ ဗိုလ်မှူးရဲနောင်ထွန်း-သန်းသီတာ၊**
**ဖူးမြတ်ခိုင်၊ ရွှေစင်ခိုင်**

## မိခင်အမည်မှန်

မိတ္ထီလာမြို့၊ အလက(ခွဲ) ဖက်တောကျောင်း အငှမတန်းတွင် ပညာသင်ကြားနေသော မောင်ကျော်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ရီ ၉/မထလ(နိုင်)၁၁၇၀၄၅ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့၊ ဘူတာရပ်ကွက် (တက္ကသိုလ်ဝင်တန်း-B) မှ မထက်ထက်အောင် (ပင်လုံနှင်းဆီ ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြောက်ဒဂုံ) ၏ ဖခင်အမည်မှန်မှာ ဦးသိန်းကိုဦး ဖြစ်ပါကြောင်း။

# ဖီဖာ၏ပုံရိပ်ကို မြှင့်တင်သွားမည်ဟု ဥက္ကဋ္ဌသစ်ပြော

**ဇူးရစ် ဖေဖော်ဝါရီ ၂၇**

၁၉၉၈ ခုနှစ်ကတည်းက ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သည့် ဆတ်ဘတ္တလာကို အနိုင်ယူပြီး ဂီယန်နီအင်ဖန်တီနိုကို ဖီဖာဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခဲ့ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က သောကြာနေ့က ကြေညာခဲ့သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်၏ အတွင်းရေးမှူးဖြစ်သူ အင်ဖန်တီနိုသည် ပထမအကျော့တွင် ၈၈ မဲဖြင့် ဦးဆောင်ခဲ့ပြီး AFC ဥက္ကဋ္ဌ ရှိတ်ခ်ဆယ်မန်က ၈၅ မဲ၊ ဂျော်ဒန်မင်းသား အလီဘင်အယ်လ်ဟူစိန်က ၂၇ မဲနှင့် ဂျရိုမီချန်ပိန်းက ခုနစ်မဲ ရရှိခဲ့သည်။

ဒုတိယအကျော့ယှဉ်ပြိုင်မှုတွင် အင်ဖန်တီနိုက ၁၁၅ မဲဖြင့် အနိုင်ရရှိခဲ့ပြီး ၎င်း၏အဓိကပြိုင်ဘက် ဆယ်လ်မန်ကမူ ၈၈ မဲ ရရှိခဲ့သည်။

ဖီဖာ၏ပုံရိပ်ကို မြှင့်တင်သွားမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဖီဖာကိုလေးစားယုံကြည်မှုရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌ ရာထူးလက်ခံသည့်နေ့တွင် အင်ဖန်တီနိုက ပြောခဲ့သည်။

ဖီဖာအနေဖြင့် အခက်ခဲအကြပ်အတည်းဆုံးအချိန်များကို ကျော်ဖြတ်ခဲ့ပြီဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်ရန် လိုအပ်ကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အသက် ၄၅ နှစ်အရွယ် ဥက္ကဋ္ဌသစ်က ပြောကြားသည်။



**ဖီဖာဥက္ကဋ္ဌသစ် ဂီယန်နီအင်ဖန်တီနို**

၎င်းသည် ဥက္ကဋ္ဌအသစ်ရွေးချယ်ပွဲကျင်းပမည့် ၂၀၁၉ ခုနှစ်အထိ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ **(ဆင်ဟွာ)** ဘာသာပြန်-ခြူးစန္ဒီနွေး

# ဥရောပချန်ပီယံလိဂ်ဖလား မြန်မာနိုင်ငံသို့ လာရောက်ပြသမည်

ဥရောပဘောလုံးအဖွဲ့ချုပ် (UEFA)က ကြီးမှူးကျင်းပနေသည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချီးမြှင့်မည့်ချန်ပီယံဆုဖလားကို မြန်မာနိုင်ငံသို့လာရောက်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲကို စပွန်ဆာပေးထားသည့် Heineken ၏ ဆောင်ရွက်မှုဖြင့် ချန်ပီယံလိဂ်ဆုဖလားမှာ မတ် ၂၀ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း Heineken Facebook စာမျက်နှာတွင် ဖော်ပြထားသည်။ ချန်ပီယံလိဂ်ဆုဖလားရောက်ရှိလာမည့်အစီအစဉ်ကို ထပ်မံသတင်းထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၅-၂၀၁၆ ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရှုံး/ထွက် အဆင့်သို့ရောက်ရှိနေပြီဖြစ်ပြီး ကမ္ဘာ့ဘောလုံးပရိသတ်အများအပြား စိတ်ဝင်စားမှုခံထားရသည့် ပြိုင်ပွဲဖြစ်သည်။

ဥရောပ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချီးမြှင့်မည့်ဆုဖလားမှာ မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်ပြသခြင်းဖြစ်ပြီး ယခင်ကမန်ယူဂန္ထဝင်ကစားသမားများနှင့်အတူ ၎င်းတို့ရရှိဖူးသည့် ပရီမီယာလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဆုဖလားတို့ လာရောက်ပြသခဲ့ဖူးပြီး အင်္ဂလန်ပရီမီယာလိဂ်ဖလားမှာလည်း တစ်ကြိမ်လာရောက်ဖူးကြောင်း သိရသည်။

**ဖိုးသော်ဇင်**

**မိုးရွာနိုင်မည့် အခြေအနေ**

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ရှမ်းပြည်နယ်၌ နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

# ရွှေပြည်သာမြို့နယ်၌ ဂက်စ်ပိုက်လိုင်းပေါက်၍ မီးလောင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဘုံရှည်ကုန်းကျေးရွာ သံဖြူဆိုင် မှတ်တိုင်အနီးအမှတ်(၄) လမ်းမကြီးဘေး၌ ယနေ့ ညနေ ၅ နာရီခွဲခန့်က ဂက်စ်ပိုက်လိုင်းပေါက်၍ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာနေရာသို့ အုပ်ချုပ်မှုယာဉ် ခုနစ်စီး၊ မြို့နယ်မီးငြိမ်းသတ်ယာဉ် ၄၆ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့သဖြင့် ညနေ ၆ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အဆက်နေရာမှ ပိုက်လိုင်းဆွေးမြည့်ပေါက်ထွက်ပြီး ဓာတ်ငွေ့ရည်များ အရှိန်ပြင်းစွာ ပန်းထွက်စဉ် ဓာတ်ကြိုးလိုင်းများနှင့် ထိတွေ့ကာ မီးလောင်မှုကြောင့် အနီးရှိ နေအိမ်နှစ်လုံးနှင့် မော်တော်ယာဉ်တစ်စီး မီးလောင်သွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။



အဆိုပါ ဂက်စ်ပိုက်လိုင်းပေါက်၍ ဓာတ်ငွေ့များ ပန်းထွက်နေခြင်းကြောင့် ပြန်လည်ပြုပြင်သည့်လုပ်ငန်းများ ဆောင်ရွက်နေချိန်အတွင်း အမှတ်(၄)လမ်းမကြီးကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)၊**
**ဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)**

○ *ကျောဖုံးမှ*

ပုံစံကောင်းရရန် ကြိုးပမ်းနေရသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ် အပြောင်းအလဲပြုလုပ်ခဲ့ပြီး နိုင်ငံခြားသား ကစားသမားသုံးဦးနှင့်အတူ သီဟစည်သူ၊ ဝင်းမင်းထွန်း၊ ဟိန်းသီဟဇော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ရတနာပုံအသင်း၏ ပွဲထွက်လူစာရင်းတွင် စည်သူအောင် ပြန်ပါလာပြီး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာသည်။ နှစ်သင်းစလုံးအနိုင်ရရှိရေးအတွက် တိုက်စစ်ဖွင့်ကစားရာပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှာ ရတနာပုံအသင်းဘက်သို့ ဖိအားပေးကစားနိုင်ခဲ့သော်လည်း တိုက်စစ်၌ အဆုံးသတ်အားနည်းခြင်းကြောင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။ ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရတနာပုံအသင်းမှာ အဝေးကွင်းတွင် အမှားအယွင်းမရှိ ကစားနိုင်ခဲ့ပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို ၃၂ မိနစ်တွင် ဝင်းနိုင်စိုးက သွင်းယူပေးခဲ့သည်။ ရှမ်းယူနိုက်တက် အသင်းမှာ ဒုတိယပိုင်းတစ်ပိုင်းလုံး ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ချေပဂိုးရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းက ဇေယျာရွှေမြေအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို အီဗန်စ်နှင့် ချစ်လှအောင်တို့က သွင်းယူပေးခဲ့သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက Southern အသင်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ရန်ကုန်အတွက် အနိုင်ဂိုးများကို အက်ဒီဆင်က နှစ်ဂိုး၊ မာဆယ်လိုနှင့် ဇော်မင်းထွန်းတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။

**ယနေ့ပွဲ**
**(သုဝဏ္ဏ)**
**မကွေး-ဇွဲကပင်**
**(အောင်ဆန်းကွင်း)**
**ရခိုင်-ဧရာဝတီ**


**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
**မုံရွာမြို့**
**စစ်ကိုင်း-မင်းကွန်းဒေသ ဇုန်ဝင်ကြေးကောက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆ ခုနှစ်၊ ဧပြီ ၁ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ရက်အထိ ကာလအတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်း-မင်းကွန်းဒေသရှိ ဇုန်ဝင်ကြေးကောက်ခံခြင်း လုပ်ငန်းဆောင်ရွက်လိုသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၅-၂-၂၀၁၆ရက်
**အချိန်** နံနက် ၉ နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၃-၂၀၁၆ရက် ညနေ ၄း၃၀နာရီ

၃။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၀၃၂၇၇၃သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်ရှိ အကွက်အမှတ်(၁၄)၊ ဦးပိုင်အမှတ် ၇၁-က၊ ဧရိယာ ၀ ဒသမ ၇၈၈ ဧကအား ဒေါ်သင်းသင်းလှိုင် ၁၃/လရန(နိုင်)၁၀၈၇၀၅ အမည်ဖြင့် ၂၁-၁၁-၂၀၁၄ ရက်မှ ၂၁-၁၁-၂၀၂၄ ရက်အထိ (၁၀)နှစ်သက်တမ်း မြေငှားဂရန်ချထားပေးပြီး ကိုးကန့်တိမ်းရှောင်အဖွဲ့နှင့် တိုက်ပွဲများဖြစ်ပွားချိန်တွင် မြေငှားဂရန်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်မူရင်း(ခွဲ)ချထားပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအကြောင်းပြချက်၊ အထောက်အထားများဖြင့် ရေးသားဖော်ပြပြီး ၂၉-၂-၂၀၁၆ ရက်နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေငှားဂရန်မူရင်း(ခွဲ)ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လောက်ကိုင်မြို့**

**ကျေးဇူးတော်ရှင် မြင်းခြံမြို့၊ စွန်းလွန်းဂူကျောင်းဆရာတော်ကြီး၏ (၁၃၈) နှစ်ပြည့် (၁၂၃၉-၁၃၇၇) မွေးနေ့အထိမ်းအမှတ် ပူဇော်ပွဲနှင့် တွေ့ဆုံဆွေးနွေးပွဲ ဖိတ်ကြားလွှာ**

ရဟန္တာဟုကျော်ကြားတော်မူခဲ့သည့် ကျေးဇူးတော်ရှင် မြင်းခြံမြို့၊ စွန်းလွန်းဂူကျောင်းဆရာတော်ကြီး၏ (၁၃၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ပူဇော်ပွဲနှင့် အနယ်နယ်အရပ်ရပ်ရှိ တပည့်သာဝကများစုံညီစွာ ကျင်းပပြုလုပ်သော သံဃာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ တွေ့ဆုံဆွေးနွေးပွဲကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အတူတကွပါဝင်တက်ရောက်နိုင်စေရန် အသိပေးဖိတ်ကြားအပ်ပါသည်။

**တွေ့ဆုံဆွေးနွေးပွဲကျင်းပမည့်ရက်** - (၁၃၇၇ခုနှစ်၊ တပေါင်းလဆန်း ၄ရက်) ၁၂-၃-၂၀၁၆ရက် (စနေနေ့)
**အခမ်းအနားကျင်းပမည့်ရက်** - (၁၃၇၇ခုနှစ်၊ တပေါင်းလဆန်း ၅ရက်) ၁၃-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)
**ဆွမ်းကျွေးမွေးမည့် အချိန်** - နံနက် ၁၀း၃၀နာရီမှ မွန်းတည့် ၁၂နာရီအထိ
**အခမ်းအနားကျင်းပမည့် အချိန်** - မွန်းလွဲ ၁၂း၃၀နာရီ
**ကျင်းပမည့်နေရာဌာန** - စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် (၁၆/၂) ရပ်ကွက်၊ ရတနာလမ်း၊ ရတနာဈေးအနီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

**ဆက်သွယ်ရန်ဖုန်း-၀၁-၅၆၄၆၅၄၊ ၀၉-၅၅၀၀၄၂၉**

**အခမ်းအနားဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၀၅၇၃)၊ ဧရိယာ ၀ဒသမ၁၁၀ဧက ဦးဝင်းမြင့်၏ အမည်ပေါက် နှစ်(၃၀)အငှားဂရန်မြေကွက်ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၀၂/၂၀၁၀ဖြင့် ဦးဝင်းမြင့်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်သီတာနွယ် ၉/ပမန(နိုင်)၀၂၆၉၂၆မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အိုင်အယ်(လ်)အိုရဲ့ ဆက်သွယ်ရန် ဖုန်းနှင့်ဖက်စ်နံပါတ်များ**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)သည် ယင်း၏အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများကို သုံးစွဲသူပြည်သူများအတွက် အဆင့်မြင့်အပြောင်းအလဲများ လုပ်ထားပါသဖြင့်၊ ရန်ကင်း RSU အိတ်ချိန်းသည်လည်း ယင်း၏စက်မှုပိုင်းဆိုင်ရာကဏ္ဍများကို ပြောင်းလဲမြှင့်တင်ရန်လိုအပ်ကြောင်း အကြံပြုလာပါသည်။ ယင်းကို ခေတ်မီ MSAN Exchange ဖြင့် အဆောတလျင်အစားထိုးသွားမည်ဖြစ်ရာ ILO ရုံး ဖုန်းနံပါတ်များ၏ ပထမဂဏန်းသုံးလုံးကို ပြောင်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်အသစ်များမှတစ်ဆင့် ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးနှင့် ဆက်သွယ်၊သတင်းပေးနိုင်ပါသည်။

**ဆက်သွယ်ညှိနှိုင်းရေးအရာရှိ**
**အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ [အိုင်အယ်(လ်)အို]**

| | | |
|---|---|---|
| ရုံးလိပ်စာ | - | အမှတ်(၁/က)၊ ကန်ဘဲ့လမ်း(သစ္စာလမ်း) ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| တယ်လီဖုန်း | - | ၀၁-၂၃၃၆၅၃၈၊ ၀၁-၂၃၃၆၅၃၉၊ ၀၁-၅၇၈၉၂၅၊ ၀၁-၅၇၉၉၅၆ |
| ဖက်စ် | - | ၀၁-၂၃၃၆၅၈၂ |
| စာတိုက်သေတ္တာ | - | ၆၇၉ |
| အီးမေးလ် | - | yangon@ilo.org |

အိုင်အယ်(လ်)အိုသည် ဤအခွင့်အရေးကို အသုံးပြု၍ ပြည်နယ်/တိုင်းဒေသကြီးအချို့ရှိ ILO နှင့် ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်တို့ကို ပြည်သူများသိစေရန် အသိပေးပါသည်။

**အဓမ္မလုပ်အားပေးခိုင်းစေမှု တိုင်ကြားရန် ဖုန်းနံပါတ်များ**

| | |
|---|---|
| မန္တလေးတိုင်းဒေသကြီး | ဖုန်း-၀၉-၄၅၂၆၅၉၃၄၅ |
| မကွေးတိုင်းဒေသကြီး | ဖုန်း-၀၉-၄၄၈၀၅၉၀၃၆ |
| ပဲခူးတိုင်းဒေသကြီး | ဖုန်း-၀၉-၇၃၂၂၀၂၀၆ |
| မွန်ပြည်နယ် | ဖုန်း-၀၉-၄၂၁၁၇၅၅၆၂ |
| ချင်းပြည်နယ် | ဖုန်း-၀၉-၄၅၂၆၅၉၃၄၆ |

၂၄ နာရီ ခုနစ်ရက်လုံး ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်-၀၉-၄၅၂၆၅၉၃၄၄

**ငြိမ်းချမ်းရေးစီမံကိန်း(ရှမ်းပြည်နယ်တောင်ပိုင်း)**

**ရုံးလိပ်စာ** - အမှတ် ၁၄၊ နဝရတ်လမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။
**ဆက်သွယ်ရန်ဖုန်း** - ၀၉-၂၅၀၇၈၆၄၁၁

ရန် ကုန် မြို့ ပြ အ မွေ အ နှစ် များ ရဲ့ ရာ ဇ ဝင်

# ကိုလိုနီခေတ်အုပ်ချုပ်ရေးယန္တရားတို့ မောင်းနှင်ခဲ့ရာ အတွင်းဝန်ရုံးကြီး

ဆောင်းပါး - ခင်ရတနာ
ဓာတ်ပုံ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အုံ့ဩဖွယ်ကောင်းလောက်အောင် ခမ်းနားကြီးကျယ်တဲ့ ဗိသုကာလက်ရာတွေနဲ့ ခြယ်မှုန်းထားတဲ့ ကိုလိုနီခေတ်က အတွင်းဝန်ရုံးကြီးဟာ အခု ရန်ကုန်မြို့ရဲ့ အထင်ကရသမိုင်းမှတ်တိုင်ကြီးတစ်ခု ဖြစ်ပါတယ်။ ကိုလိုနီခေတ်တစ်လျှောက် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ယန္တရားကြီးတစ်ခုလုံးကို ထိန်းချုပ်ခဲ့တဲ့ အတွင်းဝန်



ရုံးကြီးအနေနဲ့ ဝိတိုရိယလက်ရာအပြည့်အစုံ ထည့်သွင်းထားတာကို တွေ့ရပါတယ်။ ၎င်းကိုတော့ အဲဒီခေတ်က ဗျူရိုကရက်ဆန်တဲ့ အရှေ့ရောမအင်ပါယာလို့တောင် တင်စားခေါ်ကြတဲ့ အဆောက်အအုံတစ်ခုဖြစ်ပါတယ်။

၁၈၈၆ ခုနှစ်မှာ နောက်ဆုံးကျန်ရစ်ခဲ့တဲ့ အထက်မြန်မာနိုင်ငံက ဗြိတိသျှလက်အောက်ကို လုံးဝကျရောက်သွားပြီး ကိုလိုနီအစိုးရအနေနဲ့ မြန်မာနိုင်ငံကို အုပ်ချုပ်မှုတွေ ဆောင်ရွက်ဖို့၊ မဖြစ်မနေ ရုံးကိစ္စတွေဆောင်ရွက်ဖို့ ရုံးတစ်ရုံးကို အလျင်အမြန် လိုအပ်လာတယ်။

ကိုလိုနီခေတ်ဦးပိုင်းကာလက ရန်ကုန်မြို့ ကမ်းနားလမ်းမှာ အတွင်းဝန်ရုံးတည်ဆောက်ပြီး အုပ်ချုပ်မှုကိစ္စရပ်တွေကို ဆောင်ရွက်ခဲ့ပေမယ့် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးနောက် အုပ်ချုပ်မှုယန္တရားအတွက် အတွင်းဝန်ရုံးအသစ်တစ်ခုကို ဖော်ဆောင်ဖို့ အလျင်အမြန်လိုအပ်လာပါတယ်။

ရန်ကုန်မှာရှိတဲ့ ဗြိတိသျှအစိုးရ ပြည်သူ့လုပ်ငန်းဌာနရဲ့ အမှုဆောင်အင်ဂျင်နီယာ ဟင်နရီဟွိုင်းဖောက်စ်က အတွင်းဝန်ရုံးသစ်ကြီးအတွက် ပုံစံကို ရေးဆွဲဒီဇိုင်းဖော်ခဲ့ပါတယ်။ ဟွိုင်းဖောက်စ်အနေနဲ့ အရေးပါတဲ့ ကိုလိုနီခေတ် အဆောက်အအုံအများအပြားကို တည်ဆောက်ခဲ့ရာမှာ ရန်ကုန်ဆေးရုံကြီး၊ အတွင်းဝန်ရုံးနဲ့ မူလတရားရုံးအဆောက်အအုံ၊ သမ္မတအိမ်တော်တို့ အပါအဝင် အစိုးရအဆောက်အအုံအတော်များများကို ပုံစံရေးဆွဲခဲ့ပါတယ်။ အဲဒီထဲကမှ မူလတရားရုံးအဆောက်အအုံနဲ့ သမ္မတအိမ်တော်ကတော့ အခုချိန်မှာ မရှိတော့ပါဘူး။

အခု အများပြည်သူတို့ မြင်တွေ့ရတဲ့ အတွင်းဝန်ရုံးအဆောက်အအုံကို အဆင့်လိုက်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အရင်ဆုံး တောင်ဘက်မှာရှိနေတဲ့ မဟာဗန္ဓုလလမ်းဘက်က အဆောက်အအုံခြမ်းကို ၁၈၈၉ ခုနှစ်မှာ ပထမဆုံး တည်ဆောက်တာပါ။ လွယ်လွယ်ကူကူတော့ မဟုတ်ခဲ့ပါဘူး။

မူလက အဆောက်အအုံတောင်ဘက်တန်းကြီးရဲ့ အနောက်ဘက်ထောင့်မှာ ရေကန်တစ်ခုရှိခဲ့ပြီး ဒေသရဲ့ မိုးများမှုတွေကြောင့် တည်ဆောက်မှုလုပ်ငန်းတွေ အလွန်ခက်ခဲခဲ့ရတယ်။ အဓိကအားဖြင့် ပိုင်ရိုက်တဲ့နည်းတွေကို ရသလောက်အသုံးချပြီး မြေမာအောင်လုပ်ခဲ့ရတယ်။ တည်ဆောက်ခါစမှာ မြေအောက်ကနေ ရေတွေအများကြီး စိမ့်ထွက်လာခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ အမာဆုံးသစ်ဖြစ်တဲ့ ပျဉ်းကတိုးသစ်တွေကို ၁၃ ပေကနေ ပေ ၂၀ လောက် မြေထဲကို ရိုက်သွင်းပြီး အဲဒီအပေါ်မှာ ရထားသံလမ်းလို သံထည်ကွန်ရက်ကို ရက်ဖွဲ့ပြီးမှ အဆောက်အအုံကိုတင်ကာ တည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။ ၁၈၉၃ ခုနှစ်မှာ တောင်ဘက်တစ်လျှောက်ရဲ့ အဆောက်အအုံကြီးဟာ ပြီးစီးခဲ့ပါတယ်။ တောင်ဘက်တန်းကြီးက စိမ့်မြေတွေ၊ ကျွံမြေတွေဖြစ်နေတယ်လို့ ကောလာဟလတွေ ထွက်ပေါ်ခဲ့ပါသေးတယ်။

၁၉၀၃ ခုနှစ်မှာ အဆောက်အအုံကြီးရဲ့ အရှေ့ဘက်နဲ့ အနောက်ဘက်အခြမ်း ဗိုလ်အောင်ကျော်လမ်းနဲ့ သိမ်ဖြူလမ်းဘက်က အဆောက်အအုံအစိတ်အပိုင်းတွေကို ဆက်လက်တည်ဆောက်ခဲ့တယ်။ ၁၉၀၅ ခုနှစ်မှာ အဲဒီအဆောက်အအုံတွေလည်း ပြီးစီးခဲ့တယ်။

တည်ဆောက်သူတွေဟာ အစပိုင်း တောင်ဘက်တန်းကို ဆောက်ခဲ့စဉ်က အမှားမျိုး ထပ်မဖြစ်အောင် သတိထားပြီး ကျန်တဲ့အစိတ်အပိုင်းတွေ တည်ဆောက်တဲ့အခါ ဆင်ခြင် တည်ဆောက်ခဲ့ကြရတာပါ။ တောင်ဘက်တန်းကို တည်ဆောက်စဉ်တုန်းက အလှဆင်တဲ့ ကျောက်တုံးတွေကို နိုင်ငံရပ်ခြားက မှာယူခဲ့တာ နောက်ကျပြီးမှ ရောက်ရှိခဲ့တဲ့အတွက် အရှေ့ဘက်တန်းနဲ့ အနောက်ဘက်တန်းကို တည်ဆောက်တဲ့အခါ လိုအပ်တဲ့ ကျောက်တွေကို အဲဒီ တည်ဆောက်ရေး လုပ်ငန်းခွင်မှာပဲ ထုတ်လုပ်ပြီး ထည့်သွင်းတည်ဆောက်ခဲ့တယ်လို့ သိရပါတယ်။

အဆောက်အအုံကြီးတစ်ခုလုံး ပြီးစီးသွားတဲ့အခါမှာ အစိုးရအတွင်းဝန်ရုံးအဆောက်အအုံကြီးကနေ ကိုလိုနီအုပ်ချုပ်ရေးယန္တရားကြီးလည်ပတ်မှုအတွက် အများကြီး အထောက်အကူပြုခဲ့တာကိုတွေ့ရပါတယ်။ ဝက်ပါလို အဆောင်ဆောင်အခန်းခန်းတွေရဲ့အလယ်မှာ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ စီးပွားရေး၊ စာရင်းအင်းနဲ့ ကုန်သွယ်ရေး၊ မြူနီစီပယ်လုပ်ငန်းနဲ့ ဒေသရန်ပုံငွေလုပ်ငန်း၊ အခွန်ဘဏ္ဍာနဲ့ သစ်တောရေးရာလုပ်ငန်းတွေ၊ ကာကွယ်ရေးလုပ်ငန်းတွေ အားလုံးက အတွင်းဝန်ရုံးကြီးမှာပဲ မှီတည်ဖြစ်ပေါ်ခဲ့ရပါတယ်။ ဌာနတွေ များပြားသလို ဝန်ထမ်းတွေလည်း အများကြီး



ခန့်အပ်ထားခဲ့ပါတယ်။ အတွင်းဝန်တွေ၊ စာရေးစာချီတွေ၊ မှတ်တမ်းပြုစုသူတွေ၊ စာရင်းကိုင်တွေ၊ မော်ကွန်းထိန်းတွေ၊ လက်နှိပ်စက်စာရေးတွေ အများကြီးဟာ အတွင်းဝန်ရုံးကြီးမှာ ရုံးဖွင့်ရက်တိုင်း ပြေးလွှားလှုပ်ရှားနေကြပြီး အလွန်အသက်ဝင်တဲ့ ကိုလိုနီခေတ် အုပ်ချုပ်ရေးယန္တရားကြီးကို လည်ပတ်စေခဲ့ပါတယ်။

အဲဒီအဆောက်အအုံကြီး တည်ဆောက်တာနဲ့ ပတ်သက်လို့ မြန်မာလူမျိုးတွေနဲ့ အချို့သော ဗြိတိသျှ အပါအဝင် နိုင်ငံခြားသားအချို့ကတော့ ကြိုက်နှစ်သက်ခဲ့ကြတာမဟုတ်ပါဘူး။ ဗြိတိသျှလူမျိုး ရှေ့နေတစ်ယောက်ဖြစ်ပြီး ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းမှာ ဥပဒေပြုကောင်စီရဲ့ အဖွဲ့ဝင် တစ်ယောက်လည်းဖြစ်သူ အီးစီဗွီ ဖော်ကာဆိုသူက ရောမ၊ အကျည်းတန်ပြီး ကျက်သရေမရှိတဲ့နေရာကြီးလို့ ပြောခဲ့တယ်လို့ ကိုလိုနီခေတ်လက်ရာ ရန်ကုန်အဆောက်အအုံ ၃၀ စာအုပ်မှာ ရေးသားထားတာကို တွေ့ရပါတယ်။

သမိုင်းကြောင်းအရ ကိုလိုနီခေတ်အုပ်ချုပ်ရေးယန္တရားကြီး လည်ပတ်ခဲ့တဲ့ အဲဒီအတွင်းဝန်ရုံးကြီးဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ အရေးပါတဲ့နေရာတစ်ခုဖြစ်ပါတယ်။ ၁၉၂၃ ခုနှစ်မှာ ဒိုင်အာခီအုပ်ချုပ်ရေးကို ထူထောင်ခဲ့တယ်။ ဗမာ့ဥပဒေပြုကောင်စီရွေးကောက်ပွဲကို အိန္ဒိယကနေ ၁၉၃၂ ခုနှစ်မှာ ခွဲထွက်ကျင်းပခဲ့တယ်။ ၁၉၃၅ ခုနှစ်မှာ မြန်မာနိုင်ငံအစိုးရအက်ဥပဒေအဆင့်ဆင့် ပြောင်းလဲဖြစ်တည်လာခဲ့ပြီး ထိုဥပဒေအရပဲ ၁၉၃၇ ခုနှစ်မှာ အိန္ဒိယကနေ ခွဲထွက်ခဲ့တယ်။ ဒေါက်တာဘမော်ဟာ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး ဝန်ကြီးချုပ်(နန်းရင်းဝန်) ဖြစ်လာခဲ့ပါတယ်။

၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှာ ဗြိတိသျှအစိုးရ အုပ်ချုပ်ရေးကို ဆန့်ကျင်တဲ့ ကျောင်းသားသပိတ်ကြီးဖြစ်ပေါ်လာပြီး အဆောက်အအုံကြီးရဲ့ ပတ်ပတ်လည်မှာ ကျောင်းသားတွေ ဆန္ဒပြကြတယ်။ အဲဒီမှာပဲ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော် ကျဆုံးခဲ့တယ်။ ဒါကြောင့် အဆောက်အအုံကြီး အနောက်ဘက် မျက်နှာမူထားတဲ့ စပတ်လမ်းကိုလည်း ဗိုလ်အောင်ကျော်လမ်းလို့ ဂုဏ်ပြုခေါ်ဆိုခဲ့ကြပါတယ်။

အတွင်းဝန်ရုံးကြီးရဲ့ အထူးခြားဆုံးကတော့ အုပ်စိုးသူ ဗြိတိသျှတို့လက်အောက်က လွတ်မြောက်ဖို့ ခြောက်လခန့်သာ လိုတော့တဲ့အချိန် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်မှာဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကြီးပါပဲ။ အဲဒီနေ့မှာ မြန်မာ့လွတ်လပ်ရေးဗိသုကာ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ သူ့ရဲ့အပေါင်းအပါ လုပ်ဖော်ကိုင်ဖက် ဝန်ကြီးခြောက်ဦးတို့ အတွင်းဝန်ရုံးရဲ့ အနောက်တောင်ထောင့်က အဆောင်မှာ အမှုဆောင်ကောင်စီအစည်းအဝေးကျင်းပနေချိန် အတွင်းမှာပဲ လုပ်ကြံခံခဲ့ရပါတယ်။ နောက်ပိုင်းမှာ အဲဒီအခန်းကို ပြုပြင်ထိန်းသိမ်းပြီး ဘုရားခန်းအဖြစ် ထားလိုက် ပါတယ်။

အတွင်းဝန်ရုံးကြီးရဲ့ အထူးခြားဆုံးကတော့ အုပ်စိုးသူ ဗြိတိသျှတို့လက်အောက်က လွတ်မြောက်ဖို့ ခြောက်လခန့်သာ လိုတော့တဲ့အချိန် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်မှာ ဖြစ်ခဲ့တဲ့အဖြစ်အပျက်ကြီးပါပဲ။ အဲဒီနေ့မှာ မြန်မာ့လွတ်လပ်ရေးဗိသုကာ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ သူ့ရဲ့အပေါင်းအပါ လုပ်ဖော်ကိုင်ဖက် ဝန်ကြီးခြောက်ဦးတို့ အတွင်းဝန်ရုံးရဲ့ အနောက်တောင်ထောင့်က အဆောင်မှာ အမှုဆောင်ကောင်စီအစည်းအဝေးကျင်းပနေချိန်အတွင်းမှာပဲ လုပ်ကြံခံခဲ့ရပါတယ်။ နောက်ပိုင်းမှာ အဲဒီအခန်းကို ပြုပြင်ထိန်းသိမ်းပြီး ဘုရားခန်းအဖြစ် ထားလိုက်ပါတယ်။

အဆောက်အအုံကြီး တည်ဆောက်ပြီးစီးခဲ့တာ ၁၉၀၅ ခုနှစ်ဖြစ်တဲ့အတွက် အခုဆိုရင် ၁၁၁ နှစ် ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သမိုင်းမှတ်တမ်း များအရ အတွင်းဝန်ရုံးအဆောက်အအုံကြီးဟာ အလွန်ကို အရေးပါတဲ့အတွက် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကနေ ဦးဆောင်ပြီး ပြုပြင်ထိန်းသိမ်းမှုတွေ လုပ်ဆောင်တာကို တွေ့ရပါတယ်။ ဒ့ါအပြင် ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့ရတဲ့ အာဇာနည်နေ့မှာလည်း အတွင်းဝန်ရုံးကြီးကို အများပြည်သူတို့ လေ့လာနိုင်စေဖို့ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

# ရှမ်းတောင်တန်းများနှင့် တောင်ကြီးမြို့ဆီသို့

ခရီးသွားဆောင်းပါး

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်



*တောင်ကမ်းပါးယံကို ကွေ့ဝိုက်ဖောက်လုပ်ထားသောကားလမ်း၊ လမ်းတစ်ဖက်ကတောင်၊ တစ်ဖက်ကနက်ရှိုင်းသော ချောက်ကမ်းပါး၊ တရွေ့ရွေ့မောင်းနှင်နေသော မော်တော်ယာဉ်ပေါ်မှ လှမ်းကြည့်လိုက်ရာ စိမ်းညို့နေသော ရှမ်းတောင်တန်း၊ တောင်စွယ်များက မြူနှင်းများဝေ့လျက်။ တောအုပ်မြင့်မြင့်၊ တောင်ဆင့်ဆင့်များက တစ်မျှော်တစ်ခေါ်၊ တောတောင်များကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးက ဆောင်းလက်ကျန်အငွေ့အသက်များကို သယ်ဆောင်လာခြင်းကြောင့် အေးမြမှုက ရစ်ပတ်လွှမ်းခြုံထားသလို ခံစားရသည်။ ရှမ်းပြည်နယ်က ရှမ်းတောင်တန်းမြင့်မြင့်များဖြင့် အေးချမ်းလှပမှုကို ဖော်ကျူးလျက်ရှိနေသည်။*

စဉ်က ဟေးလ်ဒီဘရမ်းမြို့ဟု အမည်ပေးခဲ့သော်လည်း နောက်ပိုင်းတွင် မြို့အရှေ့ဘက်စွန်း၌ ကျောက်တောင်စွန်းကြီး တည်ရှိနေရာကို အစွဲပြုပြီး တောင်ကြီးမြို့ဟုခေါ်ဆိုခြင်းဖြစ်ကြောင်း သိရသည်။

ရှမ်းခေါက်ဆွဲဆိုင်မှ ကျွန်တော်တို့ ပြန်ထွက်လာခဲ့သည်။ ပထမဦးစွာ ဗိုလ်ချုပ်လမ်းပေါ်တွင်ရှိသော တောင်ကြီးမြို့မဈေးကို ရောက်ရှိခဲ့သည်။ တောင်ကြီးမြို့မဈေးက စည်ကားသည်။ အထူးသဖြင့် တိုင်းရင်းသားရိုးရာဝတ်စုံများ ဝတ်ဆင်ထားသော အနီးဝန်းကျင်ရွာများမှ ဒေသခံတိုင်းရင်းသား ဈေးရောင်းဈေးဝယ်များကိုတွေ့ရသည်။ တောင်ကြီး မြို့မဈေးကိုလာရောက်ကြသည့် ဆိုင်ကယ်များကလည်းသတ်မှတ်ထားရာနေရာတွင် အပြည့်။ မော်တော်ကားဖြင့် လာရောက်သူများလည်းရှိရာ စည်ကားသည်။

မြို့မဈေးအတွင်း အထည်အလိပ်၊ လူ့အသုံးအဆောင် ပစ္စည်းများစုံလင်လှသည်။ ပအိုဝ်းတိုင်းရင်းသူအချို့ကို ရိုးရာဝတ်စုံများဖြင့် ဈေးဝယ်နေသည်ကိုတွေ့ရသလို ဒေသထွက်ကုန် လက်ဖက်ခြောက်များရောင်းချနေသည်ကို တွေ့မြင်ရသည်။ မြို့မဈေးတစ်ဖက်တစ်ချက်ကပ်လျက် လဟာပြင်ဈေးရှိရာ သတ်မှတ်ထားသောနေရာတွင် လွတ်လပ်စွာရောင်းချနေကြသော ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားနေသည်။ ဒေသထွက်ကုန် အများအပြားကိုလည်း ဈေးပေါပေါဖြင့် ရောင်းချနေရာ ပစ္စည်းအမျိုးအစားစုံလင်သဖြင့် စိတ်ဝင်စားစရာကောင်းသည်။

မြို့မဈေးမှပြန်ထွက်လာပြီး ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိခဲ့သည်။ ဗိုလ်ချုပ်လမ်းက အဓိကလမ်းမကြီးတစ်လမ်းဖြစ်ရာ ဆိုင်ကယ်များ ၊ ကားများဖြင့် အသွားအလာ စည်ကားသည်။ ယဉ်ကျေးမှုပြတိုက်က တည်ငြိမ်သောဣန္ဒြေကိုဆောင်ကာ ခံ့ခံ့ထည်ထည်တည်ရှိနေသည်။ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့အသုံးအဆောင်များ၊ တိုင်းရင်းသားတို့၏ ပုံစံတူရုပ်တုများ၊ ပင်လုံစာချုပ်ဆိုင်ရာအမှတ်တရ ပြသထားသော အထောက်အထားများကို စိတ်ဝင်စားစွာ ပြသထားသည်။

တိတ်ဆိတ်ငြိမ်သက်မှုအပြည့်ရှိရာ လေ့လာရသည်မှာ စိတ်ကျေနပ်မှုအပြည့်ရရှိလေသည်။ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ အသုံးအဆောင်ပစ္စည်းအစစ်များကို ခင်းကျင်းပြသထားသည့်အနက် ရှမ်းရိုးရာအိုးစည်ကို တခမ်းတနားပြသထားသည်။ အတန်ကြာလေ့လာပြီးနောက် ယဉ်ကျေးမှုပြတိုက်မှ ပြန်ထွက်လာခဲ့သည်။

တောင်ကြီးတက္ကသိုလ်နှင့် တောင်ကြီးပညာရေးကောလိပ်တို့ကို မော်တော်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ ကျွန်တော်တို့ ရောက်ချိန်မှာ ကျောင်းပိတ်ရက်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ အသွားအလာရှင်းလျက်ရှိသည်။ တက္ကသိုလ်များ တည်ဆောက်ပေးထားသဖြင့် ဒေသခံလူငယ်များ တက္ကသိုလ်ပညာရေးကို အဆင်ပြေစွာတက်ရောက်သင်ကြားနိုင်လျက်ရှိသည်မှာ ကောင်းမွန်သည့်အချက်ပင်ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

"တောင်ကြီးမြို့ကို ရောက်တော့မယ်" ဟု အတူပါလာသူ ကိုစိုးခိုင်က သတိပေးသည်။ တောင်ကြီးမြို့ကို ကျွန်တော်နှစ်ကြိမ်ရောက်ခဲ့ဖူးသည်။ ထိုစဉ်က အရေးကြီး အလုပ်တာဝန်များကြောင့် မည်သည့်နေရာသို့မှ မရောက်ခဲ့။ အချိန်မရသဖြင့် အလုပ်တာဝန်များပြီးစီးသည်နှင့် ပြန်ရသည်။ ယခုကျွန်တော်တို့ခရီးစဉ်က တောင်ကြီးမြို့တွင် တစ်ရက်တာလည်ပတ်လေ့လာခွင့်ရမည်ဖြစ်ရာ တောင်ကြီးမြို့သားလိုဖြစ်နေသော ကိုစိုးခိုင်က အချိန်နှင့် တွက်ချက်ပြီး သွားသင့်သည့်နေရာများကို လိုက်ပို့ပေးမည်ဖြစ်၍ အဆင်ပြေသွားသည်။

တောင်ကုန်းများကို ကွေ့ဝိုက်ဖောက်လုပ်ထားသောကားလမ်းပေါ်တွင် တဖြည်းဖြည်း ကားအသွားအလာများစပြုလာသည်ကို သတိပြုမိသည်။ မကြာခင်ကားလမ်းဘေးဝဲယာတစ်လျှောက် လူနေအိမ်ဆိုင်များ၊ အထပ်နိမ့်တိုက်တာအဆောက်အအုံများ၊ ခရီးဝေးဘတ်စ်ကားများ၊ ဈေးအရောင်းအဝယ်နှင့် အန္တေထည်ကိုယ်စီဝတ်ကာသွားလာလှုပ်ရှားနေသူများကို တွေ့ရသည်။ "ဒါအေးသာယာမြို့သစ်လေ. . . အခုတော့ မြို့ကြီးတစ်မြို့လိုစည်ကားနေပြီပေါ့" ဟု ကိုစိုးခိုင်က ပြောပြသည်။

အရင်က တောင်ကြီးမြို့အတွင်းသို့ ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင် ဘတ်စ်ကားကြီးများ တိုက်ရိုက်မောင်းနှင် ဝင်ရောက်ခွင့်ပြုခဲ့သော်လည်း အေးသာယာမြို့သစ် တည်ထောင်ပြီးနောက်ပိုင်းတွင် ကားကြီးရပ်ဝန်းထားကာ ကားငယ်များဖြင့်သာ တောင်ကြီးမြို့ပေါ်တက်ရောက်ခွင့်ပြုခဲ့ကြောင်း သိရသည်။ အေးသာယာမြို့သစ်က ယခုအချိန်တွင် စည်ကားဖွံ့ဖြိုးသောမြို့သစ်တစ်မြို့အသွင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ အေးသာယာမြို့ကို ဖြတ်သန်းပြီးနောက် တောင်ကြီးမြို့အတက် လမ်းတစ်လျှောက် ကားမျိုးစုံဥဒဟို မောင်းနှင်သွားလာနေကြသည်ကို တွေ့ရသည်။ ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် တိုးချဲ့တည်ဆောက်ထားသော အဆောက်အအုံသစ်အချို့နှင့် စပျစ်ခြံအချို့ကို လှမ်းမြင်ရသည်။

တောင်ကြီးမြို့အဝင် ချယ်ရီပန်းများ ပွင့်နေသောမြင်ကွင်းကိုလှမ်းမြင်ရသဖြင့် စိတ်ထဲကြည်နူးသွားသည်။ တောင်ကြီးမြို့၏ ရေမြေတောတောင်သဘာဝနှင့် ရာသီဥတုတို့က ချယ်ရီပန်းများနှင့် ပနံရသည်က အမှန်ပင် တောင်ကြီးမြို့မှ ကြိုဆိုသည့် ဆိုင်းဘုတ်ကိုဖြတ်သန်းဝင်ရောက်ခဲ့ပြီးနောက် မြို့တွင်းသို့ရောက်ရှိလာခဲ့သည်။ တောင်ကြီးမြို့၏ နံနက်ခင်းမြင်ကွင်းက အေးချမ်းတည်ငြိမ်လှသည်။

"နံနက်စာ စားပြီးမှ ကျွန်တော်တို့သွားမယ့် နေရာတွေကို အစီအစဉ်ဆွဲတာပေါ့" ဟု ကိုစိုးခိုင်ကပြောပြီး တောင်ကြီးမြို့တွင် နာမည်ကြီးသော ရှမ်းခေါက်ဆွဲဆိုင်သို့ထွက်လာခဲ့သည်။ တောင်ကြီးမြို့မဈေးအနီး အိမ်ဆိုင်သဖွယ်တည်ခင်းရောင်းချသော ရှမ်းခေါက်ဆွဲဆိုင်ကား လာရောက်စားသုံးသူများနှင့် စည်ကားနေသည်။ အငွေ့ထောင်းထောင်းထနေသော ရှမ်းခေါက်ဆွဲပူပူနွေးနွေးကို ရှမ်းချဉ်၊ တိုဟူးကြော်တို့ဖြင့် တွဲဖက်စားသောက်ရသည်မှာ နံနက်ခင်းအေးမြမြတွင် ထူးကဲသောအရသာကို ပေးစွမ်းလေသည်။ ရှမ်းခေါက်ဆွဲစားပြီးနောက် လက်ဖက်ရည်မှာကာ ခေတ္တနားရင်း သွားရောက်လေ့လာရမည့်နေရာများကို ဆွေးနွေးကြသည်။

တောင်ကြီးမြို့က မြန်မာသက္ကရာဇ် ၁၂၀၀(ခရစ်နှစ် ၁၈၃၈ ခုနှစ်)ခန့်တွင် ပအိုဝ်းကျေးရွာတစ်ရွာအဖြစ်တည်ရှိခဲ့သော်လည်း ၁၈၉၂ခုနှစ်၌ မြို့ကွက်စရိုက်ပြီး ၁၈၉၄ ခုနှစ်စက်တင်ဘာ ၁၅ ရက်တွင် မြို့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ တောင်ကြီးမြို့ ဖြစ်ပေါ်လာရခြင်းမှာ ညောင်ရွှေမြို့ အရှေ့ဘက် မိုင်းသောက်တွင် တပ်စခန်းချထားသော စာတပ်မင်းခံတပ်အား ငှက်ဖျားပေါများသဖြင့် နေရာရွှေ့ပြောင်းခဲ့ရာမှ ယခုနေရာသို့ ရောက်ရှိခဲ့သည်။ ဂေါ်ရခါးတပ်ရင်း (၃)နှင့်အတူ ပါလာသူ နိုင်ငံရေးအရာရှိ ဟေးလ်ဒီဘရမ်းက တောင်ကြီးမြို့နေရာကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မြို့စတင်တည်




တောင်ကြီးမြို့အဝင်မုခ်ဦးကို တွေ့ရစဉ်။

စာမျက်နှာ ၁၆ မှ



တောင်ကြီးတက္ကသိုလ်ဘက်မှ ကျွန်တော်တို့ ပြန်ထွက်လာပြီး တောင်ကြီးမီးပုံးပျံပွဲတော် ကျင်းပရာ နေရာသို့ ထွက်လာခဲ့သည်။ တောင်ကြီးမြို့က ပင်လယ်ရေမျက်နှာပြင်ထက် ၄၇၁၂ ပေအမြင့်တွင် တည်ရှိရာ ရှမ်းတောင်တန်းများကြောင့် အေးမြလျက်ရှိသည်။ သို့သော် ယခင်နှစ်များကဲ့သို့အေးစိမ့်ခြင်းမရှိတော့ဘဲ ရာသီဥတုပြောင်းလဲမှု၊ လူနေထူထပ်မှုတို့ကြောင့် အေးမြမြသာ ခံစားရတော့သည်။ တောင်ကြီးမီးပုံးပျံပွဲတော်ကျင်းပသည့်နေရာ ရောက်ခဲ့သည်။ ပွဲတော်ကာလအတွင်းသာ စည်ကားသော်လည်း ယခုအချိန်တွင် လူရှင်းလျက်ရှိသည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က တောင်ကြီးမီးပုံးပျံပွဲသို့ ရောက်ရှိဆင်နွှဲခဲ့ပုံများကို ပြန်မြင်ယောင်မိသည်။ တောင်ကြီးမီးပုံးပျံပွဲတော်က မြန်မာနိုင်ငံတွင် အထင်ကရဖြစ်ရာ ပွဲတော်ရက်များသာမက အခြားနေ့ရက်များတွင်လည်း လာရောက်လေ့လာကြသည့် ဧည့်သည်များအတွက် ပြတိုက်သဘောမျိုးခင်းကျင်းပြသထားလျှင်ကောင်းမည်ဟု တွေးမိသည်။

ကျွန်တော်တို့တောင်ကြီးမြို့ တောင်ခြေတွင်ရှိသော ကျီးဖြူကန်သို့ ထွက်လာခဲ့သည်။ ကျီးဖြူကန်က ရေကန်တစ်ခုဖြစ်ပြီး သမိုင်းဖြစ်စဉ်ရှိသည်။ ကျီးဖြူကန်က အတန်အသင့်ကျယ်ဝန်းပြီး သာသာယာယာရှိရာ ပတ်ဝန်းကျင်က တိတ်ဆိတ်အေးချမ်းလျက်ရှိသည့်အပြင် ရှုမောဖွယ်ကောင်းသည်။ ကမ်းစပ်တွင် အဖြူရောင်ရှိသော ကျီးဖြူတစ်ကောင်ကိုတွေ့ရှိခဲ့သည့် ဒေသခံတစ်ဦးက ထိုစဉ်က ညောင်ရွှေစော်ဘွားထံဆက်သခဲ့ရာ ရွှေချိုင့်နှင့် လှောင်ထားခဲ့ပြီး လာရောက်ဆက်သခဲ့သူကိုလည်း ကျီးဖြူဝန်အဖြစ် ခန့်အပ်ချီးမြှောက်ခဲ့ကြောင်း၊ ကျီးဖြူတွေ့ရှိရာကန်ကိုလည်း ကျီးဖြူကန်ဟု ခေါ်ဝေါ်ခဲ့ကြောင်း သိရသည်။ ကျီးဖြူရှိရာသို့ ကျီးမည်းများမလာဝံ့ကြောင်းလည်း ကိုစိုးခိုင်က ပြောပြသည်။

အတန်ကြာ ကြည့်ရှုလေ့လာပြီးနောက် အနီးရှိ တောင်ထွတ်တစ်ခုပေါ် တက်ရောက်ကာ တောင်ကြီးမြို့ကို အပေါ်စီးမှ မြင်တွေ့နိုင်သည့် နေရာအထိရောက်ရှိအောင် ကြိုးစားတက်ခဲ့သည်။ အမြင့်ပေ ၈၀၀ ခန့်တက်ပြီးနောက် ရပ်နား၍ရသည့် နေရာတစ်ခုမှ တောင်ကြီးမြို့ကို လှမ်းမျှော်ကြည့်မိသည်။ ရှမ်းတောင်တန်းများအလယ်တွင် တိုက်တာအိမ်ခြေများဖြင့် စည်ကားဖွံ့ဖြိုးနေသော တောင်ကြီးမြို့၏ မြင်ကွင်းကို မှင်သက်မိစွာကြည့်ရှုနေမိသည်။ ထို့နောက် ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူခဲ့ပြီး ပန်းချီကားတစ်ချပ်သဖွယ် လှပနေသော တောင်ကြီးမြို့မြင်ကွင်းကို အတန်ကြာငေးမောပြီးနောက် ပြန်ဆင်းလာခဲ့ကြသည်။

ကျွန်တော်တို့ တောင်ကြီးမြို့အရှေ့ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိသော မုံတဝဂူသို့ ဆက်လက်ထွက်ခွာခဲ့သည်။ မုံတဝလိုဏ်ဂူမှာ တောင်ကြီးမြို့ကို ရောက်ရှိသူတိုင်း သွားရောက်လေ့လာတတ်ကြသည့် နေရာတစ်ခုဖြစ်ရာ စိတ်ဝင်စားစရာကောင်းသည်ဟု ဆိုသဖြင့် ရောက်အောင်သွားခဲ့ခြင်းဖြစ်သည်။ မကြာမီအချိန်အတွင်း မုံတဝလိုဏ်ဂူသို့ရောက်ရှိခဲ့ရာ လာရောက်လေ့လာနေကြသူအချို့ကို မြင်တွေ့ရသည်။ မုံတဝလိုဏ်ဂူအပြင်ဘက်မှ ခေတ္တရပ်ကြည့်ရင်း ကျွန်တော်တို့ လိုဏ်ဂူပေါ်သို့ တက်ရောက်ခဲ့ကြသည်။

မုံတဝဂူက သဘာဝလိုဏ်ဂူဖြစ်ပြီး ကျဉ်းမြောင်းသောလမ်းအတိုင်း တောင်ပေါ်သို့ တက်ရောက်ခဲ့ရာ ဘုန်းကြီးကျောင်းတစ်ကျောင်း တွေ့ရှိရသည်။ ဆက်လက်ပြီး ကျောက်လှေကားအတိုင်း အပေါ်သို့ ဆက်လက်တက်ခဲ့ရာမှ မုံတဝဂူသို့ရောက်ရှိခဲ့လေသည်။ မုံတဝဂူအဝကား အကျယ် ၂၇ ပေခန့်ရှိပြီး အမြင့်ပေ ၃၀ ခန့်ရှိရာ အတန်အသင့်ကျယ်သော ဂူပေါက်ဝအဖြစ် မြင်တွေ့ရသည်။ ဂူအဝင်ဝတွင် အက္ခရာဗျည်း ၃၃ လုံးဆုတောင်းပြည့်စေတီကို ဖူးမြော်တွေ့ရှိသဖြင့် ဦးချကန်တော့ခဲ့သည်။

လိုဏ်ဂူအတွင်း ဝင်ရောက်ခဲ့ရာ ဂူနံရံများတွင် ကျောက်စက်မိုးမျှော်၊ ကျောက်စက်ပန်းဆွဲများကတွဲလောင်းကျနေသည့်အလား မြင်တွေ့ရသည်။ ဗုဒ္ဓရုပ်ပွားတော်များစွာကိုလည်း ဖူးတွေ့ပြီး စုစုပေါင်း ၁၀၀၀ ကျော်ခန့် ရှိသည်ဟု ကိုစိုးခိုင်ကပြောပြသည်။ ဂူအတွင်းအေးစိမ့်နေပြီး ဂူလမ်းကြောင်းမှာ အလွန်ရှည်ကြောင်း၊ ဂူအဆုံးအထိ ရောက်ဖူးခဲ့သူဟူ၍ မကြားမိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။ အချို့လေ့လာသူများက ဂူအတွင်း မိုင် ၂၀ ခန့်အထိ ဝင်ရောက်

**ကမ်းစပ်တွင် အဖြူရောင်ရှိသော ကျီးဖြူတစ်ကောင်ကိုတွေ့ရှိခဲ့သည့် ဒေသခံတစ်ဦးက ထိုစဉ်က ညောင်ရွှေစော်ဘွားထံဆက်သခဲ့ရာ ရွှေချိုင့်နှင့် လှောင်ထားခဲ့ပြီး လာရောက်ဆက်သခဲ့သူကိုလည်း ကျီးဖြူဝန်အဖြစ် ခန့်အပ်ချီးမြှောက်ခဲ့ကြောင်း၊ ကျီးဖြူတွေ့ရှိရာကန်ကိုလည်း ကျီးဖြူကန်ဟု ခေါ်ဝေါ်ခဲ့**

သွားခဲ့ဖူးသော်လည်း ဂူအဆုံးအထိ မရောက်ခဲ့ကြောင်း မှတ်သားဖူးသဖြင့် စိတ်ဝင်စားစရာကောင်းသည်။ ထူးခြားသော မုံတဝလိုဏ်ဂူ၏ သက်တမ်းကိုသေချာစွာမသိရသော်လည်း သက်တမ်းအလွန်ရင့်သော ဂူတစ်ဂူဖြစ်ကြောင်း ခန့်မှန်းမိသည်။

မုံတဝလိုဏ်ဂူအတွင်း လေ့လာသူအချို့ကို တွေ့ရှိရသည်။ ဓာတ်ပုံမှတ်တမ်းများကို ပါလာသောလက်ကိုင်ဖုန်းများဖြင့်ရိုက်ပြီး ချက်ချင်းဗိုက်ဘာဖြင့် တင်နေသူများကိုလည်း တွေ့မြင်ရသည်။ ကျွန်တော်တို့ မုံတဝဂူမှပြန်ထွက်ကာ တောင်ကြီးမြို့သို့ ပြန်လာခဲ့ကြသည်။ လမ်းတစ်လျှောက် လိုဏ်ဂူသို့လာရောက်လေ့လာသည့် မော်တော်ယာဉ်အချို့ကို တွေ့ရသည်။ တောင်ကြီးမြို့အတွင်း လေ့လာစရာနေရာများစွာ ကျန်သေးသည်ဖြစ်ရာ အချိန်ရသမျှ လေ့လာရဦးမည်။ တောင်ကြီးမြို့အနီး ဒေသခံ တိုင်းရင်းသားတို့၏ ကျေးရွာအချို့သို့လည်း သွားရောက်လေ့လာရန် စီစဉ်ထားသည်ဖြစ်ရာ စိတ်ဝင်စားစရာများကြုံတွေ့ရဦးမည်။ ကျွန်တော်တို့ တောင်ကြီးမြို့ရောက်ချိန်တွင် ညနေ ၃ နာရီကျော်ပြီဖြစ်ရာ နောက်တစ်နေ့မှ ခရီးဆက်ကြမည်ဟု ဆုံးဖြတ်ကာ နားလိုက်သည်။ တောင်ကြီးမြို့ညနေကား အအေးဓာတ်သိသာစွာ ဝင်ရောက်လာလေပြီ။

# ခန္ဓာကိုယ်ထဲမှာ ကဖင်းဓာတ်တွေ လွန်ကဲလာတဲ့အခါ

ဘာသာပြန်-ကလျာမိုးမြင့်

နံနက်ခင်း အိပ်ယာနိုးထလာချိန် နေ့တစ်နေ့တာကို ကော်ဖီတစ်ခွက်နဲ့ အစပျိုးလေ့ရှိကြပါတယ်။ ကမ္ဘာတစ်ဝန်းမှာ နေ့စဉ်နေ့တိုင်း ကော်ဖီခွက်ပေါင်း ၁ ဒသမ ၆ ဘီလီယံကို သောက်သုံးနေကြပါတယ်။ တစ်နည်းအားဖြင့် ကဖင်းကို သောက်သုံးနေတယ်လို့ ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကော်ဖီမှာ အဓိကပါဝင်ပစ္စည်းဟာ ကဖင်းဓာတ်ဖြစ်တာကြောင့်ပါ။

ကဖင်းဓာတ်ဟာ ဗဟိုအာရုံကြောစနစ်ကို လှုံ့ဆော်ပေးတဲ့ ဓာတ်ပစ္စည်းဖြစ်ပြီး ပင်ပန်းနွမ်းနယ်မှုများကို ပြေပျောက်စေနိုင်တဲ့အပြင် အာရုံစူးစိုက်မှုကို ကောင်းစေပါတယ်။ မီချီဂန်ကျန်းမာရေးတက္ကသိုလ်က ပြောကြားချက်အရ ကဖင်းဓာတ်ဟာ သောက်သုံးပြီး ၁၅ မိနစ်အကြာမှာ စတင်အာနိသင်ပြပြီး ၆ နာရီကြာအောင် အလုပ်လုပ်တယ်လို့ သိရပါတယ်။ ကော်ဖီစေ့၊ လက်ဖက်ရွက်၊ ချောကလက်ပြုလုပ်တဲ့ ကိုကိုးစေ့နဲ့ ကိုလာစေ့တို့အပြင် အပင်မျိုးကွဲ ၆၀ ကျော်ကနေ ကဖင်းဓာတ် ရရှိနိုင်ပါတယ်။

အမေရိကန်မှာ ကဖင်းသောက်သုံးမှုဟာ လူတစ်ဦးလျှင် နေ့စဉ် ကဖင်း ၃၀၀ မီလီဂရမ်နီးပါးရှိပြီး အဲဒီပမာဏဟာ ကော်ဖီနှစ်ခွက်ကနေ သုံးခွက်သောက်သုံးမှု ပမာဏနဲ့ညီကြောင်း အမေရိကန်အစားအစာနဲ့ ဆေးဝါးကွပ်ကဲမှုအဖွဲ့ (FDA) က ဆိုထားပါတယ်။ ဒါဟာ သင့်တင့်မျှတတဲ့ ကဖင်းသောက်သုံးမှုပမာဏလို့ ဆိုရမှာဖြစ်ပြီး ပုံမှန်သောက်သုံးရင် ကျန်းမာရေးကောင်းကျိုးတွေ ရရှိစေပါတယ်။

တစ်ရက်မှာ ကော်ဖီတစ်ခွက်သောက်သုံးခြင်းဟာ အသည်းကင်ဆာရောဂါဖြစ်ပွားမှုကို ၅၀ ရာခိုင်နှုန်းအထိလျှော့ချနိုင်ကြောင်း ဆေးပညာသတင်းတစ်ရပ်မှာ ရေးသားထားပါတယ်။ အခြားလေ့လာမှုတစ်ခုကတော့ တစ်ရက်မှာ ကော်ဖီလေးခွက် သောက်သုံးရင် ခံတွင်းကင်ဆာနဲ့ လည်ချောင်းကင်ဆာဖြစ်ပွားမှုနှုန်းကို ထက်ဝက်လျှော့ချနိုင်တယ်လို့ သိရပါတယ်။

ဟားဗတ် ပြည်သူ့ကျန်းမာရေးကျောင်းမှာ ပြီးခဲ့တဲ့နှစ်ကလေ့လာချက်အရ တစ်ရက်လျှင် ကော်ဖီနှစ်ခွက်မှ လေးခွက်အထိ သောက်သုံးခြင်းဟာ အရွယ်ရောက်သူတွေမှာ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်မှုနှုန်းကို လျော့နည်းစေပြီး နေ့စဉ်ကဖင်း ၂၀၀ မီလီဂရမ် သောက်သုံးခြင်းဟာ ကြာရှည်မှတ်မိနိုင်တဲ့ မှတ်ဉာဏ်စနစ်ကို တိုးတက်ကောင်းမွန်စေတာကို လေ့လာတွေ့ရှိခဲ့ပါတယ်။ ဒါ့အပြင် ဒုတိယအမျိုးအစား ဆီးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါနဲ့ လေသင်တုန်းဖြတ်ခြင်းကို ကာကွယ်နိုင်တယ်လို့လေ့လာမှုများက ဆိုပါတယ်။

နေ့စဉ် ကဖင်း ၂၀၀ မီလီဂရမ်သောက်သုံးခြင်းဟာ အန္တရာယ်မရှိနိုင်ပေမယ့် ကဖင်းပမာဏ လွန်ကဲလာပြီဆိုရင်တော့ ဆိုးကျိုးများကြုံတွေ့လာရနိုင်ပါတယ်။ တစ်ရက်မှာ ကော်ဖီသုံးခွက်နဲ့အထက်(ကဖင်းပမာဏ ၆၀၀ မီလီဂရမ်) သောက်မယ်ဆိုရင် ဒါဟာလွန်ကဲတဲ့ပမာဏ ဖြစ်သွားပါပြီ။ ခန္ဓာကိုယ်ထဲမှာ ကဖင်းဓာတ်တွေများလာတဲ့အခါ အိပ်မပျော်ခြင်း၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ စိတ်ထိခိုက်ခံစားလွယ်ခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ နှလုံးခုန်မြန်ခြင်းနဲ့ ကြွက်သားများတုန်ခါခြင်းစတဲ့ ဝေဒနာတွေကို ခံစားရနိုင်ပါတယ်။



မိခင်တွေဟာ ကိုယ်ဝန်ဆောင်ကာလအတွင်းမှာ ကော်ဖီသောက်သုံးမှုကို သတိပြုသင့်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်များ တစ်နေ့ကို ကော်ဖီသုံးခွက်နဲ့အထက် သောက်သုံးရင်(သို့မဟုတ်) ကဖင်း ၃၀၀ မီလီဂရမ်ထက်များသွားရင် သန္ဓေသားရဲ့ ကြီးထွားဖွံ့ဖြိုးမှုကို နှောင့်နှေးကြန့်ကြာစေတာကို လေ့လာတွေ့ရှိရပါတယ်။ မိခင်ဆီမှာ ကဖင်းဓာတ်တွေများသွားတဲ့အခါ သန္ဓေသားရဲ့ နှလုံးခုန်နှုန်းကိုပါ ထိခိုက်လာနိုင်ပါတယ်။ မိခင်နဲ့ ဆက်သွယ်ထားတဲ့အချင်းမှတစ်ဆင့် ကဖင်းဓာတ်ဝင်ရောက်ပြီး ကလေးငယ်ရဲ့ နှလုံးခုန်နှုန်းကို အကျိုးသက်ရောက်စေပါတယ်။

နောက်ထပ်လေ့လာမှုများအရ ကိုယ်ဝန်ဆောင်တွေ သားပျက်သားလျှောခြင်းဟာ ကဖင်းပမာဏ လွန်ကဲစွာ သောက်သုံးခြင်းနဲ့လည်း ဆက်စပ်နေတယ်လို့ ဖော်ပြထားပါတယ်။ ဆရာဝန်တွေ ညွှန်ကြားထားတဲ့ ကိုယ်ဝန်ဆောင်များ သောက်သုံးရမယ့် ကဖင်းပမာဏဟာ တစ်ရက်မှာ ၃၀၀ မီလီဂရမ်အောက် လျော့နည်းပါတယ်။ ကလေးမွေးဖွားထားတဲ့ မိခင်တွေမှာ နို့တိုက်ကျွေးတဲ့ မိခင်နို့ရည်မှတစ်ဆင့် ရင်သွေးငယ်ဆီကို ကဖင်းဓာတ်ဝင်ရောက်သွားတဲ့အခါ ကလေးငယ်ဟာ ထိတ်လန့်ခြင်း၊ အိပ်ပျော်ရန်ခက်ခဲခြင်း စတာတွေ ကြုံတွေ့ရနိုင်ပါတယ်။ ကဖင်းပါတဲ့ အားဖြည့်အချိုရည်တွေ လွန်လွန်ကဲကဲသောက်သုံးရင်လည်း ထိုနည်းလည်းကောင်းပါပဲ။

ကဖင်း ၃၀၀ မီလီဂရမ်ထက်ပို၍ နေ့စဉ်သောက်သုံးရင် ကိုယ်အလေးချိန်ပေါင်မပြည့်တဲ့ ကလေးမွေးဖွားမှုနှုန်းများလာစေကြောင်း ဆေးပညာသတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

**တစ်ရက်မှာ ကော်ဖီသုံးခွက်နဲ့အထက် (ကဖင်းပမာဏ ၆၀၀ မီလီဂရမ်) သောက်မယ်ဆိုရင် ဒါဟာလွန်ကဲတဲ့ပမာဏဖြစ်သွားပါပြီ။ ခန္ဓာကိုယ်ထဲမှာ ကဖင်းဓာတ်တွေများလာတဲ့အခါ အိပ်မပျော်ခြင်း၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ စိတ်ထိခိုက်ခံစားလွယ်ခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ နှလုံးခုန်မြန်ခြင်းနဲ့ ကြွက်သားများတုန်ခါခြင်းစတဲ့ ဝေဒနာတွေကို ခံစားရနိုင်**

# လူငယ်နှင့် မိမိကိုယ်ကိုယ်ယုံကြည်မှု

ချစ်နိုင်
(စိတ်ပညာ)

**စကားပြောဟန်**

လူငယ်နှင့်အင်္ဂလိပ်စာ၊ လူငယ်နဲ့အလုပ်အကိုင်အခွင့်အလမ်းဆိုတဲ့ ခေါင်းစဉ်များနဲ့ စာဖတ်ပရိသတ်ကို ရေးသားတင်ပြခဲ့ပါတယ်။ စကားပြေနဲ့ရေးခဲ့ပါတယ်။ လူငယ်နဲ့ မိမိကိုယ်ကိုယ် ယုံကြည်မှုအကြောင်းရေးမယ်လို့ စိတ်ကူးတဲ့အခါမှာစကားပြောသလိုရေးမှ စာဖတ်သူနဲ့ ပိုပြီးနီးကပ်ထိတွေ့မယ်လို့ သတိပြုမိပါတယ်။

ကမ္ဘာကြီးကတော့ ရှေ့ဆက်တိုးတက်ဦးမှာပါ။ ရှေ့မှာဘယ်လိုပဲ တိုးတက်မှုတွေရှိနေနေ လူအများစုကြီးကတော့ အရေးမပါတဲ့ဘဝမှာအရေးလုပ်မခံရဘဲ ကိုယ်လုပ်ချင်တာတွေလည်း လုပ်ခွင့်မရဘဲ၊ စိုးရိမ်သောကဖြစ်လိုဖြစ်ရ၊ ကြောက်ရွံ့ထိတ်လန့်နေ လိုနေရနဲ့ဘဝပင်လယ်ပြင်ကြီးကို လက်ပစ်ကူးနေရဆဲပါပဲ။

တစ်မြန်နေ့က ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် (၁၆)ရပ်ကွက်ထဲမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ရပ်မိရပ်ဖတွေ စီစဉ်တဲ့စာပေဟောပြောပွဲသွားရောက် ဟောပြောခဲ့ပါတယ်။ ဆရာမမစန္ဒာ၊ ဆရာမြတ်ဝေတိုးတို့နဲ့ပါ။ လှိုင်သာယာဟာ ရန်ကုန်တိုင်းဒေသကြီးရှိ (၄၅)မြို့နယ်အနက် လူဦးရေအများဆုံးမြို့ပါ။ ချမ်းသာဆင်းရဲ၊ လူကောင်းလူဆိုးအမျိုးမျိုးစုံတဲ့ အလွှာမျိုးစုံနေထိုင်ကြတဲ့မြို့နယ်ပါ။

**ပူပန်ခဲ့မိ**

ပထမအကြိမ် စာပေဟောပြောပွဲကို လာသူမှရှိပါ့မလား။ စာပေဟောပြောတာကို နားထောင်ချင်သူများများစားစား ရှိနိုင်ပါ့မလားလို့သွားရင်းနဲ့ စိတ်မှာပူပန်မိခဲ့ပါသေးရဲ့။ ကံကောင်းတာက ရပ်ကွက်လူကြီးတွေက လူမလာမှာစိုးလို့ ခါးပြတ်တီးဝိုင်း၊ အော်ဂင်လေးနဲ့ အဆိုအတီးများနဲ့ ပဏာမဧည့်ခံဂီတသံစဉ်တင်ထားတယ်။ ၆ နာရီခွဲမှ ၇ နာရီခွဲအထိ အသံချဲ့စက်မှာသီချင်းဆိုသံကြားလို့ ပရိသတ် ၅၀၀၊ ၆၀၀ ပွဲခင်းလိုနေရာခင်းပြီး ထိုင်နေကြပါပြီ။ တဖွဲဖွဲလည်း လာနေကြဆဲပါ။

ကြိုတင်တွေးဆထင်ကြေးတွေဟာ လွဲတတ်တယ်။ လှိုင်သာယာစာပေဟောပြောပွဲဟာ ပထမအကြိမ်လို့ဆိုပေမယ့် (၁၆) ရပ်ကွက်အနေနဲ့ တကယ်ပဲအောင်မြင်ခဲ့ပါတယ်။ အခြားရပ်ကွက်များမှာ ဆရာနွမ်ဂျာသိုင်းနဲ့ ဆရာကောင်းသန့်တစ်ပွဲ။ ဆရာဒေါက်တာထွန်းလွင်နဲ့ ဆရာမသန်းမြင့်အောင်တစ်ပွဲ။ စင်များ၊ ဗီနိုင်းများကို ညနေက တွေ့မြင်ခဲ့ရပါတယ်။ ကဲဗျာ. . . လှိုင်သာယာမှာ လူဦးရေများသလောက်ဆင်းရဲသားများမယ်၊ စာမဖတ်ကြဘဲ စာပေဟောပြောပွဲနည်းလိမ့်မယ်တော့ မထင်ပါနဲ့။ မှားမယ်။ ဟောပြောတဲ့အခါစိတ်ဝင်တစားနဲ့ စိတ်အားထက်ထက်သန်သန် တုံ့ပြန်တဲ့အားပေးမှုတွေကို တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ဟောပြောသူသုံးဦးစလုံး ကျေနပ်ဝမ်းသာချီးကျူးခဲ့ရပါတယ်။ ကိုယ်တွေ့ကြုံခဲ့တာနော်။

သူတစ်ပါးကို အထင်မသေးသင့်ဘူးဆိုတာသတိပြုမိပါတယ်။ မိမိကိုယ်ကိုယ်လည်း အထင်မသေးရဘူးလို့ ဒီနေရာကနေ သတိပေးတင်ပြချင်ပါတယ်။

**အထင်မသေးရ**

မိမိကိုယ်ကိုယ်ယုံကြည်မှုဟာ လုပ်ဆောင်ချက်တိုင်းမှာ အကျိုးသက်ရောက်တယ်။ ယုံယုံကြည်ကြည်ရဲရဲရင့်ရင့်နဲ့ လုပ်ဆောင်တဲ့အလုပ်နဲ့ မယုံမရဲ ဖြစ်မှဖြစ်ပါ့မလား သံသယစိတ်ထားနဲ့လုပ်တဲ့အလုပ်က မတူဘူး။ အားစိုက်ခွန်စိုက်ရှိတာချင်းမတူဘူး။ အထူးသဖြင့် ဘောလုံးပွဲတွေမှာ သိသာထင်ရှားတယ်။ နှစ်ဖက်ဘောလုံးအသင်းအားကစားသမားတွေရဲ့ ငါတို့သေချာပေါက် နိုင်ရမယ်ဆိုတဲ့အသင်းနဲ့ ငါတို့ကတော့ ကစားရတာနိုင်မယ်လို့ မထင်ပါဘူးကွာဆိုတဲ့အသင်း၊ ဘယ်သူနိုင်မယ်ထင်ပါသလဲ။

လောကမှာ ဉာဏ်ရည်ဉာဏ်သွေးလည်း ထူးထူးချွန်ချွန်ကောင်းတာမဟုတ်ဘူး။ အတန်းပညာလည်း ဘယ်တက္ကသိုလ်ကောလိပ်မှ မတက်ခဲ့ဖူးဘူး။ အရည်အချင်းလည်းဘာမှ ပြောပလောက်အောင် မတော်ပါဘူး။ ဒါပေမယ့်အချို့အဲသလို လူစားတွေထဲကပဲ ရပ်ထဲရွာထဲမှာ ချမ်းချမ်းသာသာနဲ့ စီးပွားရေးလည်းကောင်းတယ်။ ရပ်ရေးရွာရေးဆိုလည်း ပါဝင်ကူညီတယ်။ ဘာမဆိုဖင်ပေါ့တယ်။ တာဝန်ပေးရင် သူ့ဘာသာသူဖြစ်မြောက်အောင်လုပ်တယ်။ အဲဒီလူမျိုးတွေရပ်ကွက်ထဲမှာ ရှိတတ်ပါတယ်။

သူတို့မှာ ရှိထားတာက သူ့ကိုယ်သူ ယုံကြည်မှုပါပဲ။ သူ့ကိုယ်သူ ယုံကြည်စိတ်ချတဲ့စိတ်တစ်ခုတည်းနဲ့ စားဝတ်နေရေးလည်း ပြေလည်တယ်။

**ယုံကြည်စိတ်၏ စွမ်းအား**

ရပ်ရေးရွာရေးများဆိုလည်းပါဝင်တယ်။ သူလုပ်ကိုင်သမျှဟာ အကောင်းစားကြီးမဟုတ်ပေမယ့် အညံ့ဖျင်းစားတော့လည်း မဟုတ်ပါဘူး။ အောင်မြင်မယ်လို့ ယုံကြည်တဲ့စိတ်နဲ့ သူကအောင်မြင်အောင် လုပ်ဆောင်နေတာပဲကိုး။ သာဓကေ ထင်ရှားပြီမဟုတ်လား။

သေသေချာချာသိရပြီ။

ထိပ်တန်းဉာဏ်ရည် အဆင့်မြင့်စရာမလိုပါ။

နောက်ခံအသိုင်းအဝိုင်းရှိတာ မရှိတာလည်း အဓိကမကျပါ။ ဒါဆိုဘာလိုသလဲ။

မိမိကိုယ်တိုင်က ကိုယ်လုပ်ကိုင်နေရတဲ့ အလုပ်၊ တာဝန်၊ ဝတ္တရားကို ငါတကယ်လုပ်နိုင်တယ်ဆိုတာ သေသေချာချာယုံကြည်မှုရှိထားဖို့သာလျှင် အခြေခံအလိုအပ်ဆုံးအရာပဲ။

သံသရာဝဲသြဃကို လွန်မြောက်နိုင်ရန်အတွက် ဘယ်အရာကို အဓိကအားပြုရပါမလဲဆိုတဲ့ အာဠဝက

> **ယုံကြည်မှုဟာ အရေးကြီးလှပါတယ်။ မိမိစွမ်းရည်၊ မိမိအရည်အချင်းကို မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ ယုံကြည်ရမယ်။ ငါ့မှာ ငါကိုယ်တိုင်မသိနိုင်တဲ့ စွမ်းအားစွမ်းရည်တွေ အများကြီးရှိနေတယ်လို့ ယုံကြည်ရမယ်။ တကယ်လည်း အရေးသာရင်ဆိုင်ကြုံလာရင် မထင်မှတ်တဲ့ စွမ်းအားပုန်းတွေဟာ အံ့သြစရာကောင်းအောင် ထွက်ပေါ်လာတဲ့ သဘောရှိတာပဲ**

နတ်ဘီလူးက မေးတဲ့မေးခွန်းကို ဗုဒ္ဓမြတ်စွာဘုရားက "သဒ္ဓါတည်းဟူသော ယုံကြည်မှုကို မြဲမြံစွာဆုပ်ကိုင်လျက် ကောင်းစွာလွန်မြောက်နိုင်တယ်"လို့ တိတိကျကျပြတ်ပြတ်သားသား ဖြေကြားခဲ့တယ်။ မှန်တယ်။ (ဘုရားဟောတာပါဆိုမှ မမှန်ဘဲနေပါ့မလား)

အာဠဝကရဲ့မေးခွန်း(၁၃)ခုစလုံးကို ဘုရားသခင်က ဟုတ်တိုင်းမှန်ရာ ဖြေကြားနိုင်တာကြောင့် အာဠဝကဘီလူးဟာ အံ့သြဝမ်းသာဘုရားရှင်မြတ်ဗုဒ္ဓကို ကြည်ညိုယုံကြည်ကာ လူသားစားခြင်း၊ ရက်စက်ကြမ်းကြုတ်ခက်ထန်ခြင်းတွေ မာန်စွယ်ကျပြီး ဘုရားရဲ့တပည့်ဒကာဖြစ်ခဲ့ရပါတယ်။

**ရဲရဲယုံကြည်ပါ**

ယုံကြည်မှုဟာ အရေးကြီးလှပါတယ်။

မိမိစွမ်းရည်၊ မိမိအရည်အချင်းကို မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ ယုံကြည်ရမယ်။ ငါ့မှာ ငါကိုယ်တိုင်မသိနိုင်တဲ့ စွမ်းအားစွမ်းရည်တွေ အများကြီးရှိနေတယ်လို့ ယုံကြည်ရမယ်။ တကယ်လည်း အရေးသာရင်ဆိုင်ကြုံလာရင် မထင်မှတ်တဲ့ စွမ်းအားပုန်းတွေဟာ အံ့သြစရာကောင်းအောင် ထွက်ပေါ်လာတဲ့ သဘောရှိတာပဲ။

ကိုယ့်စွမ်းရည်ကို ယုံကြည်တဲ့အပြင် ကိုယ့်အလုပ်၊ ကိုယ့်တာဝန်ကိုလည်း မှန်ကန်တယ်။ တရားမျှတတယ်လို့ ယုံကြည်ရမယ်။ ဒီလိုယုံကြည်မှုရှိရအောင် ကိုယ်လုပ်တဲ့လုပ်ငန်းစဉ်ကလည်း မမှားဘူး၊ မတရားမှု၊ မသမာမှုမဟုတ်ဘူးဆိုတာ ခိုင်မာရမယ်လေ။

ငါဟာစွမ်းအားအပြည့်ရှိတယ်။

ငါလုပ်တဲ့အလုပ်ဟာ မှန်ကန်တယ်။

ငါလုပ်တဲ့နည်းလမ်းဟာ တရားမျှတတယ်။

ငါအစွမ်းကုန်အားစိုက်ကြိုးစားမယ်။

ငါဘာပဲဖြစ်ဖြစ် သေသေကျေကျေ၊ နောက်မဆုတ်၊ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့လုပ်မယ်။

ဒီလိုမျိုးယုံကြည်မှုသာ ကိုယ့်မှာရှိပါစေ၊ ဘယ်လိုအခက်အခဲ အတားအဆီးမျိုးကိုမဆို သေချာပေါက်ဖြတ်သန်းလွန်မြောက်ကျော်လွှားသွားမှာပဲ။ ပညာရေး၊ အားကစား၊ အခြား လုပ်ဆောင်စရာအကြီးအသေးဘာပဲဖြစ်ဖြစ်ဒီသဘောပါပဲ။ တဲဆောက်တာဖြစ်ဖြစ်တိုက်ဆောက်တာဖြစ်ဖြစ်အတူတူပဲ။ စာမေးပွဲဖြေတာဖြစ်ဖြစ်၊ ရာထူးတိုးယှဉ်ပြိုင်ဖြေရတာဖြစ်ဖြစ် သဘောသဘာဝက အတူတူပဲ။ ယုံကြည်သူပဲအောင်ပွဲခံတယ်။

**လမ်းဖောက်သူ**

မိမိကိုယ်ကိုယ် ယုံကြည်ရဲရင့်သူက လမ်းသစ်ဖောက်သူဖြစ်ပါတယ်။ လူနည်းစုပဲ။

မိမိကိုယ်ကိုယ်မယုံမရဲဖြစ်နေသူတွေက လမ်းပျောက်နေသူတွေဖြစ်ပါတယ်။ အဲသလိုလူက အများစုပါ။ အများကြီးပဲ။ သူလိုကိုယ်လို သာမန်လူတွေအဆ နှစ်ဆယ်သုံးဆယ်လောက်ရှိမယ်။

လောကမှာလမ်းဖောက်သူနဲ့ လမ်းပျောက်သူ (သို့မဟုတ်) ကိုယ့်ကိုယ်ကိုယ်ယုံကြည်တဲ့လူနဲ့ ကိုယ့်ကိုယ်ကိုယ် မယုံမရဲတွေဝေတွန့်ဆုတ်သူဆိုပြီး နှစ်မျိုးနှစ်စားခွဲခြားတွေ့ရှိနိုင်လိမ့်မယ်။

မိမိက ဘယ်လိုလူစားလဲ။

အယ်လာဝီလာဝီးလ်ကော့ (အင်္ဂလိပ်ကဗျာဆရာမ) ရေးခဲ့တဲ့ Which are You? သင်ဘယ်လိုလူစားလဲ ဆိုတဲ့ကဗျာလေးကို ဖတ်ဖူးပါသလား။ ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လို့ မြန်မာဘာသာသို့ အနီးစပ်ဆုံးဘာသာပြန်ပြီးဖော်ပြပါရစေ-

**"သင်ဘယ်အစားထဲကလဲ "**

ဒီကနေ့ကမ္ဘာပေါ်မှာ လူနှစ်မျိုးနှစ်စားရှိတယ်။
နှစ်မျိုးတည်းရယ်၊
ဒီထက်မပို၊ ကျွန်မဆိုမယ်။
သူယုတ်နဲ့သူတော်ကောင်း မဟုတ်၊
လူ့သရုပ်ကား၊ အများအသိ
အကောင်းမှာအဆိုးတစ်ဝက်
အဆိုးမှာလည်းအကောင်းတစ်ဝက်ရှိ။
သူဌေးနဲ့ဆင်းရဲသားမဟုတ်၊
လူ့ဥစ္စာဓနကိုတွက်ဆရင်
သူ့အသိတရားနဲ့ ကျန်းမာမှုကိုရှေ့တန်းတင်။
နှိမ့်ချသူနဲ့မောက်မာသူမဟုတ်၊
အကြောင်းမူ၊ ဘဝသက်တမ်းက၊ တိုလွန်းလှ၊
ဟိတ်ဟန်ကြီးသူကို၊ လူစာရင်းသွင်းလို့မရ။
ပျော်သူနဲ့ဆွေးသူလည်း မဟုတ်၊
အကြောင်းမူ
တရိပ်ရိပ်ဖြတ်သန်း၊ နှစ်ကာလတွေက၊
လူတိုင်းအတွက်၊ ရယ်စရာ သယ်လာသလို
မျက်ရည်စတွေလည်း ပါသပ။
ဟင့်အင်း၊ ကျွန်မဆိုလိုတဲ့
ကမ္ဘာပေါ်က လူနှစ်မျိုးဆိုတာ၊
မြှင့်တင်သူတွေနဲ့
ရေသာခိုသူတွေပါ။

ဘယ်နေရာသွားသွား၊ လောကလူသားတွေကို ခွဲခြားကြည့်တဲ့အခါ၊ အဲဒီအတန်းအစားနှစ်မျိုးသာ တွေ့ကြရမှာ။သင်ဘယ်အစားထဲကလဲ၊ လမ်းတစ်လျှောက်သူတစ်ပါးကို ကူညီမြှင့်တင်ပြုစုအားပေးသည်လား။ သူတစ်ပါးဆီ ပခုံးပြောင်းကိုယ်ကမှီခိုရပြီး ရောပါရေသာခိုသူလား။

**ကောင်းမှုသာပြုပါ**

လူငယ်တွေဟာ မိမိကိုယ်ကိုယ် ယုံကြည်မှုအပြည့်အဝရှိနေအောင် ဒီလိုမူဝါဒလက်ကိုင်ထားကြရမယ်-

တတ်နိုင်ရင်ကောင်းမှုအားလုံးကိုလုပ်ပေးမယ်။
တတ်နိုင်ရင် လူအားလုံးကိုလုပ်ပေးမယ်။
(သူ့ပါတီငါ့ပါတီမခွဲပါ)
တတ်နိုင်ရင် နည်းလမ်းအားလုံးသုံးပြီးလုပ်မယ်။
တတ်နိုင်ရင် အခါမလပ်အမြဲမပြတ်လုပ်မယ်။

ကြာတော့ကြာပါပြီ၊ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်ကာလဆီက ဖြစ်ပါလိမ့်မယ်။ ဆရာမင်းသိခ်ရေးခဲ့တဲ့ ဝတ္ထုရှည်တစ်ပုဒ်ထဲမှာ လူတွင် စိတ်သုံးမျိုးပါကြတယ်တဲ့။ ဖတ်ခဲ့ရဖူးတယ်-

၁။ တစ်လွှာက နတ်ဒေဝတာစိတ်။
စိတ်ကောင်းစိတ်မြတ်၊
၂။ နောက်တစ်လွှာက လူစိတ်။
စာနာတယ်၊ ကြင်နာတယ်၊ တစ်ခါတစ်ရံ မနာလိုစိတ်၊ ဒေါသစိတ်လည်းဖြစ်တတ်ပါသေးတယ်။
၃။ နောက်တစ်လွှာက ဘီလူးစိတ်တဲ့။
ကြမ်းတမ်းရက်စက်တယ်၊ မတရားဘူး။
မှန်တာမှားတာ၊ မသမာတာဘာမှဂရုမစိုက်ဘူး။

ဘယ်သူမှ အမြဲတမ်းနတ်စိတ်ရှိမနေတတ်ဘူး။ လူစိတ်အများအားဖြင့် ရှိတယ်။ မုဒိမ်းသမား၊ လူသတ်သမားဆိုတာ ဘီလူးစိတ်ဝင်နေစဉ် အခြေအနေမျိုးတွေပဲ။ ဒီတော့ လူတစ်ယောက်ဟာ လူစိတ်နတ်စိတ်ထဲမှာပဲ ရှိနေနိုင်အောင် ကြိုးစားထိန်းကျောင်းနိုင်ရမယ်။

**ကြံ့တိုင်းအောင်မည်**

"အတ္တာသမ္မာပဏိဓိစ မင်္ဂလာ"လို့ခေါ်ရဲ့။ ကောင်းတာတွေကြံစည်။ ကောင်းတာတွေပဲ စဉ်းစားစိတ်ကူး။ ကောင်းမှုတွေပဲ ပြုလုပ်နေတော့ မိမိကိုယ်ကိုယ်ယုံကြည်မှုကလည်း မြင့်မားလာတာပေါ့။ ကြံတိုင်းအောင်ပြီးဆောင်တိုင်းမြောက်တာပေါ့။

လူငယ်ဆိုတာခွန်အားကြီးမားတယ်။ ကာယအားနဲ့ ဉာဏ်စွမ်းအားကို ယုံကြည်ချက်အင်အားနဲ့ ပေါင်းစပ်လိုက်ရင် ဘာမဆိုအောင်မြင်စေနိုင်ပါတယ်။ Over-confidence ဘဝင်မြင့်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတာမျိုးက မကောင်းဘူး။ ယုံကြည်မှုကင်းမဲ့ပြီး မယုံမရဲဖြစ်တာမျိုးကတော့ ပိုဆိုးတယ်။ အောင်မြင်မှုကို တားဆီးပိတ်ပင်လို့။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် စဉ်းစားပါ။ ပျိုးထောင်ပါ။ နေ့စဉ် မိမိကိုယ်ကိုယ်နှိုးဆော်ပါ။ အရာရာအောင်မြင်ပါစေ။

## နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေးအစီအစဉ်အရ ကျောင်းသား ကျောင်းသူလူငယ်များအားကစားကို စိတ်ပါဝင်စားလာစေရန်ရည်ရွယ်၍ နွေရာသီအခြေခံအားကစားသင်တန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်မြို့နယ်များရှိ အခြေခံပညာကျောင်းများတွင် မတ် ၁ ရက်မှစ၍ ၁၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ ဖွင့်လှစ်မည့်အားကစားနည်းများမှာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ဝူရှူး၊ ပြေးခုန်ပစ် စုစုပေါင်းအားကစားနည်း ရှစ်မျိုးဖွင့်လှစ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသော ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများတွင် စုံစမ်း၍ စာရင်းပေးသွင်းပြီး တက်ရောက်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ၂၀၃၀ ခုနှစ်အလွန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ဆီသို့

**ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ဖြစ်သည့် (MDGs) မှာ ၂၀၁၅ ခုနှစ်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကိုချမှတ်ခဲ့ရခြင်း ရည်ရွယ်ချက်များတွင် ကမ္ဘာတစ်ဝန်းမှဆင်းရဲမွဲတေမှုကို အဆုံးသတ်နိုင်ရန်၊ ငတ်မွတ်ခေါင်းပါးမှုလျော့ကျစေရန်၊ ရောဂါဘယများဖြစ်ပွားမှုနှုန်းတားဆီးပေးရန်၊ စာမတတ်မြောက်မှုနှုန်းကျဆင်းစေရန်၊ ပတ်ဝန်းကျင်ဂေဟစနစ်ယိုယွင်းမှုနှုန်းကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေးအတွက် တိုက်ဖျက်သွားရန်တို့ကိုရည်ရွယ်ကာ ချမှတ်ခဲ့ခြင်းဖြစ်သည်။**

ထောင်စုနှစ် ရည်မှန်းချက်အောင်မြင်ရေးအတွက် တစ်ကမ္ဘာလုံးမှလည်း အားတက်သရော ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ်က ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပခဲ့သော (ရီယို+၂၀ထိပ်သီး အစည်းအဝေး)တွင် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးညီလာခံတွင် သဘောတူခဲ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (SDGs) ကို အကောင်အထည်ဖော်လုပ်ဆောင်ရန်အတွက် လုပ်ငန်းအဖွဲ့ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ခန့်အပ်တာဝန်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှစတင်ကာ ကမ္ဘာတစ်ဝန်း အဖွဲ့အစည်းများ၏ စီမံကိန်းများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ ( SDGs ) ကို ထည့်သွင်းလာခဲ့ကြသည်။

အဖွဲ့ဝင် ၁၉၃ နိုင်ငံပါဝင်သော ကုလသမဂ္ဂမှ ၂၀၁၅ ခုနှစ်အလွန် နောင်လာမည့် ၁၅ နှစ်တာ ကာလတာအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် ရည်မှန်းချက်ပန်းတိုင် ၁၇ ချက်ကို ထည့်သွင်းထားသည်။ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ကြရာတွင်လည်း အဖွဲ့အစည်းများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုများကိုလည်း အလေးထားဆောင်ရွက်လာခဲ့ကြသည်။

လက်ရှိကမ္ဘာတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများလာနေခြင်း၊ အစွန်းရောက် ရာသီဥတုဖြစ်စဉ် အပြောင်းအလဲများခြင်း၊ အိုဇုန်းလွှာ ပေါက်ပြဲသောကြောင့် ခရမ်းလွန်ရောင်ခြည် ကျရောက်မှုဒဏ်မြင့်တက်လာခြင်း၊ ကမ္ဘာတစ်ဝန်း စက်မှုနိုင်ငံများမှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်များကြောင့် ဖန်လုံအိမ်အာနိသင် သက်ရောက်မှုမြင့်မားလာနေခြင်း၊ လေထုညစ်ညမ်းမှုကြောင့် ရောဂါဘယများဖြစ်ပွားမှုနှုန်းများလာနေခြင်း၊ ရေထုညစ်ညမ်းမှုများကြောင့် ရေနေသတ္တဝါများ အသက်ဆုံးရှုံးရခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဝင်ရိုးစွန်းရှိ ရေခဲပြင်များ လျင်မြန်စွာ အရည်ပျော်ကျခြင်းများကြောင့် ပင်လယ်သမုဒ္ဒရာရေမျက်နှာပြင် မြင့်တက်လာမှု ဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေကြရသည်။

မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူ သုံးစွဲသောလူသားတို့၏ပယောဂကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းကာ ဂေဟစနစ်များ ဆိတ်သုဉ်းပျောက်ကွယ်စေရန်အထိ ခြိမ်းခြောက်လာနေပြီဖြစ်သည်။ လူသားတို့မှ သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲနေကြသည့်အတွက် ယခုအခါ ကမ္ဘာတစ်ဝန်းတွင် အစွန်းရောက်ရာသီဥတုများ ဖြစ်ပေါ်နေခြင်းနှင့်အတူ အယ်နီညိုရာသီဥတုဖြစ်စဉ် ရိုက်ခတ်မှုများကြောင့် နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်ကျရောက်လာနေသည့် အချက်များမှတစ်ဆင့် လူသားတို့ကို သတိပေးလျက်ရှိသည်။ ထို့ကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသည် လူသားတို့၏အနာဂတ်အတွက် မျှော်လင့်ချက် သော့ချက်တစ်ခုလည်း ဖြစ်လာခဲ့သည်။

၂၀၁၅ ခုနှစ်နောက်ပိုင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး(SDGs)တွင် ကမ္ဘာတစ်ဝန်းမှ သိပ္ပံနှင့်နည်းပညာကွန်ရက်များကို ချိတ်ဆက်သွားမည့် အစီအစဉ်လည်း ပါရှိသည်။ ကွန်ရက်မှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးပါဝင်ဖွဲ့စည်းမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုသည့် အချက်သုံးချက်ကို အဓိကကိုင်တွယ်ဖြေရှင်း




သွားမည်ဖြစ်ကြောင်း သိရသည်။

အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍတွင်ပါဝင်လာမည့် နည်းပညာအသစ်အဆန်းများကို မျက်ခြည်မပြတ် လေ့လာသိရှိနေကြရမည်ဖြစ်သည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်သွားနိုင်ရန်အတွက် ကမ္ဘာတစ်ဝန်းမှ အရပ်ဘက်အဖွဲ့အစည်းများ စုစည်းပါဝင်နိုင်ရေးကို ဆော်ဩစည်းရုံးရန်အတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်တစ်ခုအနေနှင့် ဆောင်ရွက်သွားရန် ကုလသမဂ္ဂမှ အသင့်ရှိနေခဲ့သည်။ အနာဂတ်ကာလအတွက် ကမ္ဘာတစ်ဝန်းသို့ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့်လုပ်ဆောင်သွားရန်ရှိပြီး ဆီးရီးယားပြည်တွင်းစစ်ကဲ့သို့ ကြာမြင့်စွာဖြစ်ပေါ်နေသော နိုင်ငံရေးပဋိပက္ခကိုလည်း အစောနိုင်ဆုံး အချိန်တွင်အဆုံးသတ်နိုင်ဖို့ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရန် အသေးစိတ်အစီအစဉ်ကို ကုလသမဂ္ဂမှချမှတ်ခဲ့ပြီးဖြစ်သည်။

အနာဂတ်ကာလအတွက် ဘက်စုံကဏ္ဍများတွင် ရေရှည်အောင်မြင် နိုင်ရန် တာဝန်ယူမှုအပြည့်အဝရှိသော လုပ်ငန်းများဖြစ်လာကြရန် အလေးထား ဖော်ဆောင်သွားကြရမည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး(SDGs) ရည်မှန်းချက် ( ၁၇ ) ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) နေရာဒေသအသီးသီးတွင် အမျိုးမျိုးသော ဆင်းရဲမွဲတေမှု အဆုံးသတ်စေရေး
(၂) ဆာလောင်မွတ်သိပ်မှု ပပျောက်စေရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး
(၃) ကျန်းမာကြံ့ခိုင်သော လူနေမှုဘဝများ ရရှိစေရေး
(၄) အရည်အချင်းပြည့်မီသော ပညာရေးစနစ် ဖော်ဆောင်ရေးနှင့် စဉ်ဆက်မပြတ် လေ့လာမှုပြုလုပ်ရေး
(၅) အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိစေရေး
(၆) သန့်ရှင်းသောရေရရှိရေးကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရေး
(၇) ခေတ်မီသောစွမ်းအင်များကို သင့်တင့်သော ဈေးနှုန်းဖြင့် ရရှိစေရေး
(၈) စဉ်ဆက်မပြတ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရေး
(၉) တီထွင်ဆန်းသစ်မှုနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုရရှိလာစေရေး
(၁၀) နိုင်ငံများအကြား အမျိုးမျိုးသော မတူညီမှုများကို လျှော့ချစေရေး
(၁၁) လုံခြုံစိတ်ချရသော မြို့ရွာများတိုးတက်ပေါ်ပေါက်လာစေရေး
(၁၂) လိုက်ဖက်မှုရှိသည့် ဖွံ့ဖြိုးတိုးတက်သော ထုတ်လုပ်မှုနှင့် စားသုံးမှုပုံစံများ ပေါ်ပေါက်လာစေရေး
(၁၃) ရာသီဥတုပြောင်းလဲလာမှုနှင့် သက်ရောက်မှုများကို အထူးအလေးထား ဖြေရှင်းဆောင်ရွက်ရေး
(၁၄) မြစ်၊ချောင်း၊ ပင်လယ်သမုဒ္ဒရာများနှင့် ရေအရင်းအမြစ်များကို စနစ်တကျသုံးစွဲကြရန်နှင့် ထိန်းသိမ်းထားနိုင်စေရေး
(၁၅) လူမှုပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်တိုင်းအတွက် တရားမျှတမှုရှိစေရေး
(၁၆) စီးပွားရေးလုပ်ငန်းများ လည်ပတ်မှုတွင် အရင်းအမြစ်များကို စနစ်တကျသုံးစွဲတတ်စေရေး
(၁၇) ကမ္ဘာတစ်ဝန်းလုံး အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး စသည်တို့ဖြစ်သည်။

နောင်လာမည့် ၁၅ နှစ်အတွင်း ကမ္ဘာပေါ်ရှိ သန်းနှင့်ချီသော လူသားတို့ကို အသင့်အနေအထားနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးခြင်းတို့ကို တိုးတက်လာစေရန်အတွက် သန့်စင်မှုနှင့်အတူ လျှပ်စစ်စွမ်းအင်များကို သယ်ဆောင်ပေးနိုင်ရန်အတွက် ရည်မှန်းထားပေသည်။ ပထမဆုံးလုပ်ငန်းစဉ် တွင် သန့်စင်သောနည်းပညာများဖြင့် စွမ်းအင်ဖြန့်ဝေသွားနိုင်ရန်နှင့် ဆင်းရဲသောနိုင်ငံများတွင်ဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် တုံ့ပြန်မှုလုပ်ဆောင်ပေးမည့် အစီအစဉ်တို့လည်းရှိသည်။

ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်နှင့်အမျှဖြစ်ပေါ်လျက်ရှိနေသည့် စစ်ဘေးဒဏ်သင့်ဒေသများတွင် ငြိမ်းချမ်းရေးကိုထိန်းသိမ်းပေးနိုင်ရန်၊ ဆာလောင်မွတ်သိပ်မှုခံစားနေရသူများကို အစားအစာကျွေးမွေးပေးကမ်းနိုင်ရန်၊ ဒုက္ခသည်များအတွက် အမိုးအကာဆောက်လုပ်ပေးရန်၊ ပိုလီယိုနှင့်အခြားသေစေနိုင်သော ရောဂါများကို ကာကွယ်တားဆီးပေးနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းကာ မြှင့်တင်ဆောင်ရွက်ရေးတို့အတွက် ကုလလက်အောက်ခံ အေဂျင်စီများက လုပ်ဆောင်ပေးလျက်ရှိသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းကအလွန်အမင်းဆင်းရဲမှုကို တိုက်ဖျက်ဖယ်ရှားပစ်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြဖို့လိုအပ်ကြောင်းနှင့် ပိုမိုလုံခြုံစိတ်ချရသော ကမ္ဘာကြီးတည်ဆောက်ရေး၊ အသွင်ကူးပြောင်းရန် ကြိုးပမ်းနေသော နိုင်ငံများ အား ဖေးမကူညီပေးရေး၊ အမျိုးသမီးနှင့် လူငယ်များကို လုပ်ပိုင်ခွင့် အာဏာပေးရေးတို့ကို ဆောင်ရွက်ကြဖို့ရန်လည်း တိုက်တွန်းခဲ့သည်။

**ကေသွယ်**

## အိပ်ရေးမဝခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို သုတေသနပြုထား

အမေရိကန်လူမျိုး သုံးဦးတွင် တစ်ဦးမှာ အိပ်ရေးဝလေ့မရှိကြောင်း တွေ့ရှိရသည်ဟု အမေရိကန်ဆိုင်ရာ ရောဂါရှာဖွေရေးနှင့်တားဆီးကာကွယ်ရေး (CDC)သုတေသနပြုချက်မှ သတင်းထုတ်ပြန်ခဲ့သည်။ "ယနေ့ခေတ်လူများတွင် ဒါဟာကြီးမားသည့်ပြဿနာတစ်ရပ်ဖြစ်လာနေကြောင်း" ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါက်တာနယ်လ်ဆီကော်လုဒ်က ပြောကြားခဲ့သည်။ နှစ်ခြိုက်စွာအိပ်မပျော်ခြင်းဖြစ်ရပ်များကြောင့် အလုပ်တွင်အာရုံစူးစိုက်မှုများ လျော့ကျလာကာ ပုံမှန်အလုပ်ကောင်းကောင်းမလုပ်နိုင်တော့ဘဲ နောက်ဆက်တွဲအနေဖြင့် ဆိုးကျိုးများဖြစ်ပေါ်လာကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုထားသည်။

လူသားတစ်ဦးတွင်အိပ်ရေးမဝသည့် ကိစ္စရပ်မျိုးကို ရေရှည်ဖြစ်ပေါ်နေလျှင် ခန္ဓာကိုယ်တွင်းက ဇီဝဖြစ်ပျက်မှုများ ပြောင်းလဲလာကာကျန်းမာရေးထိခိုက်လာစေကြောင်းကို သုတေသနမှတွေ့ရှိသည်ဟု ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအိပ်စက်မှုဆိုင်ရာ ဆေးဝါးနှင့်အိပ်စက်ခြင်းဆိုင်ရာ သုတေသနအဖွဲ့အစည်း၏ လေ့လာတွေ့ရှိချက်အရ အရွယ်ရောက်သူ အသက် ၁၈ နှစ်မှ အသက် ၆၀ အကြားရှိ လူသားတို့ ကျန်းမာစေရန်အတွက် နေ့စဉ်အိပ်စက်ချိန် ခုနစ်နာရီလိုအပ်ကြောင်း ဖော်ပြထားသည်။ ၂၀၁၄ ခုနှစ် က အရွယ်ရောက်ပြီးသူဦးရေ ၄၄၄၃၀၆ ဦးကို ဆန်းစစ်ချက်ပြုလုပ်ခဲ့သော စစ်တမ်းတွင် ၆၅ ဒသမ ၂ ရာခိုင်နှုန်းမျှသာ အိပ်ရေးဝသည်ဟူသော တုံ့ပြန်မှုကို ရရှိခဲ့သည်ဟု ဖော်ပြထားသည်။ လူတစ်ယောက်တွင် ညပုံမှန်အိပ်ရာဝင်သည့် အချိန်နှုန်းတူညီမှုရှိလာပြီဆိုလျှင် နံနက်အိပ်ရာထချိန်မှန်မှုမှာလည်း မြင့်တက်လာခြင်းကိုတွေ့ရမည်ဟုဆိုကာ အိပ်ခန်းထဲတွင် ထားနေကျဖြစ်သည့် တီဗွီ၊ ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများကိုပိတ်ထားခြင်း (သို့မဟုတ်) တခြားသို့ရွှေ့ပြောင်းထားခြင်းဖြင့် နှစ်ခြိုက်စွာအိပ်ပျော်ခြင်းကဲ့သို့ လက်ငင်းအကျိုးကိုခံစားနိုင်ကြပြီး ကျန်းမာရေးလည်းပိုမိုကောင်းမွန်စေနိုင်လိမ့်မည် ဟု အကြံပြုထားသည်။

ညပုံမှန်အိပ်ချိန်ခုနစ်နာရီအောက် လျော့နည်းနေသူများအတွက် ဆီးချိုရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာစေနိုင်ခြင်း၊ အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေသင်တုန်းဖြတ်ခြင်းနှင့်အတူ မှတ်ဉာဏ်အားကျဆင်းလာစေခြင်းစသည့် နောက်ဆက်တွဲအကျိုးဆက်များကိုလည်း ခံစားရမည်ဖြစ်ကြောင်း သုတေသနပြုချက်များမှဆိုထားသည်။ ယင်းအချက်အလက်များသည် အမေရိကန်ပြည်ထောင်စုတွင်းရှိ ပြည်နယ် ၅၀ နှင့် ကိုလံဘီယာဒေသတစ်ခုလုံးတွင် အပတ်စဉ်ပြုလုပ်ထားသော လေ့လာစူးစမ်းချက်များမှ တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

ညစဉ် လုံလောက်သောအိပ်စက်ချိန်ရရှိသူများကို စာရင်းပြုစုကာလေ့လာဆန်းစစ်ချက်များအရ နှစ်ခြိုက်စွာအိပ်ပျော်လေ့ ရှိသူများမှာ ၆၇ ရာခိုင်နှုန်းနှင့် ၆၅ ရာခိုင်နှုန်းအသီးသီးရှိကြပြီး ယင်းတို့တွင်လက်ထပ်ပြီးသူများ (သို့မဟုတ်) အလုပ်ရှိသူများပါဝင်ကြောင်းတွေ့ရသည်ဟု သတင်းထုတ်ပြန်ထားသည်။

အိမ်ထောင်ကွဲသူများတွင် ၅၆ ရာခိုင်နှုန်းလောက်သာ လုံလောက်သောအိပ်ချိန်ကိုရရှိလေ့ရှိကြသည်ဟု ဆိုထားပြီး အရွယ်ရောက်ပြီးသူ အလုပ်လက်မဲ့များအနေဖြင့် ညစဉ် ၎င်းတို့၏အိပ်ချိန်မှာ ၇ နာရီပုံမှန်ရှိနေသည်ကို တွေ့ရှိရသည်ဟု ဖော်ပြပါရှိသည်။ လိုအပ်ချက်ထက်ပိုကာ အိပ်ရေးဝသူများထဲတွင် ကောလိပ်ကျောင်းတက်ဆဲအရွယ်များဖြစ်နေကြပြီး ပျမ်းမျှတွက်ချက်မှုတွင် ၇၀ ရာခိုင်နှုန်းရှိကြလျက် ညစဉ်၎င်းတို့၏ အိပ်စက်ချိန်မှာ ၇ နာရီနှင့် ၇ နာရီအထက်တွင်ရှိကြကြောင်း လေ့လာတွေ့ရှိချက်၌ ဖော်ပြထားသည်။

**စံထိုက်သူ**

# မဟာစေတီ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာ့သမိုင်းတွင် ဟံသာဝတီ မင်းနေပြည်အဖြစ် ထင်ရှားခဲ့သည့် ပဲခူးမြို့၌ ဘုရားစေတီများ များစွာ ရှိကြသည့်အနက် ရွှေမော်ဓောနှင့် မဟာစေတီတို့သည် အထူးထင်ရှားသော စေတီတော်နှစ်ဆူဖြစ်သည်။ မြန်မာနှင့် မွန်ဘုရင်များ ပဲခူး၌တည်ထားခဲ့သည့် စေတီများအနက် မဟာစေတီသည် ရွှေမော်ဓောစေတီပြီးလျှင် ဉာဏ်တော်အမြင့်ဆုံးနှင့် ထုထည်အကြီးဆုံးစေတီတော်ဖြစ်ကာ မဟာစေတီကို တည်ထားခဲ့သည့် အလျှုရှင်သည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော ဘုရင့်နောင်မင်းတရား (အေဒီ ၁၅၅၁- ၁၅၈၁) ဖြစ်သည်။

ရန်ကုန်မြို့မှလာလျှင် ပဲခူးမီးရထားခုံးတံတားသို့ မရောက်မီ လက်ဝဲဘက်သို့ ချိုးဝင်လာပါက ရွှေသာလျောင်းရုပ်ပွားတော်ကို ဦးစွာ ဖူးမြင်ကြရမည်ဖြစ်ပြီး လမ်းအတိုင်းဆက်လက်သွားရောက်လျှင် လမ်းအဆုံး၌ မဟာစေတီကို ဖူးမြင်ကြရသည်။ စေတီတော်ပရိဝုဏ်သည် ဧက ၆၀ ကျယ်ဝန်းလျက် မြေပြင်သည် စည်မျက်နှာပြင်ကဲ့သို့ ညီညာချောမွေ့နေသည်။ ဉာဏ်တော် ၃၃၃ ပေ မြင့်၍ အဝန်း ပေ ၁၅၀၀ ခန့်ရှိသည့် မဟာစေတီကို စတုရန်းပုံ တံတိုင်းဖြင့် ဝန်းရံထားသည်။ မဟာစေတီ၊ ရွှေမော်ဓောနှင့် ဟသ်ာကုန်းဘုရားတို့သည် မျဉ်းဖြောင့်တစ်တန်းတည်းရှိနေကြကာ မဟာစေတီရှိရာ နေရာကို ယခုအခါတွင် ပဲခူးမြို့အနောက်ဘက် မဇင်း(က)ရပ်ကွက်ဟု ခေါ်တွင်သည်။

ဆင်ဖြူရှင်မင်းတရား ဘုရင့်နောင်သည် မဟာစေတီကို မြန်မာသက္ကရာဇ် ၉၂၀ ခုနှစ် (ခရစ်နှစ် ၁၅၅၉ ခုနှစ်) တွင် တည်ထားခဲ့ပုံကို မှန်နန်းရာဇဝင်တွင် အသေးစိတ်မှတ်တမ်းပြုထားခဲ့သည်။ ဘုရင့်နောင်မင်းတရားသည် မဟာစေတီတည်ထားနိုင်ရန် ဗညားလော၊ ဗညားဒလ၊ ဗညားပရံ ၊ ဗညားကျန်းထောဟူသည့် မွန်အမတ်ကြီးလေးဦး၊ သိရိဇေယျနော်ရထာ၊ သိရိဇေယျကျော်ထင်၊ နေမျိုးကျော်ထင်၊ နန္ဒကျော်ထင်ဟူသည့် မြန်မာအမတ်ကြီးလေးဦးတို့ကို စရိတ်ငွေ ၄၀၀ ပေးကာ စေတီတော်ကြီးတည်မည့်နေရာတွင် မြေရှင်း၊ မြေညှိလုပ်ငန်းများ ပြုလုပ်စေခဲ့သည်။ စေတီတော်တည်ရာတွင် အသုံးပြုမည့် အုတ်များကို ဘုရင့်နောင်မင်းကြီး အင်းဝတွင် ရှိနေစဉ်ကပင် ဖုတ်ထားနှင့်စေခဲ့သည်။

စေတီတော်တည်ရန် လုပ်ငန်းများစီမံဆောင်ရွက်နေသည့်ကာလများတွင် ဘုရင့်နောင်မင်းတရားသည် စေတီတော်တည်မည့်နေရာ၏ အနောက်ဘက်တွင် နန်းပြာသာဒ်ဆောက်ကာ စေတီတော်ပြီးစီးချိန်အထိ ကိုယ်တိုင်စီမံကွပ်ကဲခဲ့သည်။ သက္ကရာဇ် ၉၂၀ ခုနှစ် ဝါဆိုလဆန်း ၅ ရက် (ခရစ်နှစ် ၁၅၅၉ ခုနှစ် ဇွန်လ




၈ ရက်) ကြာသပတေးနေ့တွင် စေတီတော်ဖိနပ်ရာ စတင်တွင်းတူးပြီး ထိုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက် (ဇွန်လ ၂၀ ရက်နေ့) တွင် ရွှေ၊ ငွေ အုတ်များစီကာ စေတီတော်ကို စတင်တည်ထားခဲ့သည်။ စေတီတော်ဝန်းကျင်တွင် ဇေတဝနာရုံကျောင်းနှင့် အရံကျောင်း ၄၀ ကို ဆောက်လုပ်ခဲ့သည်။ (သက္ကရာဇ် ၉၂၆ ခုနှစ် နတ်တော်လတွင် အရပ်ရပ်မှ ပဲခူးသို့ခေါ်ဆောင်ထားခဲ့သော သုံ့ပန်းများက ပုန်ကန်ထကြွခဲ့ရာ မဟာစေတီအတွင်းရှိ ကျောင်းများနှင့် အရံကျောင်းများသည် မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။)

ထိုနှစ် နတ်တော်လဆန်း ၁၄ ရက် တနင်္ဂနွေနေ့တွင် စေတီတော်ဌာပနာရန် ဓာတ်တော်၊ မွေတော်များကို မင်းမျိုးများ၊ မင်းညီမင်းသားများက ပွဲသဘင်ကျင်းပလျက် ရွှေနန်းတော်မှ မဟာစေတီတော်သို့ ပို့ဆောင်ခဲ့သည်။ ထိုနေ့တွင်ပင် ရာဇဒေဝီမိဖုရားက သမီးတော်တစ်ပါး ဖွားမြင်ခဲ့ရာ သမီးတော်ကို ရာဇဓာတုကလျာဟု အမည်ပေးခဲ့သည်။ နောက်နှစ်ရက်အကြာတွင် ပထမဌာပနာပွဲ ကျင်းပခဲ့သည်။

မဟာစေတီတော်တွင် ဌာပနာတော်မူသော ဓာတ်တော်၊ မွေတော်များကို မှန်နန်းရာဇဝင်တော်ကြီးတွင် အကျယ်တဝင့် ရေးသားဖော်ပြထားသည်။ သရီရဓာတ်တော်ပေါင်း ၂၁၁၉၄ ဆူကို ပတ္တမြားစေတီတွင် ဦးစွာထည့်ပြီး ရွှေစေတီ၊ မိုးကြိုးစေတီ၊ ငွေစေတီ၊ ကြေးစေတီတို့ကို အထပ်ထပ်ငုံ၍ ဌာပနာခဲ့သည်။ မဟာစေတီဌာပနာရာတွင် စွယ်တော်ပွားတစ်ဆူကိုလည်း ထည့်သွင်းခဲ့ကာ အခြားဓာတ်တော်ပေါင်း အဆူ ၆၃၃၈၀ ကို ရွှေကြုတ်၊ ငွေကြုတ်၊ မိုးကြိုးကြုတ်တို့တွင်ထည့်သွင်းပြီး ဌာပနာပူဇော်ခဲ့သည်။ ထို့အပြင် အဘိဓမ္မာကျမ်းဦး၊ သုတ်ကျမ်းဦး၊ ဝိနည်းကျမ်းဦးတို့ကိုလည်း ရွှေပေငွေပေတွင်ရေး၍ ရွှေစာတောက်၊ ငွေစာတောက်များတွင် ထည့်သွင်းခဲ့သည်။ မင်းတရားကြီး၏ရုပ်တုကို ရွှေဖြင့်သွန်းလုပ်ပြီး ခမည်းတော်၊ မယ်တော်၊ မိဖုရား၊ သမီးတော်၊ သားတော်၊ မြေးတော်တို့၏ အရုပ်များကို ရွှေ၊ ငွေသွန်းလျက် ဌာပနာအတွင်းထည့်သွင်းခဲ့သည်။ မဟာစေတီတော်၏ ဌာပနာသွင်းပွဲကို မြန်မာသက္ကရာဇ် ၉၂၁ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက်( ခရစ်နှစ် ၁၅၅၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့) တွင် ကြီးမားသော ပွဲသဘင်ခံယူကာ ကျင်းပခဲ့သည်။ ထိုမှစ၍ ငါးလအတွင်း ငါးကြိမ် စုစုပေါင်း ဌာပနာခြောက်ကြိမ် ထည့်သွင်းပူဇော်ခဲ့ကာ သံတောင် ၁၀၀၊ အရပ်တော် ၁၅၀ ရှိသည့် မဟာစေတီကြီး တည်ထားကိုးကွယ်ခြင်းသည် ပြီးမြောက်အောင်မြင်ခဲ့သည်။

သက္ကရာဇ် ၉၂၂ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်နေ့တွင် မဟာစေတီ ထီးတော်တင်ပွဲကျင်းပပြီးနောက် ဘုရင့်နောင်မင်းတရားသည် မိမိဆောင်းသည့် မကိုဋ်မှတော်ကို စေတီတော်သို့လှူဒါန်းခဲ့သည်။ စေတီတော်ကြီးအရှေ့တွင် ဥယျာဉ်တော်ကြီးတစ်ခု တည်ဆောက်၍ တာဝတိံသာဟု အမည်ပေးခဲ့သည်။ ရွှေနန်းတော်ကို ဖျက်၍ မဟာစေတီတွင် ဇေတဝန်ကျောင်းကြီးလေးကျောင်းနှင့် အရံကျောင်း ၁၀၀ ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပြန်သည်။ ရွှေကျောင်းကြီး လေးကျောင်းတွင် ၅၅၀ ဇာတ်နိပါတ်များကို ရေးဆွဲပူဇော်စေသည်။ မဟာစေတီတံတိုင်းအတွင်း သုဓမ္မာဇရပ်များဆောက်ကာ ရွှေချရန် ရွှေချိန် ၅၃ ပိဿာ၊ ငါးကျပ် တစ်မတ်သားလှူဒါန်းခဲ့သည်။ စေတီတော်တည်ဆောက်စဉ်က စံမြန်းခဲ့သည့် ပြာသာဒ်သုံးဆောင်ကိုဖျက်ကာ ကျောင်းဆောက်လှူဒါန်းခဲ့သည်။

"ပဲခူးမြို့ မဟာစေတီတော်မြတ်ကြီး သမိုင်းကျဉ်းကျောက်စာ" ကို စေတီတော်ပရိဝုဏ်အတွင်း စိုက်ထူထားသည်။ ကျောက်စာလေးမျက်နှာတွင် နောက်ဆုံး ထီးတင်ချိန်အထိ စေတီတော်သမိုင်းအကျဉ်းကို ရေးထိုးမှတ်တမ်းပြုထားသည်ကို ဖတ်ရှုနိုင်ကြသည်။

သက္ကရာဇ် ၉၂၅ ခုနှစ်တွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် မဟာစေတီတော်မြတ်၏ ထီးတော်ပြိုကျပျက်စီးခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီးသည် ပြိုကျသွားသည့် စေတီတော်ထီးတော်ကို ပြန်လည်တင်လှူနိုင်ရန် အမတ်ကြီးလေးဦးအား တာဝန်ပေးခဲ့သည်။ ထိုအမတ်ကြီးများသည် ဘုရင့်နောင်မင်းတရား ဇင်းမယ်သို့ချီစဉ် မြို့စောင့်အဖြစ် ပဲခူးတွင်ကျန်နေရစ်ခဲ့ကာ မဟာ စေတီတော်ကြီးကို ပြန်လည်ပြင်ဆင်ခဲ့ကြပြီး သုံးနှစ်အကြာ သက္ကရာဇ် ၉၂၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက် (ခရစ်နှစ် ၁၅၆၇ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့) တွင် မင်္ဂလာထီးတော်အသစ်ကို တင်လှူခဲ့သည်။

သက္ကရာဇ် ၉၃၂ ခုနှစ်တွင် ဘုရင့်နောင်မင်းတရားသည် မိမိ၏ ကိုယ်အလေးချိန် ၃၅ ပိဿာ ၃၀ ကျပ်သားနှင့် ညီမျှသောငွေကို မဟာစေတီသို့ ရွှေဖိုးအဖြစ် လှူခဲ့သည်။ သက္ကရာဇ် ၉၄၀ ပြည့်နှစ်တွင် လှုပ်ခတ်သောငလျင်ကြောင့် ထီးတော်ထပ်မံပြိုကျခဲ့ပြီး သုံးနှစ်အကြာတွင် ဘုရင့်နောင်မင်းကြီး နတ်ရွာစံခဲ့သည်။

ဘုရင့်နောင်မင်းကြီးမရှိတော့သည့် နောက်ပိုင်းတွင် မင်းကြီး၏ အလှူတော် မဟာစေတီတော်မြတ်သည် လေးကြိမ်တိုင် ငလျင်ဒဏ်ခံခဲ့ရသဖြင့် သက္ကရာဇ် ၉၅၀ ပြည့်နှစ်တွင် ငါးဆူဒါယကာ နန္ဒမင်းကလည်းကောင်း၊ သက္ကရာဇ် ၉၇၇ ခုနှစ်တွင် အနောက်ဘက်လွန်မင်းကလည်းကောင်း၊ သက္ကရာဇ် ၉၉၅ ခုနှစ်တွင် သာလွန်မင်းကလည်းကောင်း၊ သက္ကရာဇ် ၁၀၅၉ ခုနှစ်တွင် နတ်ရှင်နောင်၏ဖခင် မင်းရဲကျော်ထင်ကလည်းကောင်း တာဝန်ယူပြုပြင်မွမ်းမံကာ ထီးတော်အသစ်များ တင်လှူပေးခဲ့ကြောင်း မှတ်တမ်းကမ္ပည်းရေးသားထားသည်။

သက္ကရာဇ် ၁၁၉၂ ခုနှစ် ကဆုန်လဆန်း ၅ ရက်တွင် လှုပ်ခတ်ခဲ့သော ပဲခူးငလျင်ဒဏ်ကြောင့် မဟာစေတီတော်သည် ခေါင်းလောင်းပုံအခြေမှစ၍ ပြိုလဲပျက်စီးခဲ့ရာ ပြင်ဆင်မည့်အလှူရှင်မရှိဘဲ နှစ် ၁၅၀ ကြာမြင့်ခဲ့ပြီး စေတီတော်ကြီးကို ချုံနွယ်များ ဖုံးအုပ်နေခဲ့သည်။ ၁၂၅၀ ပြည့်နှစ် ငလျင်တွင် မဟာစေတီ၏ ထူပစေတီလုံးကြီးပါ ထပ်မံပျက်စီးခဲ့ရပြီးသည့်နောက် မဟာစေတီတော်မြတ်ကြီးသည် လူသူအရောက်အပေါက်နည်းကာ တိမ်မြုပ်သွားခဲ့တော့သည်။

သို့သော်လည်း သမိုင်းဝင် မဟာစေတီတော်ကြီးသည် ၁၂၆၈ ခုနှစ်မှစတင်၍ ရန်ကုန်မြို့မှ ပွဲစားကြီး ဦးကုလား၊ ပဲခူးမြို့မှ ဦးလူဟောင်း၊ ဦးလူကြီး၊ ဦးဘိုးသက်၊ ဦးငယ်၊ ဦးထွန်းဝင်း စသောပုဂ္ဂိုလ်များ၏ ကြိုးပမ်းမှုနှင့် ပဲခူးမြို့သူမြို့သားများ၏ သဒ္ဓါတရားနှင့် လုပ်အားများကြောင့် ပြန်လည်ပွင့်လင်းစည်ပင်လာခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ်(ခရစ်နှစ် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့) ပြည်ထောင်စုနေ့တွင် ထီးတော်အသစ်ကို တင်လှူပူဇော်နိုင်ခဲ့ကြသည်။

ယခုအခါတွင် သမိုင်းဝင်မဟာစေတီသည် ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လည်ပတ်ကြည့်ရှုလေ့ရှိသည့် ဟံသာဝတီပဲခူးမြို့၏ ခရီးသွားနေရာတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။ ဗုဒ္ဓဘာသာဝင် ဘုရားဖူးပြည်သူများသည် မဟာစေတီသို့ နေ့စဉ်လာရောက်ဖူးမြော်လေ့ရှိသကဲ့သို့ ထိုင်းနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များလည်း မကြာခဏ လာရောက်လေ့ရှိကြသည်။

မဟာစေတီတော်အဝင် ညာဘက်ခြမ်းတွင် ဘုရင့်နောင်မင်းတရားကြီး၏ အောင်မြေကို တွေ့ရှိရသည်။ ရန်သူအရပ်ရပ်ကို အောင်နိုင်ခဲ့သည့်မြေအဖြစ် နှောင်းလူတို့က ထိန်းသိမ်းခဲ့ကြကာ "ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးအောင်မြေ" ဟူသည့် စာတန်းကို မြန်မာ၊ အင်္ဂလိပ်၊ ထိုင်းဘာသာများဖြင့် ရေးသားချိတ်ဆွဲထားသည်။ စေတီတော်ပရိဝုဏ်၏ အနောက်မြောက်ဘက်တွင် ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော်ဖြစ်သော ပုဂံရှိ အာနန္ဒာစေတီပုံစံ မဟာအာနန္ဒာဂဝံစေတီကို ဖူးမြင်နိုင်ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၅၀ ကျော်က တည်ထားခဲ့သည့် သမိုင်းဝင် မဟာစေတီတော်ကြီးသည် သဘာဝဘေးဒဏ်များကိုသာမက တိုင်းတစ်ပါးသားရန်သူများ၏ နှိပ်စက်ဖျက်ဆီးမှုများကိုလည်း ခံခဲ့ရသည်။ သက္ကရာဇ် ၉၆၂ ခုနှစ်တွင် ပေါ်တူဂီလူမျိုး ငဇင်ကာသည် မဟာစေတီတော်တွင် ငါးဆူဒါယကာ နန္ဒမင်းတင်လှူထားသည့် ထီးတော်ကိုဖြုတ်ကာ သန်လျင်သို့ ယူဆောင်သွားခဲ့သည်။

သက္ကရာဇ် ၁၁၈၈ ခုနှစ်တွင် မဟာစေတီသို့ အနောက်ဘက်လွန်မင်းလှူဒါန်းခဲ့သည့် အလုပ်အကျွေးများမှ ဆင်းသက်လာသည့် မွန်၊ ရှမ်းနှင့် ယွန်းလူမျိုး ၃၀၀ ကျော်ကို သူပုန်ဗိုလ် ငစပ်ငယ်က သန်လျင်သို့ ဖြားယောင်းခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် မဟာစေတီမှ အလုပ်အကျွေးဟောင်းများအပါအဝင် လူ ၆၀၀ ကျော်သည် သန်လျင်မှ ပဲခူးသို့လိုက်လာကြကာ မဟာစေတီထီးတော်မှ ရွှေငွေကျောက်မျက်ရတနာများကို ယူဆောင်သွားခဲ့ကြပြန်သည်။

မည်သို့ပင်ဖြစ်ခဲ့စေကာမူ သဒ္ဓါတရားထက်သန်သော မြန်မာပြည်သူများ၏ ထိန်းသိမ်းစောင့်ရှောက် ကြိုးပမ်းအားထုတ်မှုများကြောင့် သမိုင်းဝင်စေတီပုထိုးများကို မြန်မာနိုင်ငံ နေရာဒေသအသီးသီးတွင် ဖူးမြော်နိုင်ကြပေရာ ပဲခူးမြို့ရှိ မဟာစေတီတော်မြတ်သည်လည်း တစ်ဆူအပါအဝင်ဖြစ်ကာ သမိုင်းဝင် ရှေးဟောင်းစေတီတော်တစ်ဆူအဖြစ် အပူဇော်ခံလျက်ရှိနေပေသည်။



ဘုရင့်နောင်မင်းတရားကြီး တည်ထားခဲ့သည့် မဟာစေတီတော်။




**ကိုးကား – မှန်နန်းမဟာရာဇဝင်တော်ကြီး သုံးတွဲပေါင်း ဟံသာဝတီ(ပဲခူး) တစ်ခွင်မှ လေ့လာစရာများ၊ မောင်ယဉ်လှိုင်(ပျဉ်းမမြိုင်)**

SAMSUNG

# 2016 MARCH SAMSUNG DAY

## Samsung Smart Phones နှင့် Tablets

တွေဝယ်ယူပြီး GIORDANO ကူပွန်လက်ဆောင်တွေ ရယူကြရအောင်....

မတ်လ ၁ ရက် မှ ၃ ရက် အထိ

- ကျပ် ၅ သိန်းနှင့် အထက် ဝယ်ယူသူတိုင်း ကျပ် ၅ သောင်းတန် ကူပွန်
- ကျပ် ၂ သိန်း မှ ၅ သိန်း အထိ ဝယ်ယူသူတိုင်း ကျပ် ၃ သောင်းတန် ကူပွန်
- ကျပ် ၂ သိန်းအောက် ဝယ်ယူသူတိုင်း ကျပ် ၂ သောင်းတန် ကူပွန်





Coupon နှင့်အတူ Samsung Towel (၁) ထည်ရယူပါ

GIORDANO Couponနှင့် နှစ်သက်ရာ ဖက်ရှင်နှင့် အသုံးအဆောင်များဝယ်ယူနိုင်မည်။



လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။

ပရိုမိုးရှင်းအစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar နှင့် Giordano တို့မှ သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်သည်။

samsungmobilemyanmar samsungmyanmar samsungmyanmar

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် Samsung promoter ရှိသော အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 8AM to 6PM

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံမီးသွေးများလွှတ်လပ်စွာဝယ်ယူနိုင်ကြောင်းကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှထုတ်လုပ်သော ရေနံမီးသွေးများကို မက်ထရစ်တန်တစ်တန်လျှင် ၂၅၀၀၀၀ိ/- (ကျပ်နှစ်သိန်းငါးသောင်းတိတိ)နှုန်းဖြင့် ၁-၃-၂၀၁၆ ရက်မှစ၍ ရေနံမီးသွေးအသုံးပြုသောလုပ်ငန်းများသို့ လွှတ်လပ်စွာဖြန့်ဖြူးရောင်းချပေးမည်ဖြစ်၍ စက်ရုံသို့ တိုက်ရိုက်ဆက်သွယ်ငွေပေးသွင်းဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
၂။ အသေးစိတ်အချက်အလက်များကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၄၁၁၀၉၃၊ ၀၉-၉၇၇၂၅၉၁၀၈ တို့သို့ နေ့စဉ်ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)ဝင်းအတွင်းရှိ GSM တာဝါတိုင်နေရာ ရွှေ့ပြောင်းမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ကြေညာအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၃၃၆၀၆၀၇၇သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)**

## မြန်မာ့သစ်လုပ်ငန်း
## ဝန်ထမ်းနေအိမ်ဟောင်းများ လေလံတင်ရောင်းချရန်
## ကြော်ငြာခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ အမှတ် (၅၂)သစ်စက်သို့ ပူးပေါင်းထားသော အမှတ်(၂၁) သစ်စက် (ကျွဲရှင်း)မှ ဝန်ထမ်းနေအိမ်ဟောင်းများအား ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်နေရာ** - လက်ထောက်အထွေထွေမန်နေဂျာ (ရောင်း/စက်မှုး)ရုံး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနား
(ခ) **လေလံတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၈-၃-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ
(ဂ) **လေလံပုံစံရောင်းချမည့်ရက်** - ၂၆-၂-၂၀၁၆ ရက်မှ ၁၇-၃-၂၀၁၆ရက် ညနေ၁၆း၃၀ နာရီထိ

လျှောက်လွှာနှင့်လေလံစည်းကမ်းချက်များကို ၁၇-၃-၂၀၁၆ ရက်နောက်ဆုံးထား၍ လက်ထောက်အထွေထွေမန်နေဂျာ (ရောင်း/စက်မှုး)ရုံးတွင် ဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**လက်ထောက်အထွေထွေမန်နေဂျာ (ရောင်း/စက်မှုး) ရုံး**
**ဖုန်း-၀၆၇-၂၂၀၄၀၊ ၀၆၇-၂၂၂၅၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## တိုင်းရင်းဆေးတက္ကသိုလ်
## မန္တလေး
## ဒသမအကြိမ်ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့၏ ဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(က) **အစမ်းလေ့ကျင့်ခြင်း** - ၁၉-၃-၂၀၁၆ ရက် (စနေနေ့) နံနက် ၉း၀၀နာရီ ဘွဲ့ယူကြသူများအားလုံး
- မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့
- မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့
- မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး)

(ခ) **ဘွဲ့နှင်းသဘင်** - ၂၀-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ ဘွဲ့ယူကြသူများအားလုံး
- မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့
- မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့
- မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး)

၂။ ဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမှ ကျင်းပစစ်ဆေးသည့် အောက်ပါစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။
(က) ၂၀၁၅ ခုနှစ် မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ ဒုတိယနှစ် စာမေးပွဲအောင်မြင်ပြီး ဘွဲ့ပေးရန် အရည်အချင်းပြည့်စုံပြီးဖြစ်ကြောင်း ကြေညာပြီးသူများ
(ခ) ၂၀၁၄ ခုနှစ် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ စတုတ္ထနှစ် စာမေးပွဲအောင်မြင်ပြီး အလုပ်သင်တာဝန် (၁)နှစ် ထမ်းဆောင်ပြီးသူများ
(ဂ) ၂၀၁၅ ခုနှစ် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး)ဒုတိယနှစ် စာမေးပွဲ အောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
(က) **တက်ရောက်ဘွဲ့** - ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) **အဝေးရောက်ဘွဲ့** - ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ၂၉-၂-၂၀၁၆ ရက်မှစတင်ပြီး တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး ကျောင်းသားရေးရာဌာနတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ် (၁½ လက်မ×၂လက်မ)ရောင်စုံဓာတ်ပုံ (၂)ပုံ (အမျိုးသားများသည် မြန်မာဝတ်စုံလည်ကတုံးရှပ်နှင့် တိုက်ပုံအင်္ကျီ သို့မဟုတ် အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ ရင်ဖုံးလက်ရှည်အင်္ကျီဖြစ်ရမည်။)ပူးတွဲလျက် ၂၉-၂-၂၀၁၆ ရက်မှ ၁၁-၃-၂၀၁၆ ရက်ထိ ကျောင်းသားရေးရာဌာနတွင် ပြန်လည်တင်သွင်းကြရမည်။
၅။ ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ (လည်ကတုံးရှပ်နှင့်တိုက်ပုံအင်္ကျီ)/အနောက်တိုင်းဝတ်စုံ/တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ (အင်္ကျီ၊ လုံချည်)/တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများ အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

**စာအမှတ်** ။ တဆတ/စမ (ဘွဲ့နှင်း-၁၀)/၂၀၁၆ (၂၅၄)
**ရက်စွဲ** ။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်

**(တင်ဝင်း)**
**မော်ကွန်းထိန်း**
**တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး**

## စက်မှုဝန်ကြီးဌာန
## အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း
## သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ စက်ရုံ/အလုပ်ရုံ/စီမံကိန်းများအတွက် Container များနှင့် General Cargo များအား သယ်ယူပို့ဆောင်နိုင်ရန်ရှိပါသည်။ထို့ပြင် ယာဉ်အောက်သို့ ပစ္စည်းချခြင်း (Unloading) လုပ်ငန်းများလည်း ရှိပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ပတ်သက်၍ စည်းကမ်းအချက်အလက်များအား ထုတ်လုပ်ရေးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၃၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁ တို့ကို ရုံးချိန်အတွင်း အသေးစိတ်မေးမြန်း၍ ထုတ်ယူနိုင်ပါသည်။
**တင်ဒါပုံစံစတင်ထုတ်ပေးရက်** - ၁-၃-၂၀၁၆ ရက်
**တင်ဒါပိတ်ရက်** - ၈-၃-၂၀၁၆ ရက် ၁၂း၀၀ နာရီ

**ထုတ်လုပ်ရေးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## ငါးကန်ငှားရမ်းရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်(၈/၂၀၁၅-၂၀၁၆)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပန်းတိုင်ကျေးရွာရှိ ငါးကန်များစုစုပေါင်း ၅၀ ဧကကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းလိုပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၁၅-၃-၂၀၁၆ ရက် ၁၀း၀၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၀၁**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၉-၂-၂၀၁၆ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၃-၃-၂၀၁၆ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## CLAIMS DAY NOTICE
## M.V GOLDEN FAN VOY: NO(168)

Consignees of cargo carried by M.V GOLDEN FAN VOY: NO(168) are here by notified that the vessel will arrive on about 29-2-16 and cargo will be discharged into the premises of yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်း နံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်- -၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၉၃ နှင့်ဆက်သွယ်သည့်
## ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၀

ဦးယမ်းမနတ် **နှင့်**
၁။ ဒေါ်အုန်းကျင်
၂။ ဦးသောင်းကျော်(ခ)ဦးကောင်းကျော်
၃။ ဦးနိုင်ကွန်သန်း(ခ)ဦးသန်း
၄။ ဒေါ်တင်တင်မိ
၅။ ဦးဝဏ္ဏစိုး
၆။ ဒေါ်ထိပ်တင်စိုး
၇။ ဦးပညာစိုး

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ရိပ်သာလမ်း၊ အမှတ် ၅နေ ဒေါ်အုန်းကျင်(ယခုနေရပ်လိပ်စာမသိ) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်၊ အုတ်လမ်း၊ အမှတ် ၉၉နေ ဦးသောင်းကျော်(ခ) ဦးကောင်းကျော်(ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်၁၂၃နေ ဦးနိုင်ကွန်သန်း(ခ)ဦးသန်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၉၃/၁၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးယမ်းမနတ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ဤရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁၁ရက် မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဈေးပြိုင်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)၏ သတင်းစာပုံနှိပ်လုပ်ငန်း ဘေးထွက်ပစ္စည်းလေးမျိုးအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ ဈေးပြိုင်လေလံလျှောက်လွှာပုံစံနှင့် လေလံစည်းကမ်းများကို ၂-၃-၂၀၁၆ရက်မှ ၆-၃-၂၀၁၆ ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ ဈေးပြိုင်လေလံလျှောက်လွှာပုံစံများကို ၆-၃-၂၀၁၆ရက် ၁၆း၀၀နာရီမတိုင်မီ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးရှိ လေလံအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော ဈေးပြိုင်လေလံလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ ၇-၃-၂၀၁၆ရက် ၁၃း၀၀နာရီတွင် ဈေးပြိုင်လေလံဖွင့်လှစ်မည်ဖြစ်ပါသည်။
၅။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်ပစ္စည်း မျက်မြင်အခြေအနေ ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၂-၃၂၇၂၉၊ ၀၂-၃၂၅၅၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**
**ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဆိုင်ရာတည်ဆောက်မှုလုပ်ငန်းများအား နိုင်ငံတော်နှင့် ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီတို့ ပူးပေါင်းပါဝင်ဆောင်ရွက်သောစနစ်အခြေခံ၍ အကျိုးတူဆောင်ရွက်သွားလိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၂၄-၂-၂၀၁၆ရက်၊ ၀၉း၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်** - ၂၉-၂-၂၀၁၆ရက်၊ ၁၆း၃၀နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန်** - ၁၁-၃-၂၀၁၆ရက်၊ ၁၆း၃၀နာရီ
၃။ တင်ဒါအဆိုပြုလွှာ ပြန်လည်တင်သွင်းရာတွင် မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာ နှစ်မျိုးလုံးဖြင့် အဆိုပြုတင်သွင်းရမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀၀နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်၌
## ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၈၄

| | | |
|---|---|---|
| ၁။ ဒေါ်ရင်ရွှေ | **နှင့်** | ၁။ ဦးညွန့်မောင် |
| ၂။ ဒေါ်စန်းတင့် | | ၂။ ဦးမြင့်ဌေး |
| ၃။ ဦးစိန်လှိုင် | | ၃။ ဒေါ်ရီ |
| ၄။ ဦးကောက်ရ | | ၄။ ဒေါ်ပိန်သေး |
| ၅။ ဦးတင်ဝင်း | | ၅။ ဒေါ်ငယ် |
| ၆။ ဒေါ်မိုးနိုင် | | ၆။ ဦးလှဝင့် |
| ၇။ မကြင်ကြင်မြ | | ၇။ ဒေါ်အုန်းမြင့် |
| ၈။ မစန်းစန်းအေး | | ၈။ ဦးလှတင့် |
| ၉။ မသန်းသန်းအေး | | ၉။ ဦးလှဆင့် |
| ၁၀။ မသီတာအေး | | ၁၀။ ဦးလှမြင့် |
| ၁၁။ ဒေါ်တင်အေး | | |
| ၁၂။ ဒေါ်တင်ကြည် | | |
| ၁၃။ မယဉ်နွဲ့ | | |
| ၁၄။ မဝင်းဝင်း | | |
| ၁၅။ မကြူကြူ | | |
| ၁၆။ မမာမာဦး | | |
| ၁၇။ မမာမာအေး | | |
| ၁၈။ ဒေါ်မေဒီ | | |
| **တရားလိုများ** | | **တရားပြိုင်များ** |

အမှတ်(၃)တရားပြိုင် ဒေါ်ရီ(ဘ)ဦးဘအေး၊ အကွက် ၄၁၃(က)၊ အပိုင်း(၂)၊ အောင်ချမ်းအေးရပ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရင်ရွှေ ပါ(၁၈)ဦးက ‘‘အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု’’ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ်၁၁ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း၃ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နုနုခင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၀၂၄၉)၊ ဧရိယာ၀ဒသမ၁၁၀ဧက ဒေါ်ခင်နုရည်အောင် အမည်ပေါက်နှစ်(၃၀)အငှားဂရန်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၃/၂၀၁၀ ဖြင့် ဒေါ်ခင်နုရည်အောင်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မိမိကြီး ၁၂/တမန(နိုင်)၀၄၇၈၄၇မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လက်ထပ်ပြီးစီးခြင်းနှင့် မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊
စက်မှုဇုန်(၃)လမ်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၁၀၃)နေ
(ဗိုလ်မှူး ဇော်မင်း)+ ဒေါ်ခင်ပြုံးကြည် (အလပြ-ငြိမ်း)တို့၏ သားကြီး

**ဒေါက်တာ စစ်မင်းနိုင် (M.B.B.S Ygn.)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ ပဒုမ္မာအိမ်ရာ၊ တိုက်(၂၀/က/၃)နေ
ဒုတိယဗိုလ်မှူးကြီး တင့်ဆွေ(ငြိမ်း) စက်ရုံမှူး ( SIGMA Cable Factory)+
ဒေါ်လှလှမွန် (အလပြ-ငြိမ်း) တို့၏ သမီးကြီး

**မချောစုဟန် (3rd Year History)**

တို့သည် (၂၅-၂-၂၀၁၆)ရက်တွင် လယ်တီကျောင်းတိုက်(သင်္ဃန်းကျွန်းမြို့နယ်)၌ နှစ်ဖက်သော မိဘဆွေမျိုး အသိသက်သေများရှေ့မှောက်တွင် တရားဝင်လက်မှတ်ရေးထိုး ထိမ်းမြားမင်္ဂလာ ဆောင်နှင်းပြီးပါကြောင်းနှင့် (၂၇-၂-၂၀၁၆)ရက်နေ့ Gandamar Grand Ballroom (Gandamar Wholesale) Yangon တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့် ဒေါက်တာစစ်မင်းနိုင်+ မချောစုဟန်**

## မွေးနေ့ဆုတောင်း

ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်) ၏ ဦးဆောင် နာယကကြီး သုခမ္မမဏိဇောတရေ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း) ၏ ၂၈-၂-၂၀၁၆ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သာသနာ့အကျိုး မွေးရပ်ဇာတိမြေအကျိုးတို့ကို ချစ်ဇနီးဒေါ်အေးမွန်ရှိန်နှင့်အတူ ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးဆောင်ရွက် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်)**

## ငွေရတုမင်္ဂလာဆုတောင်း

ချစ်ခင်လေးစားမြတ်နိုးရပါသော ချစ်သောဖေဖေ ဦးမိုးသော်ဦး (Managing Director, Top Royal Star Co.,Ltd.) နှင့် ချစ်သော မေမေ ဒေါ်အေးအေးရီ (Director, Top Royal Star Co.,Ltd.)တို့၏ ၂၈-၂-၂၀၁၆ ရက်တွင် ကျရောက်သော ငွေရတု မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်သောမိသားစုနှင့်အတူ သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများစွာဖြင့် ဘဝခရီးလမ်းတစ်လျှောက် အသက်ထက်ဆုံး ပျော်ရွှင်ကြည်နူးစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်သမီးကြီး** - **မခိုင်သော်ဇင် (အလုပ်သင်ဆရာဝန်) ဆေး(၁)**
**ချစ်သမီးငယ်** - **မခိုင်မွန်ဇင် (3rd M.B.,B.S) ဆေး (၁)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7E-8223 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့်– ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ– မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ၀၇၀–၁၂–၁၀၀–၇၃–၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။ (ဖုန်း–၀၉ ၂၁ ၁၀ ၃၀၅ ၊ ၀၉ ၇၈၇ ၆၆၆၆ ၇၀၊ ၀၉ ၇၈ ၇၈ ၇၇ ၉၆၉၊ ၀၉ ၂၆ ၃၂ ၄၄၄ ၆၆ )

## ပဋ္ဌာန်းပစ္စယနိဒ္ဒေသ သင်တန်းဖွင့်လှစ်ပို့ချမည်

ကျေးဇူးတော်ရှင် မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ)ထေရ်ရှင်မြတ်၏ ဩဝါဒကိုခံယူလျက် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ ကျောင်းတိုက်ကြီး အတွင်း၌ ဓမ္မမိတ်ဆွေသူတော်စင်များအတွက် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ သင်တန်းကို အောက်ပါအချိန်အတိုင်း ဓမ္မဒါနပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုပူဇော်နိုင်ပါသည်။

**သင်တန်းဖွင့်မည့်နေ့** - ၂၀၁၆ ခုနှစ်၊ မတ် ၅-၆/၁၂-၁၃/၁၉-၂၀/၂၆-၂၇ ရက်အထိ
**သင်တန်းဖွင့်မည့်အချိန်** - မွန်းလွဲ ၁နာရီမှညနေ ၃ နာရီအထိ
**သင်တန်းနေရာ** - ကိုးထပ်ကျောင်းဆောင်၊ တတိယထပ်စာသင်ခန်းမ

**အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့**
**မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာ ယဉ်ကျေးလိမ္မာ ကလေးကမ္ဘာ(၈)ရက်တရားစခန်းပွဲ (၅-၃-၂၀၁၆)မှ (၁၂-၃-၂၀၁၆)အထိ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁) ကျောင်းတိုက်၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်တွင် ယဉ်ကျေးလိမ္မာကလေးကမ္ဘာ (၈)ရက် အထူးတရားစခန်းပွဲကို ၅-၃-၂၀၁၆ရက်မှ ၁၂-၃-၂၀၁၆ရက်အထိ ဓမ္မကထိကဗဟုဇနဟိတရေ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပြည်တွင်းပြည်ပသာသနာပြု ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ(ပဋ္ဌိကတစ်ပုံအောင်)နှင့် ဒေါက်တာ ကိတ္တိသာရ၊ ဒေါက်တာအာသဘ၊ စာရေးဆရာကြီး (စည်သူ)လယ်တွင်းသား ဦးစောချစ်တို့မှ အသက်(၁၁)နှစ်မှ (၁၄)နှစ်၊ အလယ်တန်းအဆင့် (၅/၆/၇)တန်းဖြေဆိုပြီး ကလေးသူငယ်(ကျား/မ)(၂၀၀) ဦးတို့အား လက်ခံကျင်းပပြုလုပ်ပေးမည် ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်လိုသူများသည် ၂၈-၂-၂၀၁၆ရက်နှင့် ၂၉-၂-၂၀၁၆ နံနက် ၈း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ကလေးကိုယ်တိုင်လာရောက်စာရင်းပေးသွင်းရပါမည်။ အရုဏ်ဆွမ်း(၁၅၀၀၀၀ိ/-)၊ နေ့ဆွမ်း(၂၅၀၀၀၀ိ/-)၊ အချိုပွဲ (၁၀၀၀၀၀ိ/-)၊ ညနေအာဟာရ(၁၀၀၀၀၀ိ/-)တို့ကို ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ပါသည်။

**ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့ ဖုန်း–၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၀၉၄၃၃၊ ၀၉-၂၅၀၀၂၁၄၃**

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တော ကျောင်းတိုက်၊ ဓမ္မာရုံ ကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/ စာသင် သံဃာတော် အရှင် သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင် လှူဒါန်း နိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁သိန်း |
| ၃။ | အခန်းတံခါး | ၂သိန်း |
| ၄။ | ရေချိုးခန်း | ၃သိန်း |
| ၅။ | ကုဋီတစ်ခန်း | ၅သိန်း |
| ၆။ | အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၇။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉သိန်း |
| ၈။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀သိန်း |
| ၉။ | ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၁။ | မုခ်ဦး | ၃၀သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀သိန်း |
| ၁၆။ | ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၇။ | စာချဆရာတော်များနေတစ်ခန်း | ၂၅သိန်း |
| ၁၈။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၉။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅သိန်း |

အလှူရှင်များကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရ်စည်လမ်းမတော်
(Account No. 061-301-06100921001)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9)ဘဏ်စာရင်းသို့နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## အမည်မှန်

ဦးအုံးစိန်-ဒေါ်လှဝင်းတို့၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဟိုင်းကူး ကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ အထက(ခွဲ)၊ အဌမတန်းတွင် ပညာသင်ကြားခဲ့သော မသန္တာဝင်း၏ အမည်မှန်မှာ မသန္တာဌေးဖြစ်ပါသည်။

## ဖခင်အမည်မှန်

အထက(စလေ)၊ နဝမတန်း (ခ)မှ မချိုချိုနိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မော် ၈/ခမန(နိုင်)၀၃၈၇၄၆ ဖြစ်ပါကြောင်း။

**ဦးအောင်မော်**

## အမည်မှန်

ဦးရဲမင်းထွဋ်၏သမီး ပေါင်းတည်မြို့နယ် (၁၇) လမ်း မင်းကွက် အထက(ခွဲ)ဆဌမတန်း(A)မှ အမည်မှန်မှာ မအိရွှေစင်ဦး ဖြစ်ပါကြောင်း။

**မအိရွှေစင်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/5822, Daihatsu Hijet S200p,Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းသူ ၁၂/ဒလန(နိုင်)၀၆၈၈၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆၃၊ မြေကွက်အမှတ် ၇၇/က၊ ၀ ဒသမ ၇၇ ဧက၊ မြေကွက်တည်နေရာအမှတ် ၇၇/က၊ နတ်ရေတွင်းအရှေ့၊ ပြည်လမ်း၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊(တံစိုချူ)အမည်ပေါက် (က) မြေ ၃(က)ရပြီး မြေအား မင်္ဂလာဒုံမြို့နယ်၊ တရားရုံး၏ တရားမကြီးမှုအမှတ်-၁၀/၁၆ ၏ အမိန့် (တရားလို ဦးအေး(ခ)ဦးမောင်အေး(ခ) ဦးကောက် စိန်အား တရားပြိုင်များ ၁။ ဒေါ်နယ်လီ၊ ၂။ ဒေါ်ခင်အုန်းသန်း၊ ၃။ ဒေါ်တင့်တင့်ခိုင်၊ ၄။ ဦးတင်ထွဋ်၊ ၅။ ဦးလင်းနိုင်၊ ၆။ ဦးလှိုင်မျိုး၊ ၇။ ဒေါ်ခင်နှင်းလှိုင်နှင့် ၈။ ဦးလှိုင်ထွေးတို့အပေါ် မြေကွက်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု)၊ ၂၀၁၆/တရားမဓာရီမှုအမှတ် ၁၀ ၏ နေ့စဉ်မှတ်တမ်းတို့တင်ပြပြီး တရားရုံးများ ဖြစ်သော ဒေါ်နယ်လီ ပါ-၈ ဦးကိုယ်စားတရားရုံးဘီလစ် ဒေါ်နုနုလှိုင် ၁၂/ဥကမ(နိုင်) ၀၀၄၉၃၄ မှ မင်္ဂလာဒုံမြို့နယ်၊ တရားမကြီးမှုအမှတ် ၁၀/၂၀၁၆၊ တရားမဓာရီမှုအမှတ် ၁၀/၂၀၁၆၊ ဘီလစ်ခန့်စာတင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃ကံဘဲ့၊ မြေကွက်အမှတ် ၉/ည၊ မြေကွက်တည်နေရာအမှတ် (၄၁၃/က)၊ ဓမ္မစေတီလမ်း၊ ၈ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်သိန်းချစ်) အမည်ပေါက် L နှစ် ၃၀ ဂရန် (သက်ကုန်) မြေအား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်နုနုကြည်မှ (တရားလို) ပြုလုပ်၍ မရမ်းကုန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁/၂၀၁၅ ဖြင့် အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးရန်အတွက် ဒေါ်သိန်းချစ်အား (တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားရုံး ကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ (ဘီလစ်)၁၁/ကတန(နိုင်)၀၀၀၆၇၄မှ တရားရုံး ဒီကရီစီရင်ချက်၊ ဂရန်၊တရားရုံးမှ တာဝန်ပေးအပ်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**







## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၅၈၈၀၉ Yamaha M/O AL 113C,M/Cယာဉ်လက်ဝယ် ရှိသူ ဒေါ်နန်းအွမ်ခမ်းလောင် ၁၃/လရန(နိုင်) ၁၄၃၉၀၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၁၅၇၈၈ Jialing 90,M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်သော်တာတင် ၉/မရတ(နိုင်)၁၀၉၈၅၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောင်ရွက်ခဲ့သော တိုက်ရှိ တိုက်ခန်းကို နေရာချထားခြင်းခံရသူ ထံမှတစ်ဆင့် ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးလှမြင့် ၁၂/အလန(နိုင်)၀၃၀၉၄၄(ကစ)<br>ဗိုလ်ကြီးမင်းနိုင် ကြည်း-၃၀၂၈၈(မှ) | ဒေါ်ခင်မာချို(ခ)ဘီလ်ကီးစ် ၁၂/ပဇတ(နိုင်)၀၃၂၇၄၂ | တိုက်အမှတ်(၁၉)၊ အခန်းအမှတ်(ဒီ) လေးလွှာ၊ ၅၅လမ်း၊ ပုဇွန်တောင်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူထားသူက အမည်ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | မြန်မာမြေအင်တာနေရှင်နယ် လီမိတက် (ကိုယ်စား)<br>ဦးစိုင်းစံဦး(PLG-၀၁၇၅၂၅)(မှ)<br>ဦးထွန်းရွှေ(ခ)ဦးတီတီလေး G/RGN-၀၀၇၂၇၂(မှ)<br>ဦးတင်ထွတ် YDN-၀၀၉၇၄၉ | ဦးနေမင်းဦး ၁၂/မဘန(နိုင်)၀၀၁၉၇၃<br>ဦးဇော်လင်းဖြိုး ၁၂/လမတ(နိုင်)၀၀၂၀၀၃ | တိုက်အမှတ် (ဘီ)၊ အခန်းအမှတ်(၁၀-၁)၊ အနော်ရထာအိမ်ရာ၊ ကမာရွတ်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/4462 Mazda Famila VHNY 11, S/W(4x4)®ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်လှိုင် ၁၂/ကမရ(နိုင်)၀၀၃၅၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း၂၊ မြေကွက်/ဦးပိုင်အမှတ်(၅၅၂[B])၊ ဧရိယာ၀ဒသမ ၀၅၅ဧကရှိ ဦးဝင်းဇော် အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးကြည်ခိုင်ဇော် (အထူးကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၁၃၄၅၉၉ (ဘ) ဦးမင်းသိန်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/ရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁/၁၁)တွင် နေထိုင်သူ ဦးခင်မောင်(ဘ)ဦးကံညွန့် ၉/ကဆန(နိုင်)၀၂၅၈၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ အထက်ပါ (ဈ)ရပ်ကွက် (လလ-၁/၁၁)၊ ဧရိယာအကျယ်ပေ (၄၀×၆၀)မြေကွက်၏ မူရင်းပိုင်ရှင်ဖြစ်သူ ဗိုလ်ကြီးသိန်းထွန်းဦး (ကြည်း/၁၉၂၀၀) ထံမှ ၁၉-၁၀-၁၉၉၈ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်က ဝယ်ယူနေထိုင်ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေထံ၌ရှိသော မြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများ ပျောက်ဆုံးနေပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်သည့် လမ်းဖိုးငွေသွင်းပြေစာ၊ မြေဖိုးငွေသွင်းပြေစာ၊ အကြောင်းကြားစာတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ပြန်လည်လျှောက်ထားပြီး ဂရန်သစ်လျှောက်ထားသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးခင်မောင်(ဘ)ဦးကံညွန့် ၉/ကဆန(နိုင်)၀၂၅၈၈၈ ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနှင်းထွေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၅၉)**
**အိမ်အမှတ်-(B-29) (ဗ-၅)ရပ်ကွက်၊ ၅၉ လမ်းနှင့် သော်ကလမ်း၊ ကံသာယာ မြို့သစ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၉၂၅၀၈ KENBO-125, M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်နန်းစိုးစိုးအေး ၅/ခဥတ(နိုင်)၀၅၆၉၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၈၆၄၉၁ ဟွန်ဒါ ဝေ့(ဖ်) 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မောင် ၁၀/သဖရ(နိုင်)၀၃၉၃၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၉၉၉၄၈ Yinxiang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်အောင် ၉/အမရ(နိုင်)၁၁၆၅၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၉၉၁၁ Zong Shen 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၇/ဝမန(နိုင်)၀၀၂၃၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးခင်မော် ၁၂/သဃက(နိုင်) ၁၁၉၀၉၄နှင့် ဒေါ်သန်းဝင်း ၁၂/သဃက(နိုင်)၀၇၅၅၈၆ တို့၏ သားဖြစ်သူ မောင်နေလင်းအောင် ၁၂/သဃက(နိုင်)၀၃၅၅၈၁သည် မိဘတို့၏ ဆိုဆုံးမစကားများအား နားမထောင်သည့်အပြင် မိဘနှစ်ပါးနှင့် ဆွေမျိုးများ စိတ်ဆင်းရဲအောင် ပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်အပြီးအပိုင် စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် ၎င်း၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဖခင်-ဦးခင်မော်၊ မိခင်-ဒေါ်သန်းဝင်း**

# နိုင်ငံ၏အဓိကဝင်ငွေရရှိနေသည့် ကမ်းနီး၊ ကမ်းဝေး ရေနံနှင့်သဘာဝဓာတ်ငွေ့များ၊ ငါးနှင့် ရေထွက်ပစ္စည်းများကို ကာကွယ်နိုင်ရန်အတွက် တပ်မတော်(ရေ)အနေဖြင့် စွမ်းအားအပြည့်အဝရှိရန်လိုအပ်

သတင်း၊ စာ-၅

# လျှပ်စစ်ကဏ္ဍမှာ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိတဲ့အနက် ကျေးရွာပေါင်း ၁၅၀၀၀ လောက် ဒီငါးနှစ်အတွင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် တွေ့ဆုံမေးမြန်းခြင်း**

လျှပ်စစ်ဓာတ်အားကို အရင်းအမြစ်မျိုးစုံအသုံးပြုပြီး ထုတ်လုပ်နေမှု၊ သံလွင်မြစ်ပေါ်၌ ဆောင်ရွက်မည့်စီမံကိန်းများ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည် -

**မေး။ ။ ဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ဖို့အတွက် ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ ပထမဆုံး ရှင်းလင်းပြောကြားပေးစေလိုပါတယ် ခင်ဗျာ။**

ဖြေ။ ။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လျှပ်စစ်ဓာတ်အား ဘယ်လောက်သုံးနိုင်သလဲ၊ လူတိုင်း လျှပ်စစ်ဘယ်လောက်သုံးနိုင်သလဲဆိုတဲ့အပေါ်မှာ အခြေခံပြီး ကမ္ဘာပေါ်မှာ အများစုသတ်မှတ်ထားတာရှိပါတယ်။

မြန်မာနိုင်ငံမှာဆိုရင် လူတစ်ယောက် လျှပ်စစ်သုံးစွဲမှုဟာ ၂၂၂ ကီလိုဝပ်ပဲရှိပါတယ်။ အမေရိကန်မှာ

စာမျက်နှာ ၁၁ ကော်လံ ၁ ❖

**အထက်ကျိုင်းတောင်းစီမံကိန်းမှာလုပ်နေတဲ့ ကုမ္ပဏီခြောက်ခုကို Limited ခေါ်တာဖြစ်ပြီး တစ်ခုတည်း လက်သိပ်ထိုးတာမရှိပါဘူး။ အဲဒီခြောက်ခုကလည်း လုပ်ငန်းကျွမ်းကျင်မှုရှိပါတယ်။ ရေအားလျှပ်စစ်တည်ဆောက်မှုအတွေ့အကြုံက ထူးခြားတဲ့အတွေ့အကြုံရှိတဲ့ ကုမ္ပဏီနှစ်ခုကိုရွေးပြီး တာဝန်ပေးခဲ့တာဖြစ်**

## တနင်္ဂနွေ ဖတ်စရာ

ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်
**ကိုလိုနီခေတ်အုပ်ချုပ်ရေးယန္တရားတို့ မောင်းနှင်ခဲ့ရာ အတွင်းဝန်ရုံးကြီး** စာ-၁၅

ခရီးသွားဆောင်းပါး
**ရှမ်းတောင်တန်းများနှင့် တောင်ကြီးမြို့ဆီသို့** စာ-၁၆

ရှေးဟောင်းသုတေသန
**မဟာစေတီ** စာ-၂၀

# ထိပ်ဆုံးမှ ရတနာပုံအသင်း အဝေးကွင်း၌ နိုင်ပွဲရယူ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

**တောင်ကြီး ဖေဖော်ဝါရီ ၂၇**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ဆက်လက်ကျင်းပရာ ရတနာပုံ၊ ဟံသာဝတီနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရတနာပုံအသင်းသည် လူငယ်ကစားသမား ဝင်းနိုင်စိုး၏ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ဦးစိုးမြတ်မင်း လက်ထက်တွင် ရှမ်းယူနိုက်တက်အသင်း ကစားပုံတိုးတက်လာသော်လည်း ရလဒ်ကောင်းရယူနိုင်ခြင်းမရှိသေးဘဲ အိမ်ကွင်း ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၅ ❍



ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။



အထက်မြန်မာနိုင်ငံကိုယ်စားပြု စက်သုံးဆီတင်/ချ ဆိပ်ကမ်းသစ်ကြီး တည်ဆောက်မည့်နေရာ ဧရိယာကို တွေ့ရစဉ်။

# အထက်မြန်မာနိုင်ငံကိုယ်စားပြု စက်သုံးဆီ တင်/ချ ဆိပ်ကမ်းသစ်ကြီး မန္တလေးတိုင်းဒေသကြီး၌ တည်ဆောက်မည်

မင်းထက်အောင်(မန်းကိုယ်ပွား)

**မန္တလေး ဖေဖော်ဝါရီ ၂၇**

အထက်မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာအဆင့်မီ စက်သုံးဆီတင်/ချဆိပ်ကမ်းကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်နှင့် ဘုန်းတော်နိုင်ငံ ကျေးရွာအုပ်စု အိုးတုတ္တတန်းလမ်း အနောက်ဘက် ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ဆုံအနီး၌ မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး အများပိုင်ကုမ္ပဏီလီမိတက်က တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်း ဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း၌ တည်ရှိ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆက်သွယ်ရန် ဗဟိုပြုရာ ဒေသကြီးဖြစ်သည်နှင့်အညီ ကုန်သွယ်မှုကဏ္ဍအပါအဝင် စက်သုံးဆီ ဝယ်ယူဖြန့်ဖြူးမှု အလွန်များပြားလာခြင်းကြောင့် လက်ရှိသယ်ယူပို့ဆောင်နေသည့် မန္တလေးဆိပ်ကမ်းနေရာတွင် မီးဘေးအန္တရာယ်စိုးရိမ်ရ၍ အန္တရာယ်ကင်းစွာ သယ်ယူဖြန့်ဖြူးပေးရန် ရည်ရွယ်ချက်ဖြင့် ယင်းစီမံကိန်းကို ခွင့်ပြုပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပသည့် စက်သုံးဆီ တင်/ချ ဆိပ်ခံတံတားနှင့် ဆီသိုလှောင်ကန်များ၊ ရုံးအဆောက်အအုံများ ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ပြောကြားသည်။

"အခု ရွေးချယ်ထားတဲ့နေရာက မြေသားခိုင်မာပြီး လမ်းပန်းဆက်သွယ်မှု လွယ်ကူတဲ့အပြင်

စာမျက်နှာ ၆ ကော်လံ ၄ ✻




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS